# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ ကဆုန်လကွယ်နေ့ ၂၀၁၅ ခုနှစ်၊ မေ ၁၇ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ [၅၄]၊ အမှတ် [၂၂၄]


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နော်ဝေနိုင်ငံအမျိုးသားနေ့ သဝဏ်လွှာများပေးပို့

**နေပြည်တော် မေ ၁၇**

၂၀၁၅ ခုနှစ် မေ ၁၇ ရက်တွင် ကျရောက်သည့် နော်ဝေနိုင်ငံ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ နော်ဝေနိုင်ငံ ပဉ္စမမြောက် ဟာရယ်လ် ဘုရင်မင်းမြတ်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

*စာမျက်နှာ ၉ ကော်လံ ၆* ✽

## (၆၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒချီးကျူးပူဇော်ပွဲအခမ်းအနား ကျင်းပ

စာမျက်နှာ-၃

# နိုင်ငံတကာတက္ကသိုလ်များနှင့် ချိတ်ဆက်မှုများကို အနာဂတ်အမြင်များဖြင့် ရှုမြင်ဆောင်ရွက်



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)၌ စက်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

**ရန်ကုန် မေ ၁၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သယ်န်းကျွန်းမြို့နယ် သံသုမာလမ်းရှိ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယသမ္မတအား သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာရွှေတိုးက သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်)၏ သမိုင်းအကျဉ်း၊ သင်တန်းအမည်နှင့် ဘွဲ့များ၊ ဘွဲ့ကြိုနှင့် ဘွဲ့လွန်သင်တန်းသားစာရင်း၊ သင်ကြားရေးဆရာ/ဆရာမများနှင့် ဝန်ထမ်းအင်အား၊ ခုတင် ၅၀ ဆံ့ ဆေးရုံ၌ အသေးစားခွဲစိတ်ကုသပေးမှု၊ လာရောက်ကုသမှုခံယူကြသည့် လူနာများအခြေအနေနှင့် နယ်လှည့်ဆေးကုသမှုအခြေအနေ၊ နိုင်ငံတကာရှိ တက္ကသိုလ်ကြီးများနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်မှုအခြေအနေ၊ တက္ကသိုလ်၏ လိုအပ်ချက်များနှင့် အနာဂတ်တွင် ဆောင်ရွက်သွားမည့် စီမံကိန်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ပါမောက္ခချုပ်၊ ဆရာ/ဆရာမများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကား ပြောကြားရာတွင် သွားဘက်ဆိုင်ရာ

*စာမျက်နှာ ၉ ကော်လံ ၁* ❐

## မုတ်သုံမိုးနှင့်အတူ . . .

ခင်ရတနာ-ရေးသည်

**ရန်ကုန် မေ ၁၆**

အပူချိန် ၄၃ ဒီဂရီစင်တီဂရိတ်အောက်မှာ ပခုက္ကူမြို့မစျေးသူစျေးသားတွေနဲ့ ဒေသခံတွေ လွန်ဆွဲနေကြပါတယ်။ အဲဒီအချိန်မှာ ဆုတောင်းပြည့်တယ်ဆိုရမလား၊ တိုက်ဆိုင်တယ်လို့ဆိုရမလား၊ မိုးသက်လေက ခပ်ပြင်းပြင်းတိုက်ခတ်ပြီး အများမျှော်လင့်နေကြတဲ့ မိုးစက်တွေကို သယ်ဆောင်လာတဲ့အခါ အားလုံးပျော်ရွှင်သွားကြပါတော့တယ်။

ပခုက္ကူလိုပဲ မြန်မာနိုင်ငံအနှံ့အပြားမှာ အနောက်တောင်မုတ်သုံလေ စတင်ဝင်ရောက်မှုကို ယနေ့ စတင်တွေ့မြင်လာရပြီး တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အပူချိန်များလည်း ကျဆင်းသွားတာကို သိရပါတယ်။

"မုတ်သုံက ဝင်ရောက်လာခဲ့ပါပြီ။ တောင်ပိုင်းဒေသတွေမှာတော့ အပူချိန်တွေ သိသိသာသာလျော့ကျသွားပါပြီ။ အလယ်ပိုင်းနဲ့အထက်ပိုင်းတွေကတော့ ၂၅ ရက်နောက်ဆုံးထားပြီး မုတ်သုံဝင်မယ်လို့ ခန့်မှန်းရပါတယ်။ သို့သော် မုတ်သုံ မဝင်ခင်ရက်ပိုင်းတွေဟာ

*စာမျက်နှာ ၁၀ ကော်လံ ၁* ✻




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# အသည်းရောင်အသားဝါ ကာကွယ်ရေး အလေးထားဆောင်ရွက်ကြပါစို့

အသည်းရောင်အသားဝါရောဂါဟုခေါ်ဆိုသော စီပိုးသည် လေထဲမှတစ်ဆင့် ကူးစက်တတ်သည့်ရောဂါတစ်မျိုး ဖြစ်ပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ ကမ္ဘာပေါ်တွင် စီပိုးကူးစက်ခံရသူပေါင်း သန်း ၁၅၀ ခန့်ရှိပါသည်။ အမှန်စင်စစ် ဤရောဂါသည် အသည်းကင်ဆာဖြစ်ပွားရခြင်း၏ အဓိက ဇာစ်မြစ်ဟုဆိုနိုင်ပါသည်။ စီပိုးသည် ဘီပိုးကဲ့သို့ နာတာရှည် အဆင့်ကို ရောက်ရှိပြီး နှစ်ကြာလာသောအခါ အသည်းခြောက် အသည်းကင်ဆာဖြစ်ပွားတတ်သည်ဟု ပညာရှင်တို့က ဆိုပါသည်။

မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှလေးနိုင်ငံတွင် အသည်းရောင်အသားဝါ စီပိုးကူးစက်ခံရသူ ကိုးသန်းခန့်ရှိပြီး နှစ်စဉ်ဤရောဂါကြောင့် လူပေါင်းငါးသိန်းခန့် သေဆုံးလျက်ရှိကြောင်းသိရသည်။ အသည်းရောင်အသားဝါစီပိုးရောဂါသည် ကာကွယ်ကုသနိုင်သောရောဂါဖြစ်ပါသည်။ သို့ရာတွင် ကုသစရိတ်လွန်စွာကြီးမားပြီး သာမန်ပြည်သူများအတွက် ကုသရန် ငွေကြေးအခက်အခဲများရှိခြင်းကြောင့် အသက်ဆုံးရှုံးနေကြရပါသည်။

ပြည်သူများအကြား စီပိုးရောဂါနှင့် ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် သိရှိထားကြရန်နှင့် ကာကွယ်ကုသနိုင်ရန် အသိပေးသည့်အနေဖြင့် အသည်းရောင်အသားဝါစီပိုးရောဂါကို စတင်တွေ့ရှိခဲ့သော ဒေါက်တာ ကလန်ဘတ်၏မွေးဖွားသည့်နေ့ ဇူလိုင် ၂၈ ရက်နေ့ကို ကမ္ဘာ့အသည်းရောင်အသားဝါရောဂါ ကာကွယ်ရေးနေ့အဖြစ် သတ်မှတ်ထားကြောင်း သိရသည်။ မည်သို့ပင်ဖြစ်စေ အသက်အန္တရာယ်ကို ခြိမ်းခြောက်လာနိုင်သည့် စီပိုးကာကွယ်ရေးကို လူတိုင်းအသိရှိရှိ နိုးကြားတက်ကြွစွာ ကာကွယ်နိုင်ရန် လိုအပ်လာပြီဖြစ်သည်။

ယခုအခါ အသည်းရောင်အသားဝါရောဂါစီပိုးဖြစ်ပွားမှုနှင့်ပတ်သက်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ၂၀၁၅ ခုနှစ်တွင် ကုသရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဌာန၊ ဆေးသုတေသန ဦးစီးဌာန၊ အသည်းဖောင်ဒေးရှင်း အစရှိသဖြင့် ပြည်တွင်းပြည်ပအဖွဲ့အစည်းများ ပူးပေါင်းကာ စစ်တမ်းကောက်ယူ၍ရရှိသောကိန်းဂဏန်းအချက်အလက်များအပေါ်မူတည်လျက် ကုသရေးအစီအမံများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြားသိရပါသည်။

စီပိုးကုသစရိတ်သည် မြင့်မားနေသည့်အတွက် ပြည်သူအများစုမှာ ကုသရန်ထက် ရောဂါပိုး ရှိ၊ မရှိ စစ်ဆေးရန်ကိုပင် အခက်အခဲများနှင့် ကြုံတွေ့နေကြရပါသည်။ စီပိုးရောဂါကူးစက်ခံရသူ ၉၀ ရာခိုင်နှုန်းသည် မည်သည့်ရောဂါလက္ခဏာမျှမပြခြင်းကြောင့်လည်း ရောဂါကိုကာကွယ်ကုသရန် အလေးထားမှုနည်းပါးလျက်ရှိပါသည်။ ယခုကဲ့သို့ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စစ်တမ်းကောက်ယူပြီး ကုသပေးနိုင်မည်ဆိုပါက စီပိုးကာကွယ်ရေးအတွက် များစွာထိရောက်မှုရှိလိမ့်မည်ဟု ယူဆမိပါသည်။ သို့ပါသောကြောင့် အမျိုးသားကျန်းမာရေးကို ထိခိုက်စေနိုင်သော အသည်းရောင်အသားဝါစီပိုး ကာကွယ်ရေးလုပ်ငန်းစဉ် လျင်မြန်ထိရောက်စွာ ဆောင်ရွက်နိုင်ရေး အားလုံးပူးပေါင်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

# ဝင်းစိန်တောရဆရာတော်ကြီးအား ဗုဒ္ဓသာသနာတော်ဆိုင်ရာ ဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့ ဆက်ကပ်ပူဇော်ပွဲကျင်းပ

မုဒုံ မေ ၁၆

**မုဒုံမြို့နယ် ကျောက်တစ်လုံးကျေးရွာအုပ်စု ဝင်းစိန်တောင်တွင် သီတင်းသုံးကာ ဗုဒ္ဓသာသနာတော်ပြန့်ပွားရေး ဆောင်ရွက်ခဲ့သော ဝင်းစိန်တောရဆရာတော် ဘဒ္ဒန္တကေသရအား ထိုင်းနိုင်ငံ မဟာချူလာလောင် ကွန်ရာဇဝိဒယလျ တက္ကသိုလ်မှ ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့ဆက်ကပ်ပူဇော်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ဝင်းစိန်တောရ ကျောင်းဝင်းအတွင်းရှိ ဘုမ္မိရာဇာ ဓမ္မာရုံတော်ကြီး၌ ကျင်းပသည်။** (အောက်ပုံ)




အခမ်းအနားတွင် ထိုင်းနိုင်ငံ မဟာချူလာလောင်ကွန် ရာဇဝိဒယလျတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဆရာတော်အရှင်သောဘဏာဝဇိရာဘဏ်က ဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့ ဆက်ကပ်ရခြင်းအကြောင်း လျှောက်ထားပြောကြားခဲ့ပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာ အဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနနုဂ္ဂဟအသင်း ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ဆရာတော်ကြီး၏ ဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့ ရရှိခဲ့ရခြင်း အကြောင်းအရင်းများနှင့် ဆရာတော်ကြီး ဘဝနတ်ထံ ပျံလွန်တော်မူပြီးနောက်ပိုင်း ဆရာတော်ကြီး ဆောင်ရွက်လျက်ရှိသည့် သာသနာပြုလုပ်ငန်းများကို ပြီးစီးအောင်မြင်အောင် ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရေး ကိစ္စများအား တင်ပြလျှောက်ထားခဲ့သည်။

ဝင်းစိန်တောရဆရာတော်ကြီးမှာ ဧပြီ ၂၆ ရက် မွန်းလွဲ ၁နာရီခွဲက ခန္ဓာဝန်ချ သွားခဲ့ပြီဖြစ်ရာ ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့ အပ်နှင်းခြင်းအခမ်းအနားကို မေ ၁၀ ရက်က ထိုင်းနိုင်ငံ၌ ကျင်းပခဲ့ပြီး မေ (ယနေ့)မေ ၁၆ ရက်တွင် မြန်မာနိုင်ငံရှိ ဆရာတော်ကြီး၏ ရုပ်ကလာပ်ရှိရာသို့ လာရောက်ဆက်ကပ်အပ်နှံခြင်းဖြစ်သည်။

ထိုင်းနိုင်ငံ မဟာချူလာလောင်ကွန် ရာဇဝိဒယလျတက္ကသိုလ်မှ ဗုဒ္ဓသာသနာတော်ဆိုင်ရာ ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့အပ်နှင်းခြင်းခံရသူများမှာ မြန်မာနိုင်ငံမှ ဗန်းမော်ဆရာတော်ကြီးနှင့် ဝင်းစိန်တောရဆရာတော်ကြီးတို့ နှစ်ပါးသာရရှိခဲ့ကြောင်း သိရှိရသည်။

အခမ်းအနားသို့ ထိုင်းနိုင်ငံမှ ဆရာတော်ကြီး ကိုးပါးနှင့် မွန်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အနယ်နယ်အရပ်ရပ်မှတပည့် ဒါယကာ ဒါယိကာမများ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

**မောင်မေတ္တာ**
**ကိုယ်ပွား(မော်လမြိုင်)**

## စာတတ်မြောက်ရေးဂုဏ်ပြု

**သဲကုန်း မေ ၁၆**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ် အထက(သာစု)ခန်းမ၌ မေ ၁၅ ရက် နံနက် ၉ နာရီခွဲက ၂၀၁၅ ခုနှစ် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှု ပိတ်ပွဲနှင့် ဂုဏ်ပြုပွဲ အခမ်းအနားကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ပြည်ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မောင်ဝင်းက အမှာစကားပြောကြားသည်။

ထို့နောက် ဂုဏ်ပြုမှတ်တမ်းလွှာနှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ရာ သင်တန်းသားများက လက်ခံယူခဲ့သည်။ တောင်ငူတက္ကသိုလ်မှ နည်းပြဆရာများက စာမတတ်သူ ၁၁၅ ဦးကို စာသင်ဝိုင်း ၁၆ ဝိုင်းဖြင့် သင်ကြားပေးခဲ့ ရာ ၇၂ ရာခိုင်နှုန်းအထိ စာတတ်မြောက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**




# ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၆-၅-၂၀၁၅

### ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၁၁၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၆၉၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၁၂၃၀၀ |

### စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၅ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၈၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၆၄၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၉၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၁၀ |

### သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၀၀၀-၄၈၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၃၇၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၄၅၀၀-၆၈၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၄၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၇၀၀၀-၃၃၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၅၀၀-၁၄၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၄၅၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၀၀၀-၈၅၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၁၂၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၄၂၀၀-၉၅၀၀ |

### နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၀၈-၁၁၁၁ |
| ဥရောပ | တစ်ယူရို | ၁၂၆၀-၁၂၆၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၃၃-၈၄၅ |
| ထိုင်း | တစ်ဘတ် | ၃၃.၅-၃၃.၈ |
| အိန္ဒိယ | တစ်ရူပီး | ၁၇-၁၇.၅ |
| တရုတ် | တစ်ယွမ် | ၁၇၄-၁၇၈ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၄-၃၀၈ |

### ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

| | | |
|---|---|---|
| နှမ်းဆန် (အသစ်) | တစ်အိတ် | ၁၈၀၀၀-၁၈၅၀၀ |
| ပေါ်ကြွဲ | တစ်အိတ် | ၂၆၅၀၀-၂၈၀၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၃၀၀၀၀-၃၅၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၅၀၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၃၇၀ |
| ဆိပ်ဖြူကြက်သွန်နီ (အသစ်) | တစ်ပိဿာ | ၂၇၅-၄၂၅ |
| ရှမ်းကြက်သွန်ဖြူ (အသစ်) | တစ်ပိဿာ | ၁၂၀၀-၁၆၀၀ |
| ကြက်သွန်ဖြူ(ကြူကုတ်) | တစ်ပိဿာ | ၂၆၅၀-၂၇၀၀ |
| အာလူး(ဆင်ဖြူကျွန်း) | တစ်ပိဿာ | ၄၇၀-၆၆၀ |
| ငရုတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၂၉၀၀-၃၁၀၀ |
| ငရုတ်ပွ (မြစ်ဝ) | တစ်ပိဿာ | ၅၀၀၀-၆၀၀၀ |
| သကြား | တစ်ပိဿာ | ၁၀၂၀-၁၀၅၀ |

**ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။**

**ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-ဓာတ်ပုံ/ပြသည်။**

# (၆၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒချီးကျူးပူဇော်ပွဲ ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး တက်ရောက်ကြည်ညို

**ရန်ကုန် မေ ၁၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သာသနာရေးဝန်ကြီးဌာနက ကျင်းပခဲ့သော (၆၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် တိပိဋကဓရအောင် သာသနာ့အာဇာနည်နှစ်ပါး၊ အဘိဓမ္မာ ပထမပိုင်း အာဂုံအောင် မူလအာဘိဓမ္မိကအောင် သာသနာ့အာဇာနည်နှစ်ပါး၊ ဒီဃနိကာယကောဝိဒအောင်သာသနာ့အာဇာနည်တစ်ပါး၊ ဒီဃဘာဏကအောင် သာသနာ့အာဇာနည်ငါးပါး၊ ဝိနယကောဝိဒအောင် သာသနာ့အာဇာနည်ငါးပါး၊ ဝိနယဓရအောင်သာသနာ့အာဇာနည် ၁၆ ပါး၊ ဝိနည်းပထမပိုင်း ရေးဖြေအောင် ဥဘတောဝိဘင်္ဂကောဝိဒအောင် သာသနာ့အာဇာနည်ငါးပါး၊ ဝိနည်းပထမပိုင်း အာဂုံအောင် ဥပတောဝိဘင်္ဂဓရအောင်သာသနာ့အာဇာနည် ၅၄ ပါး၊ စုစုပေါင်း သာသနာ့အာဇာနည် အရှင်သူမြတ်အပါး ၉၀ တို့အား ချီးကျူးပူဇော်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန်တို့ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသအမှူးပြုသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲသြဝါဒစရိယဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒဆရာတော်များ၊ စာမေးပွဲကြီးကြပ်ရေးစာထောက် စာမဆရာတော်များ၊ စာမေးပွဲအောင် သာသနာ့အာဇာနည် အရှင်သူမြတ်များနှင့် ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး ပြည်ထောင်စုဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ စာအောင်သံဃာတော်အရှင်သူမြတ်များ၏ တပည့်ဒါယကာ၊ ဒါယိကာမများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

(၆၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲ အခမ်းအနားကို နံနက် ၈ နာရီတွင် ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းနှင့်ဇနီးတို့ အမှူးပြုသော ပရိသတ်များက တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲသြဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌ လှိုင်သာယာမြို့နယ် သာသနာ့ဂုဏ်ရည် ကျောင်းတိုက်ပဓာန နာယကဆရာတော်အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တပညိဿရာဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ သာရဏီယသြဝါဒကထာကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသက ဖတ်ကြားချီးမြှင့်တော်မူသည်။

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက်တိပိဋကဓရတိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲအောင် သာသနာ့အာဇာနည်အရှင်သူမြတ်များအား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များကို ဆက်ကပ်ကြရာ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းက ပိဋကသုံးပုံ အာဂုံဆောင် တိပိဋကဓရဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် တိပိဋကမဟာဂန္ထဝင် နိကာယ်ကျောင်းတိုက်မှ အရှင်ဝိစိတ္တသာရနှင့် ပိဋကသုံးပုံ အာဂုံဆောင် တိပိဋကဓရ ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် စကားဝါလမ်း တိပိဋကကျောင်းတော်မှ အရှင်စက္ကိန္ဒ(မြိုင်)တို့အား တိပိဋကဓရဘွဲ့တံဆိပ်တော်၊ တိပိဋကဓရအောင် လက်မှတ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးစိုးဝင်း၊ ဦးဝင်းထွန်း၊ ဦးအေးမြင့်ကြူ၊ ဦးငြေးအောင်၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက အဘိဓမ္မာ ပထမပိုင်း အာဂုံအောင် မူလအာဘိဓမ္မိကအောင် သာသနာ့အာဇာနည်နှစ်ပါး၊ ဒီဃနိကာယကောဝိဒအောင်သာသနာ့အာဇာနည်တစ်ပါး၊ ဒီဃဘာဏကအောင် သာသနာ့အာဇာနည်ငါးပါး၊ ဝိနယကောဝိဒအောင်သာသနာ့အာဇာနည်ငါးပါး၊ ဝိနယဓရအောင်သာသနာ့အာဇာနည် ၁၆ပါး၊ ဝိနည်းပထမပိုင်း ရေးဖြေအောင် ဥဘတောဝိဘင်္ဂကောဝိဒအောင် သာသနာ့အာဇာနည်ငါးပါး၊ ဝိနည်းပထမပိုင်း အာဂုံအောင် ဥဘတောဝိဘင်္ဂဓရအောင် သာသနာ့အာဇာနည် ၅၄ ပါးတို့အား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များကို အသီးသီးဆက်ကပ်ကြသည်။

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသထံမှ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး အမှူးပြုသောအဖွဲ့ဝင်များနှင့် ပရိသတ်များက အနုမောဒနာရေစက်ချတရားကို နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် တိပိဋကဓရ တိပိဋကကောဝိဒစာအောင် သံဃာတော် အရှင်သူမြတ်များအား ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းနှင့်ဇနီးဒေါ်နန်းရွှေမှုန်တို့ အမှူးပြုသောအဖွဲ့ဝင်များနှင့် ဧည့်ပရိသတ်များက လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လောင်းလှူကြသည်။ **(သတင်းစဉ်)**



**ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲအောင် သာသနာ့အာဇာနည် အရှင်မြတ်တို့အား ဘွဲ့တံဆိပ်တော်များနှင့် အောင်လက်မှတ်များ ဆက်ကပ်စဉ်။** (သတင်းစဉ်)



**(၆၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲနှင့် အောင်လက်မှတ် ဆက်ကပ်ပွဲအပြီး စာအောင် သာသနာ့အာဇာနည် အရှင်မြတ်များအား ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းနှင့်ဇနီး၊ ဧည့်ပရိသတ်များ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူကြစဉ်။** (သတင်းစဉ်)



**သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း ဆရာတော်ထံ ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် ဆက်ကပ်စဉ်။** (သတင်းစဉ်)

# ပြည်ထောင်စုရှေ့နေချုပ်နှင့်တိုင်းဒေသကြီး၊ ပြည်နယ်ဥပဒေချုပ်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှာကြားချက်များ ထပ်ဆင့်ရှင်းလင်း

**မန္တလေး မေ ၁၆**

ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်ဥပဒေချုပ်များ၏ တတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ မှာကြားချက်များ ထပ်ဆင့်ရှင်းလင်းပွဲ အခမ်းအနားကို တိုင်းဒေသကြီးဥပဒေချုပ်ရုံးအစည်းအဝေးခန်းမ၌ မေ ၁၆ ရက်ကကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ဦးရဲအောင်မြင့်နှင့် တိုင်းဒေသကြီး ဥပဒေအရာရှိ ဦးစိုးနိုင်၊ တိုင်းဒေသကြီး ဥပဒေချုပ်ရုံးနှင့် ခရိုင်၊ မြို့နယ်ဥပဒေရုံးအသီးသီးမှ ဥပဒေအရာရှိများ တက်ရောက်ခဲ့သည်။

အဆိုပါ အခမ်းအနားတွင် တိုင်းဒေသကြီးဥပဒေချုပ် ဦးရဲအောင်မြင့်က လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယရှေ့နေချုပ်တို့၏ မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းခြင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏သမိုင်းကြောင်းနှင့် ဥပဒေအရာရှိများ တစ်ဦးချင်းစီ၏ စွမ်းဆောင်ရည်ထက်မြက်မြင့်မားရေးကိစ္စရပ်များ၊ တာဝန်ခံမှု၊ တာဝန်ယူမှုနှင့် ပေါင်းစပ်ညှိနှိုင်းမှုကိစ္စရပ်များ၊ ဥပဒေအကြံပေး အမှုလိုက်နှင့်စီမံရေးရာကဏ္ဍတွင် စွမ်းဆောင်ရည်တိုးမြှင့်ရန် ကိစ္စရပ်များ၊ စိတ်ဓာတ်နှင့် အမူအကျင့်များ ပြောင်းလဲတည်ဆောက်ရေးကိစ္စရပ်များ၊ ယုံကြည်မှုနှင့် သစ္စာရှိမှုရရှိရေးအတွက် ပြုမူကျင့်ကြံရမည့်ကိစ္စရပ်များ၊ ၂၀၁၅ ခုနှစ်တရားမျှတပြီး လွတ်လပ်သည့် ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်တွင် ဥပဒေအရာရှိများအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရမည့် ကိစ္စရပ်များ စသည့် လုပ်ငန်းရပ်များကို လုပ်ငန်းလမ်းညွှန်သဖွယ် သဘောထားပြီး စွမ်းဆောင်ကြိုးပမ်းကြရန် မှာကြားသည်။ ဆက်လက်၍ တိုင်းဒေသကြီး ဥပဒေအရာရှိ ဦးစိုးနိုင်ကလည်း လုပ်ငန်းညှိနှိုင်းအစည်းအဝေး အတွေ့အကြုံများကို ထပ်ဆင့်ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်နှင့် တိုင်းဒေသကြီး ဥပဒေအရာရှိတို့က ၂၀၁၄ ခုနှစ် ပြည်ထောင်စုရှေ့နေချုပ်ဆုရရှိခဲ့ကြသည့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဥပဒေရုံးများမှ အရာထမ်းနှင့် အမှုထမ်းများအား ထပ်ဆင့်ဂုဏ်ပြုလက်ဆောင်များပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**



# ကလင်တန်မိသားစုဝင်ငွေ ဒေါ်လာသန်း ၃၀ ကျော်ရှိ

**နယူးယောက် မေ ၁၆**

ဟီလာရီနှင့်ဘီလ်ကလင်တန်တို့သည် မိန့်ခွန်း ၁၀၀ ခန့်ပြောကြားပေးခြင်းမှရရှိသည့် အမေရိကန်ဒေါ်လာ ၂၅ သန်းအပါအဝင် ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှစတင်ကာ အနည်းဆုံးဝင်ငွေ အမေရိကန်ဒေါ်လာသန်း ၃၀ ရရှိခဲ့ကြောင်း အစိုးရစာရင်းဇယားများတွင် ဖော်ပြထားသည်။

၂၀၁၆ ခုနှစ် ဒီမိုကရက်တစ်သမ္မတလောင်းအဖြစ် အမည်စာရင်းတင်သွင်းထားသူ ဟီလာရီကလင်တန်သည် ဇွန်လကထုတ်ဝေခဲ့သော ၎င်း၏စာအုပ် Hard Choices ရောင်းရငွေမှ အမေရိကန်ဒေါ်လာ ငါးသန်းကျော် ရရှိခဲ့သည်ဟု ဆိုသည်။

ကလင်တန်မိသားစုသည် ဝင်ငွေကောင်းသောမိသားစုဖြစ်ပြီး အမေရိကန်လူဦးရေ၏ စုစုပေါင်းဝင်ငွေထက် ၀ ဒသမ ၁ ရာခိုင်နှုန်း ဝင်ငွေရှိသည်ဟုဆိုသည်။ "အမေရိကန်တိုင်းက ချန်ပီယံဖြစ်ဖို့လိုတယ်။ ကျွန်မလည်း ချန်ပီယံဖြစ်အောင်ကြိုးစားနေပါတယ်" ဟု ကလင်တန်က ပြီးခဲ့သည့်လက ထုတ်ဖော်ပြောကြားခဲ့သည်။

အမေရိကန်ထိပ်တန်းသံတမန်ဟောင်း ဟီလာရီကလင်တန်သည် ဆီးနိတ်လွှတ်တော်အမတ်ဖြစ်သကဲ့သို့ သမ္မတ၏ဇနီးလည်းဖြစ်သည်။ သူသည် ၂၀၁၃ ခုနှစ်က နိုင်ငံခြားရေးဝန်ကြီးတာဝန်မှ အနားယူခဲ့ပြီးနောက် မိန့်ခွန်းတစ်ကြိမ်ပြောလျှင် အနည်းဆုံးအမေရိကန်ဒေါ်လာ ၂၅၀၀၀၀ ရရှိသည်ဟုဆိုသည်။

(ရိုက်တာ)

# ကိုလံဘီယာ၌ သတ္တုတွင်းရေလွှမ်းမိုးမှုဖြစ်ပွား

**ဘိုဂိုတာ မေ ၁၆**

ရွှေတွင်းရေလွှမ်းမိုးရာမှ ပိတ်မိပြီး သေဆုံးခဲ့သည့် ရွှေတွင်းတူးသမား ခြောက်ဦး၏ အလောင်းများကို ပြန်လည်တူးဖော်ရရှိခဲ့သည်ဟု ကိုလံဘီယာနိုင်ငံမှ သဘာဝဘေးအန္တရာယ်တန်ပြန်ဆောင်ရွက်မှုအဖွဲ့အစည်းက သောကြာနေ့ကပြောခဲ့သည်။

မြို့တော်ဘိုဂိုတာ၏ အနောက်မြောက်ဘက်မှ ၁၃၆ မိုင်အကွာ ကယ်လ်ဒက်စ်ရှိ ရီယိုဆူဆီယိုမြူနီစီပယ်အဖွဲ့သည် ဗုဒ္ဓဟူးနေ့က ရွှေတွင်း၌ ရေအားသွယ်တန်းမှုပြတ်တောက်ရာမှ မတော်တဆ ရေလွှမ်းမိုးခြင်းခံခဲ့ရသည်။

ရွှေတွင်းအနီးရှိမြစ်မှရရှိသည့် ရေကိုရွှေတွင်းအပြင်ဘက်သို့ထုတ်ပစ်ရန် အသုံးပြုသည့် ပိုက်လိုင်းပြုတ်ထွက်ပြီး ထိုသို့ဖြစ်ပွားခဲ့သည်ဟု EL Universal နေ့စဉ်သတင်းစာ၌ ဖော်ပြထားသည်။

ရေမျက်နှာပြင် လွန်ကဲစွာမြင့်တက်မှီ အလုပ်သမားများစွာ ကယ်ထုတ်နိုင်ခဲ့သော်လည်း ၁၆ ဦးမှာ အတွင်းပိုင်း၌ ပိတ်မိနေခဲ့သည်ဟု ယူဆရသည်။ ကြာသပတေးနေ့က အလောင်းလေးလောင်းကို ဦးစွာတွေ့ရှိခဲ့ပြီး ကျန်အလောင်းနှစ်လောင်းကို သောကြာနေ့ကတွေ့ရှိခဲ့သည်။

(ဆင်ဟွာ)

# အီဂျစ်တရားရုံးက သမ္မတဟောင်းမော်စီနှင့် အပေါင်းပါ ၁၀၀ ကျော်တို့ကို သေဒဏ်ချမှတ်

**ကိုင်ရို မေ ၁၆**

အီဂျစ်တရားရုံးတစ်ရုံးက အီဂျစ်သမ္မတဟောင်း မိုဟာမက်မော်စီနှင့် အခြားမွတ်စလင် ညီနောင်အုပ်စုဝင် ၁၀၀ ကျော်တို့ကို ၂၀၁၁ ခုနှစ်တွင် အီဂျစ်နိုင်ငံ၌ဖြစ်ပွားသည့် ဆူပူအုံကြွမှုကာလက အကျဉ်းထောင်ဖောက်မှု၌ ပါဝင်ပတ်သက်မှုဖြင့် မေ ၁၆ ရက်က သေဒဏ်ချမှတ်ခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

အီဂျစ်သမ္မတဟောင်း မော်စီနှင့် မွတ်စလင် ညီနောင်အုပ်စု၏ ထိပ်တန်းခေါင်းဆောင် မိုဟာမက်ဘာဒီအပါအဝင် ၎င်း၏အပေါင်းအပါတို့သည် ၂၀၁၁ ခုနှစ်ကဖြစ်ပွားခဲ့သည့် အီဂျစ်နိုင်ငံအတွင်း ဆူပူအုံကြွမှုကာလ အတောအတွင်း၌ ရဲတပ်ဖွဲ့ဝင်များအား ပြန်ပေးဆွဲပြီး သတ်ဖြတ်မှု၊ ရဲစခန်းများအား တိုက်ခိုက်မှုနှင့် အကျဉ်းထောင်ချိုးဖောက်မှုတို့ဖြင့် တရားစွဲဆိုခြင်းခံရသည်။

ထို့အပြင် အီဂျစ်တရားရုံးသည် မွတ်စလင်ညီနောင်အုပ်စု ခေါင်းဆောင် ခိုင်ရက်အယ်လ်ရှာတာနှင့် အခြား မွတ်စလင်ညီနောင်အုပ်စုဝင် ၁၅ ဦးတို့ကိုလည်း အီဂျစ်နိုင်ငံကို ဆန့်ကျင်တိုက်ခိုက်ရန်အတွက် ပြည်ပစစ်သွေးကြွအုပ်စုနှင့် လျှို့ဝှက်ကြံစည်မှုဖြင့် သေဒဏ်ချမှတ်ခဲ့ကြောင်း သတင်းတွင် ဖော်ပြချက်အရသိရသည်။

အဆိုပါ တရားခံများအား သေဒဏ်ချမှတ်ရေးကိစ္စနှင့် ပတ်သက်၍ သေဒဏ်ချမှတ် သင့် မသင့် အပေါ် ဆုံးဖြတ်ပေးရန်အတွက် တရားခံများ၏အမှုကို အီဂျစ်နိုင်ငံ၏ ဘာသာရေးဆိုင်ရာ ထိပ်တန်းအာဏာပိုင် the Grand Mufti သို့ တင်ပြသွားမည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

အီဂျစ်သမ္မတဟောင်း မိုဟာမက်မော်စီသည် နိုင်ငံအတွင်း၌ ၎င်း၏ အစိုးရအား ဆန့်ကျင်ကန့်ကွက်သည့် လူထုအုံကြွမှုကြီး ဖြစ်ပွားခဲ့ပြီးနောက် အီဂျစ်တပ်မတော်က ၂၀၁၃ ခုနှစ်တွင် ရာထူးတာဝန်မှ ဖြုတ်ချခဲ့ခြင်းဖြစ်သည်။

(ရိုက်တာ)



# အာဖဂန်စစ်ဆင်ရေးတွင် တာလီဘန်စစ်သွေးကြွ ၁၅၀ ကျော် သေဆုံး

**ကဘူးလ် မေ ၁၆**

ပြီးခဲ့သော နှစ်ရက်က စစ်ဆင်ရေးအတွင်း အာဖဂန်လုံခြုံရေးတပ်ဖွဲ့များနှင့် ထိပ်တိုက်စစ်ပွဲများ ဖြစ်ပွားပြီးနောက် စုစုပေါင်း တာလီဘန်စစ်သွေးကြွ ၁၅၁ ဦး သေဆုံးခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ စနေနေ့က ပြောကြားသည်။

နှစ်ရက်အတွင်း နိုင်ငံအနှံ့ အတိုက်အခံလက်နက်ကိုင် စစ်သွေးကြွ ၁၅၁ ဦး သေဆုံးခဲ့ပြီး ၁၀၀ ကျော် ဒဏ်ရာရရှိခဲ့ကာ အခြားခုနစ်ဦးကို ဖမ်းဆီးမိခဲ့သည်။

တစ်ချိန်တည်းမှာပင် မြေမြှုပ်မိုင်းများ ပေါက်ကွဲမှုကြောင့် အာဖဂန်အမျိုးသားစစ်တပ်မှ ၁၆ ဦး သေဆုံးခဲ့ရကြောင်း ဖော်ပြထားသည်။

စစ်ရေးအထူးကျွမ်းကျင်သူများက ပြီးခဲ့သော နှစ်ရက်အတွင်း လမ်းဘေးတွင်မြှုပ်ထားသော စနက်တံဗုံး ၁၅ လုံး တွေ့ရှိခဲ့ကြောင်း ပြောခဲ့သည်။

တာလီဘန်သူပုန်များ၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် အာဖဂန်နစ္စတန်တွင် စစ်သွေးကြွများအပါအဝင် လုံခြုံရေးအရာရှိများနှင့် ဒေသခံပြည်သူများ၏ အသက်ရာပေါင်းများစွာကို ခြိမ်းခြောက်ခြင်းခံနေရသည်။

(ဆင်ဟွာ)

# တရုတ်နိုင်ငံရှိ ရေခဲပြင်ကြီးပြိုကျမှု ကျွဲ၊ နွားတိရစ္ဆာန် ၁၀၀ ကျော်နစ်မြုပ်ကာ နေအိမ်အများအပြားပျက်စီး

**အူရွမ်ကီ မေ ၁၆**

တရုတ်နိုင်ငံ ရှင်ဂျန်းဒေသတွင် ဧရာမကြီးမားသော ရေခဲပြင်ကြီးတစ်ခု ပြိုကျမှုဖြစ်ပွားခဲ့ရာ ကျွဲနွားတိရစ္ဆာန် ၁၀၀ ကျော်နစ်မြုပ်ပြီး အိမ်ခြေအများအပြားပျက်စီးကာ မြက်ခင်းပြင် ဟက်တာပေါင်း ၁၀၀၀ ကျော်ပျက်စီးခဲ့ကြောင်း ဒေသဆိုင်ရာအစိုးရက မေ ၁၆ရက်တွင် ပြောကြားသည်။

ကီဇီလ်ဆူး ကာဂါဟစ်ဇ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရခရိုင်၊ အာ့ခ်တိုဒေသတွင် ဖြစ်ပွားသည့် အဆိုပါ ရေခဲပြင်ကြီးပြိုကျမှုတွင် ထိခိုက်ဒဏ်ရာရရှိမှု သတင်းတစ်စုံတစ်ရာမျှ ယခုအထိမရရှိသေးကြောင်း၊ ကီလိုမီတာ ၂၀ ခန့်ရှည်လျားပြီး တစ်ကီလိုမီတာခန့်ထူသော အဆိုပါရေခဲထုကြီး လျှောကျမှုဖြစ်ပွားခဲ့ပြီးနောက် မိသားစု ၆၀ ခန့်မှာ ဘေးကင်းရာအရပ်သို့ ပြောင်းရွှေ့ခဲ့ကြောင်း သတင်းတွင် ရေးသားဖော်ပြသည်။

ယင်းရေခဲပြင်ကြီးပြိုကျမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် တရုတ်အကယ်ဒမီသိပ္ပံကျောင်းမှ သုတေသနပညာရှင်များကိုလည်း အခင်းဖြစ်ပွားရာနေရာသို့ စေလွှတ်ထားကြောင်း၊ သုတေသီများသည် ယင်းရေခဲပြင်ကြီးပြိုကျမှု နှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို ဂြိုဟ်တုဓာတ်ပုံနည်းပညာများမှတစ်ဆင့် စုဆောင်းသွားမည်ဖြစ်ကြောင်း တရုတ်အကယ်ဒမီသိပ္ပံကျောင်းမှ သုတေသနလေ့လာရေးအကြီးအကဲ Li Zhongqin က ပြောကြားသည်။

"အခုလိုရေခဲပြင်ကြီးပြိုကျမှုရဲ့ အဓိကအကြောင်းရင်းဟာ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကြောင့်ဖြစ်ပါတယ်"ဟု လေ့လာရေးခေါင်းဆောင်က ဆက်လက်ပြောကြားသည်။ Kongur Tiube ဟုခေါ်သော တောင်တန်းမှာ မီတာ ၇၅၃၀ ခန့်မြင့်မားပြီး အနောက်ဘက်ကွန်လွန်ဒေသ၏ ဒုတိယအမြင့်ဆုံးတောင်ထိပ်ဖြစ်သည်။

(ဆင်ဟွာ)



# ဘော်စတွန်ဗုံးခွဲသူကို သေဒဏ်ချမှတ်

**ဘော်စတွန် မေ ၁၆**

ဘော်စတွန်ဗုံးခွဲတိုက်ခိုက်သူ ဇိုခါးဆာနေးဗ်အား တရားဝင်ဆေးထိုးကွပ်မျက်ရန် အမေရိကန်တရားရုံးတစ်ရုံးက စီရင်ချက်ချမှတ်လိုက်သည်။

ဆာနေးဗ်နှင့် ၎င်း၏အစ်ကိုဖြစ်သူတို့သည် ၂၀၁၃ ခုနှစ် ဘော်စတွန် မာရသွန်ပြိုင်ပွဲပန်းဝင်စခန်း၌ ဗုံးထောင်ခဲ့ကြသဖြင့် လူသုံးဦးသေဆုံးပြီး ၂၆၀ ဒဏ်ရာရရှိခဲ့သည်။

ဆာနေးဗ်အား ကွပ်မျက်မှုကိုစောင့်ဆိုင်းရန် အင်ဒီယာနာပြည်နယ် တာရေးဟူတီအကျဉ်းထောင်သို့ ပြောင်းရွှေ့ဖွယ်ရှိသည်။ ၎င်းအား ဆေးထိုးစီရင်မည်ဖြစ်ကြောင်း သိရသည်။

ယခုအခါ အသက် ၂၁ နှစ်အရွယ်ရှိပြီဖြစ်သော ဆာနေးဗ်သည် ၎င်းကျူးလွန်ခဲ့သည့် ရာဇဝတ်မှုအတွက် အသက်ကို ပြန်လည်ပေးဆပ်ရတော့မည်ဖြစ်ကြောင်း အမေရိကန်ရှေ့နေ ကာမန်အော်တစ်က ပြောသည်။

(ရိုက်တာ)

# စောင့်ကြည့်ရမည့် ဗြိတိန်ပွဲကိုင်ရှင်ရဲ့ နိုင်ငံရေးမျှော်

|မာန်သစ်နိုး|



ဝန်ကြီးချုပ်ဒေးဗစ်ကင်မရွန်းအား ရွေးကောက်ပွဲအကြိုကာလတွင် ၎င်းအားထောက်ခံသူများနှင့်အတူ အင်္ဂလန်အနောက်တောင်ပိုင်း တစ်နေရာ၌ တွေ့ရစဉ်။ ဓာတ်ပုံ-ရိုက်တာ

အမေရိကန်စက်မှုလုပ်ငန်းရှင် တစ်ဦးဖြစ်သူ ဟင်နရီဖို့ (HENRY FORD) (1863-1947) ပြောဖူးသည့် စကားတစ်ခွန်းရှိသည်။ An idealist is a person who helps other people to be prosperous ဟူ၍ဖြစ်သည်။ မြန်မာလိုအနီးစပ်ဆုံးပြောရလျှင် "စံပြပုဂ္ဂိုလ်ဆိုသည်မှာ အခြားလူများအား ကြီးပွားချမ်းသာအောင် အကူအညီပေးသူဖြစ်သည်" ဟူ၍ဖြစ်နိုင်သည်။ ဖြူစင်ကြည်လင်သော စိတ်နှလုံးရှိသူစံပြပုဂ္ဂိုလ်များ ကမ္ဘာပေါ်တွင် အတော်များများရှိသည်။ နိုင်ငံရေး၊ စာပေ၊ အနုပညာနယ်ပယ်တစ်ခုခုတွင် ရှိနေနိုင်သည်။

ဤသို့သော စံပြပုဂ္ဂိုလ်တစ်ဦး United Kingdom တွင် ရှိသည်။ သူက နိုင်ငံရေးသမားဖြစ်သည်။ သူက ဒေးဗစ်ကင်မရွန်း (David Cameron) ဖြစ်သည်။ သူ့ကို အဘယ်ကြောင့် "စံပြပုဂ္ဂိုလ်" (idealist) ဟုခေါ်ရသနည်းဟူမူ သူကတိုင်းသူပြည်သားတို့၏ လိုအပ်ချက်ကို ဖြည့်ဆည်းရန်၊ ချမ်းသာကြွယ်ဝစေရန် အကူအညီပေးလိုစိတ်ရှိသောကြောင့်ဖြစ်သည်။

ယူနိုက်တက်ကင်းဒမ်းခေါ် ဗြိတိန်သည် လောလောဆယ်အချိန်၌ ဥရောပ သမဂ္ဂ(EU) အဖွဲ့ဝင်အဖြစ် ဆက်လက်ရှိနေရေး၊ စကော့တလန်က ယူကေမှ ခွဲထွက်ကာ တောင်းဆိုနေသည့် လွတ်လပ်ရေးစသည့် အရေးများဖြင့်လည်း ရှုပ်ထွေးနေသည့်ကာလ ဖြစ်သည်။ စကော့တလန်က ဗြိတိန်မှခွဲထွက်မည်ဟု ဆိုကာ ၂၀၁၄ စက်တင်ဘာလတွင် စကော့တလန်၌ ပြည်လုံးကျွတ်ဆန္ဒခံ ယူပွဲကျင်းပခဲ့သည်။ သို့ရာတွင် စကော့တလန်ပြည်သူများကိုယ်တိုင်က ခွဲထွက်ရေးကို ဆန့်ကျင်၍ မဲပေးခဲ့သည်။

ဤကဲ့သို့သောအခြေအနေမျိုးတွင် ယခုနှစ် မေ ၇ ရက်နေ့၌ ဗြိတိန်နိုင်ငံ၏ အထွေထွေရွေးကောက်ပွဲကို ပြုလုပ်ခဲ့သည်။

မဲရုံများကို ဒေသစံတော်ချိန် နံနက် ၇ နာရီ(ဂရင်းနစ်စံတော်ချိန် ဝ၆း၀၀)တွင် စတင်ဖွင့်လှစ်ခဲ့သည်။ အင်္ဂလန်ကျွန်းမကြီးနှင့် ဝေးလံခေါင်သီသော ကျွန်းများပေါ်တွင် သင်္ဘောကွန်တိန်နာများမှသည် ခရစ်ယာန်ကျောင်းများနှင့် ဘီယာဘားများအထိ နေရာတိုင်း၌ မဲရုံများ တည်ရှိသည်။ မဲရုံများကိုလည်း ဂရင်းနစ်စံတော်ချိန် ၂၁း၀၀ တွင် ပိတ်သိမ်းခဲ့သည်။ ဗြိတိန်တွင် မဲပေးပိုင်ခွင့်ရှိသူမှာ သန်း ၅၀ ခန့်ရှိနေသည်။

ရွေးကောက်ပွဲဝင်သည့်ပါတီက ခုနစ်ခုလောက်ရှိသည်။ ကွန်ဆာဗေးတစ်ပါတီ၊ လေဘာပါတီ၊ လစ်ဘရယ်ဒီမိုကရက်ပါတီ၊ ယူကေလွတ်လပ်ရေး (UKIP) ပါတီ၊ စကော့တလန်အမျိုးသားပါတီ (SNP) စသည်တို့ဖြစ်သည်။

ဗြိတိန်တွင် ဆယ်စုနှစ်များအတွင်း အနီးကပ်ဆုံးပြိုင်ဘက်များဖြစ်လာသည့် ပါတီများမှာ လက်ရှိဝန်ကြီးချုပ်ဒေးဗစ်ကင်မရွန်း၏ ဗဟိုလက်ယာယိမ်းကွန်ဆာဗေးတစ်ပါတီနှင့် အတိုက်အခံခေါင်းဆောင် အက်ဒ်မီလီဘန်၏ ဗဟိုလက်ဝဲယိမ်းလေဘာပါတီတို့ ဖြစ်ကြသည်။

အဆိုပါအဓိကပါတီနှစ်ခုစလုံးမှ ခေါင်းဆောင်များက အမတ်နေရာ ၆၅၀ ရှိသော အောက်လွှတ်တော်တွင် မဲအများစုရရှိကာ ပြတ်ပြတ်သားသား အနိုင်ရရှိမှသာ အစိုးရဖွဲ့နိုင်မည်ဖြစ်သည်။ သို့ရာတွင် ရွေးကောက်ပွဲမတိုင်မီက သတင်းထွက်ပေါ်မှုအရ အဓိကပါတီကြီးနှစ်ခုအနက် တစ်ခုခုက အပြတ်အသတ်နိုင်သွားမည့် အခြေအနေမရှိဟု စစ်တမ်းကောက်ယူချက်များက ဖော်ပြခဲ့ဖူးသည်။ ထို့အတူ မဲများပြန့်ကျဲခဲ့ပါက စကော့တလန်အမျိုးသားပါတီ (SNP)က အားနည်းသောလေဘာပါတီကိုသာ ထောက်ခံမည်ဖြစ်ပြီး ကွန်ဆာဗေးတစ်ပါတီကို ထောက်ခံမည်မဟုတ်ကြောင်း ပြောကြားခဲ့သေးသည်။

ကွန်ဆာဗေးတစ်နှင့် လေဘာပါတီတို့၏ အကြိတ်အနယ်ပွဲဟု ကမ္ဘာကပင် သတိထားစောင့်ကြည့်ခဲ့ရသည်။ သို့ရာတွင် ကင်မရွန်း၏ ကွန်ဆာဗေးတစ်ပါတီသည် ဗဟိုလက်ဝဲယိမ်းဖြစ်သော အတိုက်အခံလေဘာပါတီနှင့် အပြင်းအထန် ယှဉ်ပြိုင်ရလိမ့်မည်ဟု အများက ခန့်မှန်းထားမှုများမှားယွင်းခဲ့ပြီး ကင်မရွန်း၏ပါတီက အမတ်နေရာ ၆၅၀ အနက် ၃၃၁ နေရာရ၍ အနိုင်ရခဲ့သည်။ အတိုက်အခံ လေဘာပါတီက ၂၃၂ နေရာရှိခဲ့သည်။

ထို့ကြောင့် ဗဟိုလက်ယာယိမ်းကွန်ဆာဗေးတစ်ပါတီသည် အစိုးရဖွဲ့ခွင့်ရရှိသွားပြီး ဒေးဗစ်ကင်မရွန်းသည် ဒုတိယအကြိမ် ဝန်ကြီးချုပ်သက်တမ်းဖြင့် အစိုးရအဖွဲ့သစ်ကို ဦးဆောင်ရပေဦးမည်။

အောက်စဖို့ဒ်အနီးရှိ ဝှစ်တနီတွင်ပြန်လည်အရွေးခံခဲ့ရသည့် ဒေးဗစ်ကင်မရွန်းသည် လန်ဒန်မြို့ရှိ ဘက်ကင်ဟမ်နန်းတော်သို့ သွားရောက်ကာ ဒုတိယမြောက် အယ်လီဇဘတ်ဘုရင်မကြီး၏ ဝန်ကြီးချုပ်အဖြစ် ပြန်လည်အတည်ပြုပေးခြင်းကို ခံယူခဲ့သည်။

ကင်မရွန်းသည် ဗဟိုဝါဒီလစ်ဘရယ်ဒီမိုကရက်ပါတီနှင့် ညွန့်ပေါင်းအစိုးရ ဖွဲ့ခဲ့ရသည့် သက်တမ်းငါးနှစ်ကို အဆုံးသတ်ကာ အမှတ် (၁၀) ဒေါင်းနင်းလမ်းရှိ ဝန်ကြီးချုပ်နေအိမ်သို့လာကာ နေအိမ်အပြင်ဘက်၌ ပြည်သူများနှင့် သတင်းထောက်များကို စကားပြောခဲ့သည်။

"အခုတော့ ကျွန်တော်ကွန်ဆာဗေးတစ်အများစုနဲ့ အစိုးရတစ်ရပ်ကိုဖွဲ့ပါတော့မယ်။ ဗြိတိသျှကို ပိုမိုကြီးကျယ်အောင်ဆောင်ရွက်ကြမယ်ဗျာ။ လေးစားသမှုနဲ့ အုပ်ချုပ်စီမံမယ်ဗျာ" ဟု ဝန်ကြီးချုပ်က ပြောခဲ့သည်။

ဤကဲ့သို့ ကောင်းမွန်သည့် အဆင့်အတန်းရှိသည့် စကားမျိုးကို ဝန်ကြီးချုပ် ပထမသက်တမ်းတုန်းကပင် ဝန်ကြီးချုပ်အိမ်ရှေ့၌ ပြောခဲ့သေးသည်။

၂၀၁၀ ပြည့်နှစ်မေလ ၁၁ ရက်နေ့တွင် ဗြိတိန်ဝန်ကြီးချုပ် ဂေါ်ဒွန်ဘရောင်း(Gordon Brown)က ဝန်ကြီးချုပ်တာဝန်မှနုတ်ထွက်ခဲ့သည်။ ဂေါ်ဒွန်ဘရောင်း၏ ထောက်ခံမှုကြောင့် ဒုတိယမြောက်အယ်လီဇဘတ်ဘုရင်မကြီးက ကင်မရွန်းကို အစိုးရသစ်ဖွဲ့စည်းရန် ဖိတ်ခေါ်ခဲ့သည်။ ၁၈၁၂ခုနှစ်က လော့ဒ်လစ်ဗာပူးလ် (Lord- Liverpool) ကို အသက်အငယ်ဆုံးဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခဲ့ပြီးချိန်မှစ၍ ယခု ၂၁ ရာစုတွင် အသက် ၄၃ နှစ်အရွယ်ရှိ ဒေးဗစ်ကင်မရွန်းက အသက်အငယ်ဆုံး ဗြိတိသျှဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။

အမှတ် (၁၀) ဒေါင်းနင်းလမ်းရှိ ဝန်ကြီးချုပ်နေအိမ်အပြင်ဘက်၌ ၎င်း၏ပထမဆုံးမိန့်ခွန်းပြောရာ၌ ၎င်းသည် ညွန့်ပေါင်း အစိုးရဖွဲ့ရန်ရည်ရွယ်ကြောင်း၊ ဒုတိယကမ္ဘာစစ်ဖြစ်ပြီးချိန်မှစ၍ လစ်ဘရယ် ဒီမိုကရက်များနှင့် ပေါင်းစည်းသည့် ပထမဆုံးညွန့်ပေါင်းအစိုးရဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။ ထို့အပြင် "ပါတီချင်းခြားနားမှုတွေကိုဘေးဖယ်ထားပြီး အများကောင်းစားရေးအတွက် အမျိုးသားအကျိုးစီးပွားအတွက် ကြိုးကြိုးစားစားလုပ်သွားဖို့ ရည်ရွယ်ပါတယ်" ဟု အလေးထားပြောကြားခဲ့သည်။

ထို့အတူ ထိုစဉ်က ကင်မရွန်းပထမဆုံးလုပ်လိုက်သည့်အချက်မှာ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီခေါင်းဆောင် နစ်ကလဲက်ဂ် (Nick Clegg) ကို ဒုတိယဝန်ကြီးချုပ်အဖြစ် ခန့်အပ်လိုက်ခြင်းပဲဖြစ်သည်။

ဒါက ပထမသက်တမ်းငါးနှစ်က အပြောနှင့် အလုပ်ဖြစ်သည်။ ယခုက "ဗြိတိသျှကို ပိုမိုကြီးကျယ်အောင်ဆောင်ရွက်ကြမယ်ဗျာ၊ လေးစားသမှုနဲ့ အုပ်ချုပ်စီမံမယ်ဗျာ" ဟုဆိုသည်။ နာရီပိုင်းအကြာတွင် ကင်မရွန်းက မူလအစိုးရအဖွဲ့ဟောင်းမှ ဘဏ္ဍာရေးဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးနှင့် ပြည်ထဲရေးဝန်ကြီးတို့ကို ပြန်လည်ခန့်ထားကြောင်း ကြေညာခဲ့သည်။

*စာမျက်နှာ ၆ သို့*

စာမျက်နှာ ၆ သို့

**ကျွန်တော်ကွန်ဆာဗေးတစ်အများစုနဲ့ အစိုးရတစ်ရပ်ကို ဖွဲ့ပါတော့မယ်။ ဗြိတိသျှကို ပိုမိုကြီးကျယ်အောင်ဆောင်ရွက်ကြမယ်ဗျာ။ လေးစားသမှုနဲ့ အုပ်ချုပ်စီမံမယ်ဗျာ**

## ဒေါ်လာ ၂၂ ဘီလီယံ တန်ဖိုးရှိ စာချုပ်ကို တရုတ်နှင့်အိန္ဒိယ လက်မှတ်ရေးထိုး



**ရှန်ဟိုင်း မေ ၁၆**

စွမ်းအင်ထုတ်လုပ်မှု၊ ဆိပ်ကမ်းတည်ဆောက်မှု၊ ငွေကြေးကူညီထောက်ပံ့မှုနှင့် စက်ရုံလုပ်ငန်းများ ပါဝင်သည့် ဒေါ်လာ ၂၂ ဘီလီယံမက တန်ဖိုးရှိ လုပ်ငန်းဆိုင်ရာ သဘောတူညီချက် ၂၆ ချက်ပါသည့် စာချုပ်ကို တရုတ်နှင့် အိန္ဒိယတို့ လက်မှတ်ရေးထိုးခဲ့သည်ဟု အိန္ဒိယသံရုံးအဖွဲ့အရာရှိက စနေနေ့က ပြောခဲ့သည်။

အဆိုပါ သဘောတူစာချုပ်၌ နှစ်နိုင်ငံ အကျိုးတူ စီးပွားရေး ပူးပေါင်းဆောင်ရွက်ရန် လက်မှတ်ရေးထိုးခြင်းဖြစ်သည်။ တစ်ချိန်တည်းမှာပင် အိန္ဒိယဝန်ကြီးချုပ် နရိန္ဒြာမိုဒီက တရုတ်ကုမ္ပဏီများအနေဖြင့် ကုန်ထုတ်လုပ်မှုနှင့် အခြေခံအဆောက်အအုံဆောင်ရွက်မှုတို့တွင် အိန္ဒိယမှ အခွင့်အလမ်းများ ရယူကြရန်နှင့် တိုးတက်လာသော ပတ်ဝန်းကျင်နှင့်အတူ အိန္ဒိယသည် လုပ်ငန်းများ လုပ်ကိုင်ရန် အသင့်ပင်ဖြစ်ကြောင်း ကြေညာခဲ့သည်။

အဆိုပါ သဘောတူညီချက် ၂၆ ချက်သည် နှစ်နိုင်ငံအကြား သောကြာနေ့က လက်မှတ်ရေးထိုးခဲ့သည့် သဘောတူညီချက် ၂၄ ချက်ကို ပြန်လည်ပြင်ဆင်ဖြည့်စွက်ထားခြင်းဖြစ်သည်။

တရုတ်သည် ဒေါ်လာ ၂ ထရီလီယံ တန်ဖိုးရှိ အိန္ဒိယဈေးကွက်ကို မျက်စိကျလျက်ရှိသည်။

**(ရိုက်တာ)**

# လောကုတ္တရာတရား ကိုးပါးအားလျော်သောအကျင့်များကို ကြိုးစားအားထုတ်မှသာလျှင် သာသနာတော် အရှည်ခံ့တည်တံ့မည်

**(၆၇) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲ အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မိန့်ကြားတော်မူအပ်သော သမ္မောဒနီယ သာရဏီယဩဝါဒကထာ (၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၁၄) ရက်၊ ၂၀၁၅ ခုနှစ် ၊ မေလ ၁၆ ရက်၊ စနေနေ့)**

စာမေးပွဲအောင်မြင်သာသနာ့အာဇာနည်အရှင်မြတ်တို့ဘုရား-

"စိရံ တိဋ္ဌတု သဒ္ဓမ္မော၊ ဓမ္မေ ဟောန္တု သဂါ ရဝါ" ဟူ၍ အရှင်မဟာဗုဒ္ဓဃောသ အဋ္ဌကထာဆရာသည် ကိုယ်တိုင်ရေးသားပြုစုခဲ့သော အဋ္ဌကထာကျမ်းများ၏ နိဂုံး၌ ဆုတောင်းစကား ရေးသားတော်မူသည့်အတိုင်း ဘုရားရှင်၏ အဆုံးအမကို အရှည်ခံ့၍ တည်တံ့စေလိုလျှင် တရားတော်ကို အမြတ်တနိုးရိုသေလေးစားကြရပေမည်။ တရားတော်ကို ရိုသေလေးစားမှုသည် သာသနာတော်တွင် အလွန်အရေးပါအရာရောက်သဖြင့် အဋ္ဌကထာဆရာသည် ထပ်ကာထပ်ကာ ရေးသားတော်မူခဲ့ဟန်တူပါသည်ဘုရား။

မြတ်စွာဘုရားရှင်၏ သာသနာတော်သည် ရိုသေလေးစားမှု ပြုသူ၌သာ တည်နိုင်ပါသည်။ ရိုသေလေးစားမှုရှိသော တိုင်းပြည်၊ နိုင်ငံ၊ မြို့ရွာများ၌သာ သာသနာတော်တည်နေပါသည်။ မရိုသေ မလေးစားသောသူများ၊ တိုင်းပြည်၊ နိုင်ငံ၊ မြို့ရွာများ၌ သာသနာတော်မတည်နိုင်ပါ။ မြတ်စွာဘုရား ပွင့်တော်မူရာ မဇ္ဈိမဒေသ အိန္ဒိယပြည်၌ သာသနာတော် ကြာရှည်စွာ မတည်ထွန်းဘဲ မြန်မာ၊ သီရိလင်္ကာ စသောနိုင်ငံများသို့ သာသနာတော်ပျံ့နှံ့၍ ယနေ့တိုင်တည်တံ့ထွန်းကားနေသည်မှာ သာသနာတော်ကို ရိုသေလေးစားသူ အများအပြားရှိနေကြသောကြောင့် ဖြစ်ပါသည်ဘုရား။

သာသနာတော်ကွယ်ပျောက်ကြောင်းများကို ရှောင်ကြဉ်ရန် အင်္ဂုတ္တရနိကာယ်၊ ပဉ္စကနိပါတ်၊ သဒ္ဓမ္မဝတ်၊ သဒ္ဓမ္မသမ္မော သသုတ်လာ သာသနာတော်ကွယ်ကြောင်း ငါးပါးသုံးစုတွင် ပထမအစု ငါးခု၌-

၁။ ရဟန်းတော်များသည် ဘုရားဟောတရားကို မနာယူခြင်း။

၂။ တရားတော်ကို ရိုသေစွာ မသင်ကြားခြင်း။

၃။ တရားတော်၏ အနက်သဘောကို လေးလေးစားစား နားလည်အောင် အားမထုတ်ခြင်း။

၄။ တရားတော်ကို ရိုသေစွာ နှုတ်တွင်ကျက်မှတ်ဆောင်ထားမှုမရှိခြင်း။

၅။ မဂ်ဖိုလ်နိဗ္ဗာန်ဟူသော လောကုတ္တရာတရားအား လျော်သော အကျင့်ကို မကျင့်ခြင်း။

ဟူ၍ သာသနာတော်ကွယ်ပျောက်စေတတ်သော ပထမအစု ငါးခုဖြစ်ပါသည်ဘုရား။

ဒုတိယအစု ငါးခု၌-

၁။ ပိဋကတ်စာပေကို သင်ကြားအားထုတ်မှုမရှိခြင်း။

၂။ စာချပုဂ္ဂိုလ်များက မိမိတို့သင်ကြားထားသည့်အတိုင်း ပရိယတ်ကို အကျယ်တဝင့် ချဲ့ဖွင့်သင်ကြားပေးမှုမရှိခြင်း။

၃။ စာသင်သားတို့က အကျယ်တဝင့် ရွတ်ဖတ်သရဇ္ဈာယ်မှုမရှိခြင်း။

၄။ တရားဟောပုဂ္ဂိုလ်ကနားလည်အောင် အကျယ်တဝင့်မဟောခြင်း။

၅။ ဘုရားစကားတော်ပရိယတ်ကို ကြံစည်စဉ်းစား သုံးသပ်မှုမရှိခြင်း။

တတိယအစု ငါးခု၌-

၁။ ပရိယတ်ကိုအားထုတ်ရာတွင်ပုဒ်မှား၊ ပါဠ်မှား၊ အက္ခရာမှားများကို သင်ကြားခြင်း။

> **သာသနာတော်ကြီးကို ယုတ်လျော့ကွယ်ပျောက်သွားအောင် ပြုလုပ်တတ်သူတို့မှာ ဗုဒ္ဓဘာသာဝင်မှတစ်ပါး အခြားဘာသာဝင်များ မဟုတ်ကြပါ။ ''သံကိုသံဖျက် သံချေးတက်'' ဆိုသော စကားကဲ့သို့ ဗုဒ္ဓဘာသာဝင် အမည်ခံ ရဟန်းရှင်လူတို့သာဖြစ်ပါကြောင်း အထူးသတိပြုသင့်**

၂။ တစ်ဦးကိုတစ်ဦးက သတိပေးဆုံးမသည်ကို မခံယူလို၊ အဆိုခက် အပြောခက်ခြင်း။

၃။ ပရိယတ်ကိုသင်ကြားပေးသူ သင်ယူသူရှားပါးခြင်း။

၄။ ပစ္စည်းလာဘ်လာဘပေါများအောင် ဘုန်းတန်ခိုးကြီးအောင်ကြံစည် အားထုတ်ခြင်း။

၅။ အချင်းချင်းခိုက်ရန် ငြင်းခုံများ၍ကွဲပြားခြင်း။

ဟူ၍သာသနာတော်ကွယ်ပျောက်စေတတ်သော အချက်အလက်များကို ဖော်ညွှန်းပြဆိုထားပါသည်ဘုရား။ အထက်ပါအချက်များကို ဖယ်ရှား၍ သာသနာတော်၏ အဆုံးအမများကို ရိုသေလေးစားကြိုးစားအားထုတ်ကြပါလျှင် သာသနာတော်ကြီးအရှည်ခံ့တည်တံ့နိုင်ပါမည်ဘုရား။

သာသနာတော်ကြီးကို ယုတ်လျော့ကွယ်ပျောက်သွားအောင် ပြုလုပ်တတ်သူတို့မှာ ဗုဒ္ဓဘာသာဝင်မှတစ်ပါးအခြားဘာသာဝင်များ မဟုတ်ကြပါ။ "သံကိုသံဖျက် သံချေးတက်" ဆိုသော စကားကဲ့သို့ ဗုဒ္ဓဘာသာဝင် အမည်ခံ ရဟန်းရှင်လူတို့သာဖြစ်ပါကြောင်း အထူးသတိပြုသင့်ပါသည်ဘုရား။ မြတ်စွာဘုရားရှင်၏ တရားတော်ကို အမှန်တကယ် ရိုသေလေးစားလျှင်ဘုရား၊ သံဃာ၊ သိက္ခာ၊ သမာဓိတို့ကိုလည်းရိုသေလေးစားခြင်းဖြစ်သဖြင့် သာသနာပြုသည်မည်ပြီး မရိုသေမလေးစားလျှင် သာသနာတော်ကို ဖျက်သည်မည်ကြောင်း မှတ်ယူရပါမည်ဘုရား။

သာသနာတော်သုံးရပ်တရားမြတ်ကို ရိုသေလေးစားလျက် လောကုတ္တရာတရား ကိုးပါးအားလျော်သောအကျင့်များကို ကြိုးစားအားထုတ်မှသာလျှင် သာသနာတော် အရှည်ခံ့တည်တံ့မည်ဖြစ်၍ စာမေးပွဲအောင်မြင်အရှင်မြတ်များနှင့် နိုင်ငံတော်အစိုးရ အမှူးပြုသောဒါယကာ ဒါယိကာမ အပေါင်းတို့သည် မိမိတို့ဆိုင်ရာ သိက္ခာကိုယ်ကျင့်တရားများကို ထိန်းသိမ်းစောင့်ရှောက်ကြလျက် သာသနာတော် အရှည်ခံ့တည်တံ့ ပြန့်ပွားရေးကို ထိထိရောက်ရောက် ဆက်လက်၍ဆောင်ရွက်နိုင်ကြပါစေဟု ပတ္ထနာဆုတောင်း နှစ်ထောင်းရှင်မောထုတ်ဖော်ပြောလျက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ကိုယ်စားသမ္မောဒနီယ သာရဏီယကထာ ထောပနာစကားအစဉ်ကိုနိဂုံးချုပ်အပ်ပါသည် စာပြန်စာဖြေနှစ်ထွေအောင်မြင် သာသနာ့အာဇာနည် အရှင်မြတ်တို့ဘုရား။

---

*စာမျက်နှာ ၅ မှ*

နိုင်ငံတစ်နိုင်ငံ၏ အစိုးရသစ်ဖွဲ့စည်းရမည့် ကာလတွင် ထုံးစံအတိုင်း အလုပ်သစ်၊ စီမံမှုအသစ်၊ မူဝါဒအသစ်များဖြင့် ရှုပ်ထွေးနေတတ်သည်ဖြစ်ရာ ယခုလည်း ဒုတိယသက်တမ်း ရွေးကောက်ခံ ကင်မရွန်းလည်း ရှုပ်ထွေးနေပေသည်။ သို့ရာတွင် အစိုးရသစ်အနေဖြင့် ပထမဆုံးအဓိကမူဝါဒကြေညာမှုအဖြစ် အဆိပ်အတောက်ဖြစ်စေသော အစ္စလာမ့်စ်အတွေးအခေါ် တိုက်ဖျက်ရေး ဥပဒေသစ်တစ်ရပ်ကိုကြေညာသွားမည် ဖြစ်ကြောင်း၊ ဒုတိယမြောက် အယ်လီဇဘတ်ဘုရင်မကြီးက မေလ ၂၇ ရက်နေ့တွင် လွှတ်တော်သို့ကြေညာမည့် ဥပဒေပြုမှုအစီအစဉ်အတွင်း ကင်မရွန်း၏ဗဟိုလက်ယာ အစိုးရက အစွန်းရောက်မှုကို ချေမှုန်းမည့် ဥပဒေတစ်ရပ် ထည့်သွင်းပြဋ္ဌာန်းသွားမည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြခဲ့သည်။ ဤသို့သော ဥပဒေမျိုးသည် တိုင်းပြည်ကာကွယ်ရေးအတွက် လိုအပ်လှသည်ဟု သဘောရပေသည်။

အလုပ်အကိုင်ဖန်တီးရေးနှင့် ကလေးသူငယ်စောင့်ရှောက်ရေးများကို ဦးစားပေးဥပဒေပြဋ္ဌာန်းသွားမည်ဖြစ်ပြီး ယင်းဥပဒေများမှာ ပါလီမန် လုပ်ထုံးလုပ်နည်းများကို လျင်လျင်မြန်မြန်ဖြတ်ကျော်သွားနိုင်မည်ဟု ကွန်ဆာဗေးတစ်များက ပြောကြားထားသည်။

ဖွံ့ဖြိုးပြီးနိုင်ငံများတွင်အလုပ်အကိုင်ရှိသူရာခိုင်နှုန်း အများဆုံးနိုင်ငံဖြစ်အောင် ကြိုးပမ်းရန်ဝန်ကြီးချုပ်ကင်မရွန်းက ရွေးကောက်ပွဲကာလအတွင်း တိုက်တွန်းထားပြီး လာမည့်ငါးနှစ်အတွင်း အလုပ်အကိုင်သစ်နှစ်သန်း၊ အလုပ်သင်နေရာ သုံးသန်းကျော် ဖန်တီးနိုင်ရေး ဥပဒေပြုသွားရန်စီစဉ်ထားသည်ဟု ဆိုသည်။

ထို့အပြင် မိသားစုဝင်များကို ပေးအပ်နေသည့် ထောက်ပံ့ရေးပမာဏကို လက်ရှိအများဆုံးရနိုင်သည့် ပေါင် ၂၆၀၀၀ မှပေါင် ၂၃၀၀၀ လျှော့ချရန်၊ အလုပ်မလုပ်ဘဲ အကျိုးအမြတ်ခံစားနေသည့် ယဉ်ကျေးမှုကို နိဂုံးချုပ်ရန် ဗြိတိသျှအစိုးရသစ်က ပြောကြားထားခဲ့သည်။

လက်ရှိတွင် အသက်သုံးနှစ်နှင့်လေးနှစ်အရွယ် ဗြိတိန်ကလေးအားလုံး အခမဲ့ပညာရေးနာရီပေါင်း ၅၇၀ နှင့် အခမဲ့ကလေးသူငယ်ကျန်းမာရေးစောင့်ရှောက်မှုများ ရရှိထားပြီး အခမဲ့ပညာရေး နာရီကို နှစ်ဆတိုးမြှင့်ရန်၊ ကလေးငယ်အားလုံးအတွက် အခွန်မဲ့ ကျန်းမာရေးစောင့်ရှောက်မှုစနစ် ကျင့်သုံးရန် ဝန်ကြီးချုပ်ဒေးဗစ်ကင်မရွန်းက ကတိပြုထားသည်။

ဤကဲ့သို့ ပြုပြင်ပြောင်းလဲရေးလုပ်ရန်စိုင်းပြင်းထားစဉ်နိုင်ငံမှ ခွဲထွက်မည့် အရေးနှင့်ပတ်သက်၍ ပထမ လူထုဆန္ဒခံယူပွဲအတိုင်း အတည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ကဆိုခဲ့သည်။ ဤသည်တို့သည် ကင်မရွန်း၏ကောင်းမြတ်သော စိတ်ထားမှလာသည့် သဘောထားများ ဖြစ်သည်။

ညွန့်ပေါင်းဖွဲ့ရစဉ်က ပါတီချင်းခြားနားမှုကို မကြည့်ဘဲ ပြည်သူ့အကျိုးစီးပွားကို ကြည့်ရန်စိတ်ရည်သန်ခဲ့သည့်အတိုင်း ပါတီတစ်ခုတည်းက အစိုးရဖွဲ့သည့်အခါတွင်လည်း လေးစားသမှုဖြင့် အုပ်ချုပ်စီမံလိုသည့် ဤလိုပုဂ္ဂိုလ်မျိုးသည် အများပြည်သူ့အကျိုးစီးပွားဖြစ်ထွန်းရေးကိုအကူအညီပေးလိုသည့် စံပြပုဂ္ဂိုလ်ဟုဆိုထိုက်ပေသည်။ ပြည်သူ့အကျိုးစီးပွား ဖြစ်ထွန်းရေးကို လိုလားသူတိုင်းကိုလည်း အားလုံးက အားကျအတုယူရပေမည်ဟု ဆိုချင်ပါသည်။

---



## အတုမရှိ မဟာကုသိုလ်တော်ရှင်ငါးထောင်အလှူတော်မင်္ဂလာပွဲကျင်းပ

**နေပြည်တော် မေ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် ဘူးကိုင်းစံပြကျေးရွာတွင် ရှင်သာမဏေ မပြုရသေးသည့် မြန်မာပြည်အရပ်ရပ်မှတိုင်းရင်းသားပေါင်းစုံ ရှင်သာမဏေလောင်း ငါးထောင်ကျော်အား ရှစ်ပါးပရိက္ခရာစုံလင်စွာဖြင့် ရှင်သာမဏေပြုပေးခြင်းအလှူတော် မင်္ဂလာ ပထမနေ့ကို မေ ၁၅ ရက်နံနက်ပိုင်းတွင် ဆင်ရတနာ၊ မြင်းရတနာ၊ ရွှေလှည်း၊ ငွေလှည်းများပါဝင်၍ မြန်မာ့ရိုးရာဓလေ့နှင့်အညီ ရှင်လောင်းလှည့်ပွဲအားစည်ကား သိုက်မြိုက်စွာ ကျင်းပခဲ့ပြီး ညနေပိုင်းတွင် ရှင်သာမဏေလောင်းလျာ ငါးထောင်ကျော်ကို ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍိဗလဦးဆောင်၍ ရှင်သာမဏေအဖြစ် သာသနာ့ဘောင်ကို သွတ်သွင်းပေးသည်။

ယင်းနောက်သာသနာ့ဘောင်အတွင်း ရောက်ရှိသွားပြီဖြစ်သော ရှင်သာမဏေ အချို့ကို မိမိတို့၏ ဇာတိများသို့ ပြန်လည်သီတင်းသုံးနိုင်ရန်နှင့်မြောင်မြို့အနီးတစ်ဝိုက်ရှိ ဘုန်းတော်ကြီး ကျောင်းများတွင် သီတင်းသုံးနိုင်ရန်အတွက် ဆရာတော်ကြီးများ၏ ဩဝါဒခံယူပြီးစစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က မော်တော်ယာဉ်များနှင့် ပို့ဆောင်ပေးခဲ့သည်။

အဆိုပါရှင်သာမဏေများအား မေ ၁၆ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မတည်အလှူရှင် ရွှေသံလွင်မိသားစုနှင့်ရပ်မိရပ်ဖများက ဆွမ်းလောင်းလှူကြပြီး ပင့်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ စတုဒိသာများ ကျွေးမွေးလှူဒါန်းခြင်းများပြုလုပ်ရာဒါနလုပ်အားပေး အဖွဲ့များကလည်း လုပ်အားဒါနကုသိုလ်ယူ ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

(၀၀၉)

---

## မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော်

**ပန်းတောင်း မေ ၁၆**

ပဲခူးတိုင်းဒေသကြီး (အနောက်) ပန်းတောင်းမြို့နယ်ရှိ စွယ်တော်ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရောင်းဝယ်ကုန်ထုတ် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ဖော်ဆောင်နေမှုအား ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဌေးဇော်နှင့် မြစိမ်းရောင်စီမံကိန်းတာဝန်ခံတို့က မေ ၁၅ ရက်တွင်ကွင်းဆင်းကြည့်ရှုစစ်ဆေးအားပေးခဲ့သည်။

အရင်းမပျောက်လည်ပတ်ရန် ပုံငွေဖြင့် လုပ်ငန်းများဆောင်ရွက်မှုကြောင့် ကျေးလက်နေပြည်သူများ၏ ဝင်ငွေမှာ လူတစ်ဦးချင်းမှမိသားစုအလိုက် ဝင်ငွေတိုးပွား ရရှိစေခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးခြင်းတို့ဖြင့် ကျေးလက်နေ ပြည်သူများ၏ ဆင်းရဲနွမ်းပါးမှုများကို လျှော့ချသွားနိုင်မည်ဖြစ်ကြောင်းသိရသည်။

(၀၀၈)

---

**မိုးလေဝသ အခြေအနေ**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။ (မိုး/ဇလ)

# နိုင်ငံ့စွမ်းဆောင်ရည်ဆုမှသည် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆီသို့

**နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားတိုးတက်ရေးတို့အတွက် စွမ်းဆောင်ကြမည့် စီးပွားရေးလုပ်ငန်းရှင်များ၊ လူမှုရေးစွမ်းဆောင်ရှင်များ၊ အဖွဲ့အစည်းများ ပေါ်ထွန်းလာစေရန် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် မြို့ပြကျေးရွာများ ဖွံ့ဖြိုးတိုးတက်လာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲ အခမ်းအနားကို နှစ်စဉ်ကျင်းပခဲ့သည်မှာ တတိယအကြိမ် ရှိပြီဖြစ်သည်။**

နန္ဒာဝင်း၊ ဟန်နီဝင်း
ဓာတ်ပုံ-တင်ထွန်းအောင်

မေ ၁၅ ရက်နေ့တွင် နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်ပွဲအခမ်းအနားကို နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁၃ ကျင်းပခဲ့သည်။ ထိုအခမ်းအနားတွင် နိုင်ငံတော်တည်ဆောက်ရေး၌ အားကြိုးမာန်တက် ထူးထူးချွန်ချွန်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် စွမ်းဆောင်ရှင်များနှင့် တက်ရောက်လာသူ အချို့အား ယခုကဲ့သို့ တွေ့ဆုံမေးမြန်းခဲ့သည်။

**ဦးကျော်မြင့်ဆွေ**
**ရခိုင်ပြည်နယ်၊**
**အမ်းမြို့နယ်**
**(အများပြည်သူ ဘေးအန္တရာယ်ကျရောက်မှုအား သက်စွန့်ကြိုးပမ်းကယ်တင်စွမ်းဆောင်သူ (ပုဂ္ဂိုလ်ရေးဆိုင်ရာဆု)ရရှိခဲ့သည့် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်တွင် ဖြစ်ပေါ်ခဲ့သည့် အောင်တံခွန်ရေယာဉ် တိမ်းမှောက်မှုအား သက်စွန့်ကြိုးပမ်းကယ်တင်ခဲ့သူ)**

တော်တော့်ကိုမှောင်တဲ့ ညပေါ့ဗျာ။ အဲဒီည ၈ နာရီကျော်လောက်မှာ သင်္ဘောမှောက်တဲ့အထဲ ပါတဲ့ သင်္ဘောဝန်ထမ်း တစ်ယောက်က ကျွန်တော်တို့ရှိတဲ့ ကျွန်းပေါ်ကို


ဦးညာဏ်စိုး

ပြေးတက်လာတယ်။ သူတို့ သင်္ဘောမှောက်တယ်၊ လူတွေ သေသလား၊ ရှင်သလား မသိဘူး၊ ကယ်ပါဆိုပြီး အကူအညီတောင်းတယ်၊ ကျွန်တော်တို့လည်း ကုန်းပေါ်တင်ထားတဲ့ လှေတွေကို အမြန်ရေထဲတွန်းချပြီး မှောက်တဲ့နေရာကို သွားခဲ့တယ်။ ညကလည်းမှောင်၊ သင်္ဘောပေါ်မှာ ပါတဲ့ ပစ္စည်းတွေ၊ ကုန်တွေကလည်း ရေပေါ်ပြန့်ကျဲပြီး ပေါလောပေါ်နေတော့ လူတွေကို မမြင်ရဘူး။ အဲဒါနဲ့ ကျွန်တော်တို့က ဘာမှမမြင်ရဘူး၊ အသံပေးပါ လက်ပြပြီးအော်ပါဆိုပြီး ပြောတယ်။ အဲဒီတော့မှ သူတို့က ကူပါ၊ ကယ်ပါဆိုပြီး လက်ပြပြီး အသံပေးတယ်၊ ကျွန်တော်တို့လည်း တွေ့သမျှကို လှေပေါ်ကိုဆွဲတင်တယ်။ ကျွန်တော်တို့အနေနဲ့ ဒီလို စွမ်းဆောင်ရည်ဆုရဖို့ တစ်ခါမှလည်း မမျှော်လင့်ခဲ့ဘူး။ အခုလိုရတော့ အများကြီး ဝမ်းသာပါတယ်။ ရှေ့ဆက်ပြီးတော့လည်း ပြည်သူ့အတွက် အရေးကြုံရင် အကောင်းဆုံး ကြိုးစားသွားမယ်လို့ ဆုံးဖြတ်ထားပါတယ်။

**ဦးကျော်ဇောထူး**
**လောက်ကိုင်မြို့နယ်**
**ကြက်ခြေနီတပ်ဖွဲ့ဦးစီးမှူး**
**(ဒုတိယတန်း)**
**(အများပြည်သူ ဘေးအန္တရာယ်ကျရောက်မှုအား သက်စွန့်ကြိုးပမ်းကယ်တင်စွမ်းဆောင်သူ(ပုဂ္ဂိုလ်ရေးဆိုင်ရာဆု)**

ကျွန်တော့်တို့ ဒေသထဲမှာ


ဒုတိယဝန်ကြီး
ဒေါက်တာပွင့်ဆန်း

ပိတ်မိနေတဲ့ ပြည်သူတွေရဲ့ အသက်၊ အိုး၊ အိမ်၊ စည်းစိမ်တွေကို ကာကွယ်ဖို့အတွက် တာဝန်တစ်ခုလို ခံယူထားပြီး ကျွန်တော်လုပ်ခဲ့တာ


ဒေါ်ဝင်း

ဖြစ်ပါတယ်။ တိုက်ပွဲတွေဖြစ်နေတဲ့ ကြားထဲမှာ ကြက်ခြေနီအလံကိုင်ပြီး ပြည်သူတွေကို ဘေးလွတ်ရာ ကယ်ထုတ်ခဲ့ပါတယ်။ ဘယ်တုန်းကမှလည်း ဒီဆုတွေကိုရဖို့ မျှော်လင့်ခဲ့တာ မရှိခဲ့ဘူး။ အခုလိုရခဲ့တဲ့အတွက်လည်း အများကြီး ဝမ်းသာဂုဏ်ယူမိပါတယ်။ ကျွန်တော်အသက်ရှိနေသရွေ့ နိုင်ငံတော်နဲ့ ပြည်သူ အကျိုးပြု လူမှုကရုဏာလုပ်ငန်းတွေကို ဆက်လက်ကြိုးပမ်းလုပ်ဆောင်သွားမှာပါ။

**ဦးလှမိုး(အတွင်းရေးမှူး)**
**စည်ပင်သာယာရေးကော်မတီ၊**
**မြစ်ကြီးနားမြို့နယ်**
**(စွမ်းဆောင်မှု အကောင်းဆုံးမြို့နယ် စည်ပင်သာယာရေးကော်မတီဆု)**

ပြည်သူရဲ့အားနဲ့ ပြည်သူကို အခြေပြုပြီး ဆောင်ရွက်ခဲ့ပါတယ်။ ပြည်သူတွေနဲ့ အဓိကပူးပေါင်းဆောင်ရွက်မှုကြောင့်ပါ။ မြို့နယ်စည်ပင်သာယာရေး ကော်မတီနဲ့ ပြည်သူလူထုပူးပေါင်းပြီး ခင်းကျင်းတဲ့လမ်းတွေ ၁၂၀ ကျော် ရှိပါတယ်။ မိုင်အားဖြင့် ၄၀ ကျော်ရှိပါတယ်။ မြို့သန့်ရှင်းရေးနဲ့ ပတ်သက်ပြီးတော့လည်း တစ်မြို့လုံးအတိုင်းအတာနဲ့ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ လမ်းမီးတွေ၊ မြို့သာယာလှပရေးတွေ၊ အများပြည်သူ ကိုယ်ကာယလေ့ကျင့်ခန်းပြုလုပ်နိုင်တဲ့ အားကစားကွင်းတွေကို ဖော်ထုတ်နိုင်ခဲ့ပါတယ်။ ရှေ့ဆက်ပြီးတော့လည်း မြို့နယ်ပိုပြီးတော့ ဖွံ့ဖြိုးတိုးတက်အောင်


ဒုတိယဝန်ကြီး
ဗိုလ်မှူးချုပ် ကျော်ဇံမြင့်

ကြိုးစားသွားပါမယ်။ မြို့တစ်မြို့ ဖွံ့ဖြိုးတိုးတက်ဖို့ ပြည်သူပါဝင်ဖို့ကလည်း အရေးကြီးပါတယ်။ ပြည်သူတွေ ပါဝင်ဆောင်ရွက်နိုင်ဖို့


ဦးလှမိုး

လည်း စည်းရုံးရေးကောင်းရပါမယ်။

**ဦးညာဏ်စိုး (မြို့နယ်အုပ်ချုပ်ရေးမှူး)၊**
**မုံရွာမြို့ ဖွံ့ဖြိုးတိုးတက်မှု**
**အကောင်းဆုံးမြို့နယ်ဆု**

နိုင်ငံတော်သမ္မတရဲ့ နိုင်ငံ့စွမ်းဆောင်ရည်ဆုကို မြို့နယ်တွေ ကျေးရွာတွေလည်း ပါဝင်ပြိုင်လို့ရတဲ့အတွက် မနှစ်ကလယ်တင်ကျေးရွာပြိုင်တော့ ဒုတိယရတယ်။ ဒီနှစ်မှာတော့ မုံရွာမြို့နယ်နဲ့ ဝင်ရောက်ယှဉ်ပြိုင်ပြီး ရရှိတာပါ။ တိုင်းအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်အထိ ကြိုးစားပြီးဆောင်ရွက်တယ်။ ကော်မတီ သုံးခုအနေနဲ့လည်း လိုအပ်တာတွေကို ဝိုင်းဝန်းပြီး အားလုံးဆောင်ရွက်ကြတယ်။ တိုင်းဒေသကြီး အစိုးရအဖွဲ့ကလည်း ဆောင်ရွက်ပေးတယ်။ မုံရွာမြို့ဟာ ရောင်းဝယ် ဖောက်ကားရေးတွင် ရေကြောင်း၊ ကုန်းကြောင်း စသဖြင့် အားလုံးဟာ ကောင်းတဲ့အတွက် သွားလာနေကြတဲ့ သူတွေနဲ့ ပွဲတော်လိုပဲ အမြဲစည်ကားနေပါတယ်။ ဒါကြောင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်းဆုံး မြို့နယ်ဆုရတော့ ဝမ်းသာတယ်။

**ဒေါ်ဝင်း**
**တောဘိုကုန်းကျေးရွာ၊**
**မင်းဘူး(စကုမြို့နယ်)**
**(စိုက်ပျိုးထုတ်လုပ်မှု ထူးချွန် တောင်သူလယ်သမားဆု)**

တာဝန်ရှိသူတွေက စိုက်ပျိုးတဲ့နေရာတွေကိုလာပြီး စိစစ်ကြ


ဒုတိယဝန်ကြီး
ဒေါက်တာလင်းအောင်

ပါတယ်။ မျိုးစေ့ချတာကအစ ကောက်ရိတ်ချိန်အထိ လာပြီး ကြည့်ကြပါတယ်။ ဒီလိုစိစစ်မှုတွေက နေတစ်ဆင့် စံနှုန်းတွေ ကိုက်ညီမှု


ဦးကျော်မြင့်ဆွေ

ရှိလို့ ဆုရခဲ့တာပါ။ ကျွန်မအနေနဲ့ ပုလဲသွယ်စပါးကို စိုက်ပျိုးရေးပညာရှင်တွေရဲ့ ညွှန်ပြတဲ့အတိုင်း စိုက်ပျိုးခဲ့ပါတယ်။ အထွက်နှုန်းတွေလည်း ကောင်းတယ်။ အောင်လည်း အောင်မြင်တယ်။ ဒီလို ရွေးချယ်စိုက်ပျိုးတော့ အထွက်နှုန်းတိုးပြီး စီးပွားရေးတွေ တိုးတက်မယ်လို့ တောင်သူတွေကို ပြောပြချင်ပါတယ်။ ပြီးတော့ စိုက်ပျိုးစေချင်ပါတယ်။

**မငြိမ်းစန္ဒီမေ**
**ကင်းထောက်လူငယ်**

သမီးက ဒီပွဲကို ဒုတိယအကြိမ် တက်ရောက်တာပါ။ မနှစ်ကလည်း တစ်ခါ တက်ရောက်ဖူးပါတယ်။ ဒီလိုတက်ရောက်ရတဲ့အတွက် ဝမ်းသာပါတယ်။ ကင်းထောက်လူငယ် တစ်ယောက်အနေနဲ့ ဒီလိုနိုင်ငံတော်အဆင့်ပွဲတွေ တက်ရောက်ရတဲ့အတွက် အတွေ့အကြုံတွေရပါတယ်။ ပြီးတော့ ဒီလိုဆုတွေယူတာ မြင်တော့ သမီးလည်း ဆုတွေရချင်ပါတယ်။ ကြိုးစားလည်း ကြိုးစားမယ်။ ဆုရသူတွေအတွက်လည်း ပျော်ပါတယ်။

**မောင်နေသွင်ထွန်း**
**ကင်းထောက်လူငယ်**

သားက ဒီနှစ်မှ တက်ရောက်ဖူးတာပါ။ ကင်းထောက်လူငယ်တစ်ယောက်အနေနဲ့ အာဆီယံပွဲတွေ တက်ရောက်ဖူးပါတယ်။ ပြီးတော့ လေ့လာရေးခရီးတွေကလည်း အတွေ့အကြုံတွေ အများကြီးရပါတယ်။ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲကတော့ ပထမအကြိမ်ပါ။ အခုလို တက်ရောက်ရတော့ သားတို့လိုလူငယ်တွေ စိတ်ထဲမှာ ကြိုးစားချင်စိတ်တွေ ဖြစ်လာပါတယ်။ ကိုယ်တိုင်လည်းဆုတွေ ရချင်ပါတယ်။ ကင်းထောက်တစ်ယောက်အနေနဲ့လည်း ကြိုးစားသွားပါမယ်။

**နိုင်ငံတော်သမ္မတ၏ စီးပွားရေးစွမ်းဆောင်မှုဆိုင်ရာ ဆုချီးမြှင့်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ**
**ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း**
**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

နိုင်ငံတော်သမ္မတရဲ့ စီးပွားရေးဆိုင်ရာ စွမ်းဆောင်မှုဆု(၉)ခုကို ကျွန်တော်တို့ စိစစ်ရွေးချယ်ပါတယ်။ အဲဒီအထဲမှာ အသေးစားဖော်ဆောင်မှုဆုကလွဲပြီး ကျန်တဲ့ဆု(၈)ဆုကို


မောင်နေသွင်ထွန်း

ကျွန်တော်တို့ ရွေးချယ်ပြီး ဆုချီးမြှင့်နိုင်ခဲ့ပါတယ်။ ဆုတစ်ဆုတိုင်းမှာ သူ့သတ်မှတ်ချက်တွေနဲ့သူ ရှိပါတယ်။ လုပ်ငန်းအောင်မြင်ရုံသာမက ချမှတ်ထားတဲ့ စည်းမျဉ်း၊ စည်းကမ်းတွေကို လိုက်နာမှု ရှိမရှိ၊ ရရှိလာတဲ့ အကျိုးအမြတ်တွေကို နိုင်ငံအတွက် အခွန်တွေကို ထမ်းဆောင်မှု ရှိ၊ မရှိ၊ လူမှုစီးပွားကဏ္ဍတွေမှာ ပြန်ပြီး အကျိုးပြုမှု ရှိ၊ မရှိ၊ သူရဲ့လုပ်ငန်းအလိုက် ရေရှည်တိုးတက်အောင် တီထွင်နိုင်ခြင်း ရှိ၊ မရှိ၊ ရင်းနှီးမြှုပ်နှံမှုတွေ တိုးတက်အောင် ဆောင်ရွက်နိုင်ခြင်း ရှိ၊ မရှိ စတာတွေအထိပါ ကြည့်ပြီး အမှတ်ပေးစည်းမျဉ်းတွေ အသေးစိတ်ချမှတ် ရေးဆွဲခဲ့တာ ဖြစ်ပါတယ်။ ဒီနှစ်မှာ ဆုအသစ်အနေနဲ့ အသေးစားနဲ့ အလတ်စား ဝန်ဆောင်မှုဆိုင်ရာဆုကို ထည့်သွင်း ရွေးချယ်နိုင်ခဲ့ပါတယ်။

**ဗိုလ်မှူးချုပ် ကျော်ဇံမြင့်**
**ဒုတိယဝန်ကြီး၊**
**ပြည်ထဲရေးဝန်ကြီးဌာန**

ဒီနှစ်မှာထူးခြားတဲ့အနေနဲ့ စွမ်းဆောင်မှုအကောင်းဆုံး အထောက်အကူပြုကော်မတီဆုနဲ့ စွမ်းဆောင်မှုအကောင်းဆုံး စည်ပင်သာယာရေးကော်မတီဆုတွေကို စိုက်/မွေး လုပ်ငန်းကော်မတီကနေ တိုးပြီး ချီးမြှင့်တာဖြစ်ပါတယ်။ ဒီလိုဆုချီးမြှင့်တာက နိုင်ငံတော်သမ္မတအနေနဲ့ ရည်မှန်းချက်ကြီးမားစွာနဲ့ ဆုချီးမြှင့်တာဖြစ်ပါတယ်။ နိုင်ငံတော်အတွက် ဖွံ့ဖြိုးတိုးတက်မှုကို တစ်ဖက်တစ်လမ်းကနေ အထောက်အကူဖြစ်စေတဲ့ တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြု ကော်မတီတွေ၊ စည်ပင်သာယာရေး ကော်မတီတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေ၊ တောင်သူတွေကို ချီးမြှင့်တာဖြစ်ပါတယ်။ ဒီလိုချီးမြှင့်တဲ့အတွက် ပြည်သူကိုအကျိုးပြုတဲ့ လုပ်ငန်းရှင်တွေ၊ တောင်သူတွေ ပိုပြီးများလာမယ်လို့ မျှော်လင့်ပါတယ်။

**ဒေါက်တာလင်းအောင်**
**ဒုတိယဝန်ကြီး**
**ဘဏ္ဍာရေးဝန်ကြီးဌာန**

ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ အခွန်ဘဏ္ဍာ ထူးချွန်ထမ်းဆောင်တဲ့လုပ်ငန်းရှင်တွေကို ရွေးချယ်ပေးရတာပါ။ အခြားဆုချီးမြှင့်ရေး


မငြိမ်းစန္ဒီမေ

ကော်မတီတွေနဲ့ မတူတဲ့အချက်က အခြားကော်မတီတွေက တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့က တက်လာတဲ့အပေါ်မှာ စိစစ်ရပါတယ်။ ကျွန်တော်တို့ လုပ်ငန်းကော်မတီက အချက်အလက်ပေါ်မှာ အဓိကယူရပါတယ်။ အပြန်ပြန်အလှန်လှန် ဆွေးနွေးပြီးတော့ စည်းမျဉ်းစည်းကမ်းနဲ့ ကိုက်ညီမှုရှိတာကို ရွေးချယ်ရတာပါ။ အခွန်ဘဏ္ဍာပိုင်းမှာ ဒီလိုဆုချီးမြှင့်တဲ့အတွက် အခွန်ဘဏ္ဍာထမ်းဆောင်မှုဟာ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာတာ တွေ့ရပါတယ်။

နိုင်ငံတော် အဆင့်နှင့်အညီ အကဲဖြတ်ချက် ရွေးချယ်ခဲ့ခြင်းကြောင့် မပါဝင်နိုင်ခဲ့သည့် ထူးချွန်သူများကို ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ အစီအစဉ်များနှင့် ထိုက်တန်သည့် ဂုဏ်ပြုဆုများကို ချီးမြှင့်သွားကြရန်လည်း ယနေ့ကျင်းပသည့် နိုင်ငံ့စွမ်းဆောင်ရည် ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် နိုင်ငံတော်သမ္မတ မှာကြားခဲ့သည်။

# ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်ကြီးဖြစ်ထွန်းအောင် လုပ်ဆောင်ရာ၌ ပြည်သူများထံမှ မှန်ကန်သည့်အသံ၊ လိုအပ်ချက်များသိရှိမှသာ ဆောင်ရွက်နိုင်မည်

**နေပြည်တော် မေ ၁၆**

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် အခြေခံပညာ အထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ ဒေသခံပြည်သူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်၊ ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးသိန်းဆွေ၊ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ် လူမှုရေးအဖွဲ့အစည်းများ၊ ဆရာ ဆရာမများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံကို ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးပြီး ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော် တည်ဆောက်ရန် ရည်မှန်းချက်ချမှတ်ထားပါကြောင်း၊ အဆိုပါ ရည်မှန်းချက်အပေါ် မူတည်၍ ရွေးကောက်ပွဲများကျင်းပပြီး လွှတ်တော်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ တရားရေးအဖွဲ့များ ဖွဲ့စည်းလုပ်ဆောင်ခဲ့ကြောင်း၊ ယခုအခါ သက်တမ်းလေးနှစ်ကျော်၊ ငါးနှစ်အတွင်း ရောက်ရှိလာပြီဖြစ်ပါကြောင်း၊ ရှေ့ဆက်သွားမည့် လမ်းကြောင်းမှန်ပေါ် ရောက်ရှိအောင် လုပ်ပေးနိုင်ခဲ့၍ ရှေ့သို့တိုးပြီး ချီတက်သွားရမည် ဖြစ်ပါကြောင်း။

ရည်မှန်းချက်များ အောင်မြင်ဖြစ်မြောက်ရေးအတွက် ၂၀၁၅ ခုနှစ် နိုဝင်ဘာလအတွင်း တစ်နိုင်ငံလုံး၌ ပါတီစုံ အထွေထွေရွေးကောက်ပွဲ ကျင်းပသွားမည် ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲ ကော်မရှင်ကလည်း ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကို လွတ်လပ်၍ တရားမျှတပြီး ပွင့်လင်းမြင်သာသည့် ရွေးကောက်ပွဲဖြစ်အောင် ကျင်းပသွားမည်ဖြစ်ပြီး လွှတ်တော် အပိုင်းကလည်း ကြိုဆို၊ အသိအမှတ်ပြု ထောက်ခံကာ ပြည်ထောင်စုလွှတ်တော်က ထောက်ခံအတည်ပြုဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါကြောင်း။

ယနေ့ကာလသည် ပါတီစုံဒီမိုကရေစီစနစ်ဖြစ်၍ ပါတီအသီးသီးက ရွေးချယ်ခံကြမည် ဖြစ်ပါကြောင်း။

လွှတ်တော်၏မူဝါဒကို ဖော်ဆောင်နိုင်သည့် **"ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့၏ မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်"** ဟူသော ဆောင်ပုဒ် ချမှတ်ထားပါကြောင်း၊ လွှတ်တော်အတွင်း ပြောဆိုဆွေးနွေး ဆောင်ရွက်ချက်များသည် ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒကို ဖော်ဆောင်နေခြင်းပင် ဖြစ်ပါကြောင်း၊ လွှတ်တော်၌ ပြည်သူများ၏ အကျိုးစီးပွားကို ဖော်ဆောင်နိုင်မည့် ဥပဒေများကို ပြဋ္ဌာန်းပေးလျက်ရှိပါကြောင်း၊ လွှတ်တော်၏ ဆုံးဖြတ်ချက်ကို သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများက အကောင်အထည်ဖော်ကြရပါကြောင်း၊ ပြဋ္ဌာန်းပေးလိုက်သည့် ဥပဒေများကို အစိုးရအဖွဲ့အသီးသီးက လိုက်ပါဆောင်ရွက်ရသကဲ့သို့ ပြည်သူများကလည်း လိုက်နာရမည် ဖြစ်ပါကြောင်း။

အစိုးရတစ်ဖွဲ့တည်း၊ လွှတ်တော်တစ်ဖွဲ့တည်းဖြင့် လုပ်ဆောင်၍မရဘဲ ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဌာနဆိုင်ရာအသီးသီးမှ ဝန်ထမ်းအသီးသီးကလည်း တာဝန်ခံဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ပြည်သူများ ရှေ့မှောက်၌ သက်ဆိုင်ရာအဖွဲ့အစည်းများက အစမ်းသပ်ခံနိုင်ရန် လိုအပ်ပါကြောင်း၊ လွှတ်တော်၌ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသား ပြန်လည်သင့်မြတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး ကိစ္စများကို အလေးထား ဆောင်ရွက်နေပါကြောင်း၊ ထိုနည်းတူ ဝန်ထမ်းများ လစာတိုးမြှင့်ရရှိရေး၊ တောင်သူလယ်သမားအကျိုးစီးပွားမြှင့်တင်ရေး၊ အလုပ်သမားများ ထိုက်သင့်သည့် လုပ်ခလစာရရှိရေး ကိစ္စများကိုလည်း ဆောင်ရွက်နေပါကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်ထွန်းအောင် လုပ်ဆောင်ရာ၌ ပြည်သူများ၏အား လိုအပ်ပါကြောင်း၊ ပြည်သူများထံမှ မှန်ကန်သည့်အသံများ၊ လိုအပ်ချက်များကို သိရှိမှသာ ဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ရေတာရှည်မြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်၊ စစ်တောင်းမြစ်အရှေ့ခြမ်း ဒေါင့်အင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် နဂျပ်ကျေးရွာ အုပ်ချုပ်ရေးမှူးတို့က ဒေသဖွံ့ဖြိုးရေး ကိစ္စရပ်များနှင့် ဒေသ၏ လိုအပ်ချက်များကိုလည်းကောင်း၊ ရေတာရှည် အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်ယဉ်ကြည်က သင်ကြား၊ စီမံကိစ္စရပ်များနှင့် လိုအပ်ချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းက တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးမည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ တွေ့ဆုံပွဲသို့ တက်ရောက် လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ **(အပေါ်ပုံ)**



ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌသည် တွေ့ဆုံပွဲမစတင်မီ ရေတာရှည်မြို့ မဟာဝိဇယာရာမ ကျောင်းတိုက်၌ မြို့နယ်သံဃနာယကဥက္ကဋ္ဌ မဟာနန္ဒာရုံ ကျောင်းတိုက် ပဓာန နာယကဆရာတော် အမှူးပြုသော မြို့ပေါ်ကျောင်းတိုက်များမှ ဆရာတော်များအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို လျှောက်ထားခဲ့သည်။ **(သတင်းစဉ်)**

# လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည့် မိတ္ထီလာ



**နေပြည်တော် မေ ၁၆**

မိတ္ထီလာမြို့နှင့် ဆက်စပ်မြို့နယ်ကျေးရွာများသို့ သောက်သုံးရေ၊ စိုက်ပျိုးရေ ပိုမိုဖြန့်ဝေသုံးစွဲနိုင်ရေးအတွက် မိတ္ထီလာ(မြောက်) ကန်သဲနုန်းတူးဖော်ခြင်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုအား သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်း၊ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးမြင့်သန်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ဆန်းနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများသည် ယနေ့နံနက် ၁၀ နာရီခွဲတွင် သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။ **(ယာပုံ)**

မိတ္ထီလာ(မြောက်) ကန်သည် ယခင်စိုက်ပျိုးဧက ၂၆၀၀ ကျော် ရေဖြန့်ဝေပေးနိုင်ရာမှ ကန်သဲနုန်းတူးဖော်ခြင်း လုပ်ငန်းပြီးစီးသွားပါက စိုက်ပျိုးဧက ၆၆၀၀ ကျော်ကို ဖြန့်ဝေနိုင်မည်ဖြစ်သည်။ စိုက်ပျိုးရေ ပိုမိုတိုးတက် ဖြန့်ဝေပေးခြင်းဖြင့် ဒေသတွင်း လူမှုစီးပွား ပိုမိုတိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် အချိန်ကြန့်ကြာမှုမရှိစေဘဲ ကောင်းမွန်သပ်ရပ်စွာ လုပ်ဆောင်သွားကြရန် ပြည်ထောင်စုဝန်ကြီးများက တိုက်တွန်းမှာကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် မိတ္ထီလာကန်ကူးတံတား တည်ဆောက်နေမှုလုပ်ငန်း အခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းပိုမိုအဆင်ပြေချောမွေ့နိုင်ရေး အကြံပြုကူညီပံ့ပိုးပေးခဲ့သည်။ ဆက်လက်၍ မိတ္ထီလာမြို့ ရှောင်လမ်း ဖောက်လုပ်မည့်နေရာအား သွားရောက်၍ မြေသားလမ်း ဖောက်လုပ်ပြီးစီးမှုအား လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## * ကျော့ဖုံးမှ

ရဲတံခွန် (အလင်းရောင်)မှာ ပြိုင်ဘက်ဗလာဒိုခွန်စကီး (ဆလိုဗက်ကီးယား) ကို အရေးနိမ့် အရှုံးပေးခဲ့ရသည်။

အဆိုပါ ဆလိုဗက်ကီးယား-အာရှ KUNLUN FIGHT လက်ဝှေ့စိန်ခေါ်ပွဲကြီးတွင် အာရှနှင့် ဥရောပနိုင်ငံပေါင်း ၁၄ နိုင်ငံမှ နိုင်ငံကိုယ်စားပြု လက်ဝှေ့ကျော်များ လာရောက်ယှဉ်ပြိုင် ထိုးသတ်ခဲ့ကြသည်။ ပြိုင်ပွဲဖိတ်ခေါ်စဉ်က ငါးချီထိုးသတ်ယှဉ်ပြိုင်ရန် သက်ဆိုင်ရာနိုင်ငံများမှ လက်ဝှေ့သမားများကို ပွဲစီစဉ်သူက ကြိုတင်အကြောင်းကြားထားသော်လည်း ပွဲအရေအတွက်များခြင်းကြောင့် ငါးချီမှ သုံးချီသို့ ပြောင်းလဲယှဉ်ပြိုင်ထိုးသတ်ခဲ့ရသည်။ ထို့အပြင် မြန်မာ့ရိုးရာလက်ဝှေ့ စည်းမျဉ်းအတိုင်း ထိုးသတ်ယှဉ်ပြိုင်မည်ဟု ပြောဆိုထားသော်လည်း ရိုးရာလက်ဝှေ့စည်းမျဉ်းအတိုင်းမဟုတ်ဘဲ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရသည်ဟု ဆိုသည်။

ပြိုင်ပွဲတွင် မြန်မာလက်ဝှေ့ကျော် တူးတူး(နဂါးမာန်)သည် ပွဲစဉ်(၈)တွင် ဆလိုဗက်ကီးယားနိုင်ငံသားလက်ဝှေ့ကျော် ဒင်းနစ်နှင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာပထမအချီအစတွင် ရှိန်နေ၍ ခြေကန်ချက်များဖြင့် အကဲစမ်းနေရင်းမှ ဒင်းနစ်က တူးတူးကို ဘယ်ညာထောက်လက်သီးများ ပစ်သွင်းခဲ့ရာ တူးတူး အနည်းငယ်အထိနာသွားပြီး သူတစ်ပြန် ကိုယ်တစ်ပြန် ထိုးသတ်ခဲ့ရာ ပထမအချီ ၁ မိနစ် ၃၀ စက္ကန့်တွင် ချက်ကောင်းစောင့်နေသော တူးတူး၏ ဘယ်ထောက်လက်သီးမိ၍ ဒင်းနစ်(ဆလိုဗက်ကီးယား) အနားတောင်းခဲ့ရသည်။ ယင်းနောက်ဒုတိယအချီနှင့် တတိယအချီတို့တွင် တူးတူး (နဂါးမာန်)က ဒင်းနစ်၏ အားနည်းချက်ကိုသိ၍ ပင့်လက်သီးနှင့် ဝိုက်လက်သီးတို့ဖြင့် မြန်မာ့လက်ဝှေ့ရေးကိုပြကာ တရစပ်လိုက်လံထိုးသတ်ခဲ့မှုကြောင့် ဒိုင်ကပွဲကို ခဏရပ်စေပြီး သွေးထွက်များနေသော ဒင်းနစ် (ဆလိုဗက်ကီးယား)ကို သွေးသုတ်ပေးခဲ့သည်။ ထိုပွဲတွင် ဒင်းနစ် (ဆလိုဗက်ကီးယား)မှာ အရေးနိမ့်ခဲ့သော်လည်း တတိယအချီ ပြီးဆုံးသည်အထိ သရေဖြင့်ထိန်း၍ ယှဉ်ပြိုင်ထိုးသတ်ခဲ့သည်။ ရဲတံခွန်(အလင်းရောင်)မှာ ဗလာဒိုခွန်စကီး (ဆလိုဗက်ကီးယား)နှင့် ပွဲစဉ် (၁၆)တွင် ယှဉ်ပြိုင်ထိုးသတ်ရာ အရေးနိမ့်၍ အရှုံးပေးခဲ့ရသည်။

"အခုဥရောပကို ပထမဦးဆုံးသွားထိုးတဲ့ ကလေးနှစ်ယောက်ကတော့ တူးတူးက သရေအသာစီးနဲ့ ထိုးနိုင်ပြီး ရဲတံခွန်ကတော့ ရှုံးတယ်လို့ ကြားတယ်။ တိတိကျကျတော့ မသိသေးဘူး။ ဒါပေမယ့် မနက်ဖြန် မနက် ၉ နာရီဆိုရင်တော့ သူတို့အဖွဲ့ပြန်ရောက်လာမှာပါ။ ဒီခရီးစဉ်က မနိုင်ခဲ့ဘူးဆိုပေမယ့် ရှုံးတယ်လို့လည်း ပြောလို့မရပါဘူး။ မြန်မာ့ရိုးရာလက်ဝှေ့က အရင်နဲ့စာရင် ကမ္ဘာကိုထိုးဖောက်နိုင်ပြီလို့ ပြောရမှာပါ။ နောင်ကိုလည်း ခုလိုပြည်ပပွဲတွေကို ခဏခဏလွှတ်ဖို့ စီစဉ်နေပါတယ်။ မြန်မာ့ရိုးရာလက်ဝှေ့ကို ဒီထက်မက တိုးတက်စေချင်တယ်။ တိုးတက်အောင်လည်း ကျွန်တော်တို့ ဆက်လက်ကြိုးစားသွားမှာပါ။ အဓိကကတော့ မျိုးဆက်သစ် မွေးမြူဖို့ပါပဲ"ဟု မြန်မာနိုင်ငံရိုးရာလက်ဝှေ့ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးနေဝင်းက ပြောကြားသည်။

ဆလိုဗက်ကီးယား နိုင်ငံတွင် ကျင်းပသည့် ဆလိုဗက်ကီးယား-အာရှ KUNLUN FIGHT လက်ဝှေ့စိန်ခေါ်ပွဲကြီးတွင် နိုင်ငံပေါင်း ၁၄ နိုင်ငံမှ လက်ဝှေ့ကျော်များ ဖိတ်ခေါ်၍ တွဲဆိုင်း ၁၇ ဆိုင်းဖြင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့သည်။ ယင်းပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်သည့် မြန်မာ့ရိုးရာလက်ဝှေ့သမားနှစ်ဦးကို မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးနေဝင်းက အမေရိကန်ဒေါ်လာ ၁၅၀၀နှင့် မြန်မာ့ရိုးရာလက်ဝှေ့ အဖွဲ့ချုပ် အလုပ်အမှုဆောင် ဦးသိန်းထွန်းမိသားစုက အမေရိကန်ဒေါ်လာ ၁၅၀၀ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)**




ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်၊ ဆရာ/ ဆရာမများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

❒ **ရွှေဖုံးမှ**

ဆေးတက္ကသိုလ်(ရန်ကုန်)သို့ မိမိလာရောက်ရသည့် ရည်ရွယ်ချက်မှာ တာဝန်ကျဝန်ထမ်းများကို အားပေးရန်နှင့် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်)သည် စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့၌ ဖွင့်လှစ်ထားခြင်းဖြစ်၍ ပုံရိပ်ကောင်းများထင်ဟပ်စေချင်ပါကြောင်း၊ အရည်အသွေးပြည့်ဝသည့် တက္ကသိုလ်ဘွဲ့ရများကိုမွေးထုတ်နိုင်ရန် လိုအပ်ကြောင်း၊ ခေတ်စနစ်အရ နိုင်ငံတကာအဆင့်မီရန် အနည်းဆုံး ဒေသတွင်းနိုင်ငံများနှင့် ရင်ပေါင်တန်းရန် လိုအပ်ကြောင်း၊ နိုင်ငံတကာတက္ကသိုလ်များနှင့် ချိတ်ဆက်မှုများကိုလည်း အနာဂတ်အမြင်များဖြင့် ရှုမြင်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ပြည်တွင်း၌ပင် လူနာများအားကိုးအားထားရာ ဌာနတစ်ခုဖြစ်စေချင်ကြောင်း၊ လူနာများကို စေတနာမေတ္တာများနှင့် နွေးထွေးမှုများပေးနိုင်အောင် သင်ကြားပေးစေလိုကြောင်း၊ တက္ကသိုလ်၏ လိုအပ်ချက်များကို နိုင်ငံတော်ပိုင်းက ဘတ်ဂျက်စည်းမျဉ်း စည်းကမ်းများနှင့်အညီ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် တာဝန်ရှိသူများနှင့်အတူ သွားရောဂါကုဆေးပညာဌာန၊ သွားဖုံးရောဂါကုပညာဌာန၊ စာကြည့်တိုက်၊ သွားတုဆေးပညာဌာန၊ သွားညှိကုပညာဌာန၊ မေးရိုးနှင့်ခံတွင်း ခွဲစိတ်ကုပညာဌာနနှင့် ခုတင် ၅၀ ဆံ့ သင်ကြားရေးဆေးရုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်) ကို ၁၉၉၇ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သည်။ ဆေးတက္ကသိုလ်(ရန်ကုန်)၌ ခုတင် ၅၀ ဆံ့ သင်ကြားရေး ဆေးရုံလည်းပါရှိရာ ၂၀၁၄ ခုနှစ်တွင် လူနာ ၈၀၉၃ ဦးတို့ အသေးစား ခွဲစိတ်ကုသမှုများခံယူခဲ့ကြောင်း သိရသည်။ လက်ရှိတွင် ဘွဲ့ကြို၊ ဘွဲ့လွန် သင်တန်းသား ၁၁၂၈ ဦးတို့ တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

❁ **ရွှေဖုံးမှ**

အလားတူ ၂၀၁၅ ခုနှစ် မေ ၁၇ ရက်တွင် ကျရောက်သည့် နော်ဝေနိုင်ငံ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ နော်ဝေနိုင်ငံ ဝန်ကြီးချုပ် မစ္စအာနာဆိုးလ်ဘတ်ဂ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် နော်ဝေနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် မေ ၁၇**

၂၀၁၅ ခုနှစ် မေ ၁၇ ရက်တွင်ကျရောက်သည့် နော်ဝေနိုင်ငံ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ နော်ဝေနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဘော့ဂ်ျဘရန်ဒီးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**




## မြစ်ကြီးနားနှင့် ပူတာအိုလေဆိပ်အဆောက်အအုံတိုးချဲ့ခြင်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၆**

ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော်သည် ကချင်ပြည်နယ် မြစ်ကြီးနားလေဆိပ်အဆောက်အအုံသစ်နှင့် ပူတာအိုလေဆိပ်အဆောက်အအုံ တိုးချဲ့ဆောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများကို မေလ ပထမပတ်အတွင်းက သွားရောက်စစ်ဆေးခဲ့သည်။ **(ဓာတ်ပုံ)**

ဒုတိယဝန်ကြီးသည် ခရီးစဉ်အတွင်း မြစ်ကြီးနားနှင့် ပူတာအိုလေဆိပ်ဖွံ့ဖြိုးရေး လုပ်ငန်းများနည်းတူ ပြည်နယ်အတွင်းရှိ အခြားလေဆိပ်များ၏ဖွံ့ဖြိုးရေးနှင့် ဆက်စပ်လုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ပြီးစီးရေး၊ အပြည်ပြည်ဆိုင်ရာ စံညွှန်းများနှင့်ကိုက်ညီရေး၊ ဘဏ္ဍာငွေလေလွင့်ဆုံးရှုံးမှု မရှိစေရေးနှင့် ခရီးသည်များ၏လိုအပ်ချက်များကို စဉ်ဆက်မပြတ် ချောမွေ့စွာ ဖြည့်ဆည်းပေးနိုင်ရေးတို့ကို တာဝန်ရှိသူအဆင့်ဆင့်မှအလေးထား၍ စနစ်တကျကြီးကြပ်ဆောင်ရွက်ရန် မှာကြားသည်။

ကချင်ပြည်နယ်အတွင်း မြစ်ကြီးနား၊ ပူတာအို၊ ဗန်းမော်နှင့် နောင်မွန်းလေဆိပ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ၂၀၁၂-၂၀၁၃ ခု ဘဏ္ဍာနှစ်မှ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာနှစ်အထိ စုစုပေါင်းငွေကျပ် ၆၉၉၈ ဒသမ ၈၂၉ သန်းနှင့် အမေရိကန်ဒေါ်လာ ၀ ဒသမ ၆၅ သန်းသုံးစွဲခဲ့ပြီး ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၂၁၃၆ ဒသမ ၀၀ သန်းအား ဆက်လက်သုံးစွဲ အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ်ခွဲစိတ်ကုသ

**ဘားအံ မေ ၁၆**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ်ခွဲစိတ်ကုသခြင်း အခမ်းအနားကို မေ ၁၅ ရက် နံနက် ၈ နာရီခွဲက ကရင်ပြည်နယ် ပြည်နယ်ပြည်သူ့ဆေးရုံကြီး သုံးထပ် တိုးချဲ့လူနာဆောင်ခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နာယက ဒေါ်နီနီဝင်းက မျက်စိရောဂါဝေဒနာရှင်များအတွက် ထောက်ပံ့ငွေများပေးအပ်လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က အလှူငွေများပေးအပ်လှူဒါန်းရာ မျက်စိရောဂါဝေဒနာရှင် ၅၂ ဦးအတွက် ၂၃ သိန်း၊ ပြည်နယ်ပြည်သူ့ဆေးရုံကြီးအတွက် ငွေကျပ် ၁၀ သိန်းနှင့် ဆေးဝါးပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ပြည်နယ်အမျိုးသမီးရေးရာ အဖွဲ့နာယက ဒေါ်ညွန့်ညွန့်ဝေက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ မျက်စိခွဲစိတ်လူနာများအား ပြည်နယ်အစိုးရအဖွဲ့က လူနာ ၅၂ ဦးအတွက် အလှူငွေကျပ် ၂၆၀၀၀၀၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့က ထမင်းဘူးနှင့် မုန့်များလှူဒါန်းခဲ့ပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နာယကနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်အမျိုးသမီးရေးရာနာယကနှင့်အဖွဲ့ဝင်များက မျက်စိခွဲစိတ်လူနာများအား လှည့်လည်ကြည့်ရှုအားပေးစကား ပြောကြားကာ လက်ဆောင်ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့သည်။

ဆက်လက်ပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်နာယကနှင့် အဖွဲ့ဝင်များသည် ဘားအံမြို့ အမှတ်(၄)ရပ်ကွက်ရှိ ရက်ကန်းနှင့် အသက်မွေးပညာ သင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုလေ့လာအားပေးပြီး သင်တန်းသူများအား ဝတ်စုံနှင့် ဦးထုပ်များ ပေးအပ်ခဲ့သည်။

ထို့နောက် ဘားအံမြို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အိမ်တွင်းမှုသင်တန်းကျောင်း၌ ဖွင့်လှစ်ထားသည့် စက်ချုပ်သင်တန်းသို့ သွားရောက်ကြည့်ရှုပြီး သင်တန်းသူများနှင့် ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားပြောကြားခဲ့ကာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် တိုင်းရင်းသားရေးရာအဖွဲ့ခေါင်းဆောင် ဒေါ်မြင့်မြင့်စိုးက စာရေးကိရိယာများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။



**(ပြည်နယ် ပြန်/ဆက်)**

✻ ရှေ့ဖုံးမှ

နေရောင်ခြည်ရရှိမှု အပြင်းထန်ဆုံးမို့ မိုးမရွာသေးတဲ့ မြန်မာနိုင်ငံ မြောက်ပိုင်းနဲ့ အလယ်ပိုင်းဒေသတွေ ပိုပူတယ်လို့ ခံစားကြရနိုင်ပါတယ်။ အဓိကကတော့ မကွေးတိုင်းဒေသကြီးပါ။ နှစ်ရက်အတွင်း အပူချိန်ကျဆင်းပြီး မိုးရွာသွန်းမယ်" လို့ မိုးလေဝသပညာရှင် ဦးထွန်းလွင်က ပြောပါတယ်။

ကမ်းရိုးတန်းဒေသနေထိုင်သူတွေအတွက် အလွန်အရေးကြီးသည့် မိုးဦးကျကာလ မိုးတိမ်တောင်အန္တရာယ်ကို သတိပြုစရာရှိသော်လည်း အပူချိန်များကျဆင်းမှုကြောင့် ဝမ်းသာကြောင်း မြိတ်မြို့မှ ကုန်သည်တစ်ဦးက ဒေသအပူချိန်ကျဆင်းမှုအခြေအနေကို ပြောပါတယ်။

ထို့အပြင် မိုးလေဝသ သတင်းအလွဲတစ်ခုကြောင့်လည်း ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် အခြေခံစားသောက်ကုန်များကို အပြေးအလွှားဝယ်ယူသူများရှိခဲ့ပြီး ယင်းမှာ မုန်တိုင်းတစ်ခုဝင်ရောက်မည်ဟူသည့် သတင်းကြောင့် လက်လီစားသောက်ကုန်များ ဈေးနှုန်းမြင့်တက်လာတယ်လို့ ဆန်ရောင်းဝယ်သူတစ်ဦးက ဆိုပါတယ်။

"အမေရိကန်ပြည်ထောင်စု မိုးလေဝသဌာနတစ်ခုကနေ ခန့်မှန်းထားချက်အရ မုန်တိုင်းငယ်ဖြစ်ပေါ်နိုင်တဲ့ လေဖိအားနည်းရပ်ဝန်းတစ်ခုက မေ ၂၀ မှာ စတင်နိုင်တယ်လို့သိရပေမယ့် ကျွန်တော့်အမြင်ပြောရရင် မုန်တိုင်းဖြစ်ပေါ်ဖို့ အလားအလာကို မတွေ့ရပါဘူး။ အပြောင်းအလဲဖြစ်နိုင်မှုတွေကိုတော့ ဆက်လက်စောင့်ကြည့်ရမှာဖြစ်ပါတယ်။ မိုးတိမ်တောင်တွေရဲ့ အခြေအနေကိုလည်း သတိထားဖို့တော့ လိုအပ်တယ်"လို့ ဦးထွန်းလွင်က ရှင်းပြပါတယ်။

မိုးစတင်ရွာသွန်းခဲ့သဖြင့် ဒေသအချို့တွင် မိုးကြီးခဲ့ကာ ပုသိမ်ကြီးမြို့တွင် ၄ ဒသမ ၃၅လက်မ၊ သထုံမြို့တွင် ၂ ဒသမ ၆၈လက်မ၊ တံတားဦးမြို့တွင် ၁ ဒသမ ၉၃ လက်မ၊ စဉ့်ကိုင်မြို့တွင် ၁ ဒသမ ၈၀ လက်မ၊ ကျောက်ဆည်နှင့် ဘီးလင်းမြို့တို့တွင် ၁ ဒသမ ၆၅ လက်မစီနှင့် စဉ့်ကူးမြို့တွင် ၁ ဒသမ ၂၀ လက်မ၊ နေပြည်တော်နှင့် တောင်ကြီးမြို့တို့တွင် ၁ ဒသမ ၁၄ လက်မ အသီးသီးအထိ ရှိခဲ့တယ်လို့ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရှိရပါတယ်။

ယနေ့နံနက်မှစတင်ကာ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်လည်း မိုးရွာသွန်းခဲ့သဖြင့် အပူချိန်များ လျော့နည်းသွားခဲ့သည်။

"စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနဲ့ မွန်ပြည်နယ်တွေမှာ အများဆုံး မိုးရွာသွန်းမှုတွေ ဖြစ်ပွားခဲ့ပါတယ်။ ရန်ကုန်၊ မန္တလေးနဲ့ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်တို့မှာလည်း မိုးထစ်ချုန်းရွာသွန်းခဲ့ပါတယ်။ မုတ်သုံမိုးကြောင့် မန္တလေးတိုင်းဒေသကြီးမှာ ဒေသအလိုက် မိုးကြီးခဲ့တယ်"လို့ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြပါတယ်။

မိုးရွာသွန်းခဲ့တာကြောင့် အပူချိန်များ ကျဆင်းခဲ့ရာတွင် ယမန်နေ့က ရန်ကုန်မြို့အမြင့်ဆုံးအပူချိန် ၃၈ဒီဂရီ စင်တီဂရိတ်ရှိနေရာမှ ယနေ့အမြင့်ဆုံးအပူချိန်မှာ ၃၂ ဒီဂရီစင်တီဂရိတ်ဖြစ်လာခဲ့တာကို မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်တွေအရ သိရပါတယ်။

မိုးရွာသွန်းမှုကြောင့် ရန်ကုန်မြို့မှာ ရေကြီးရေလျှံမှုအထိ မဖြစ်ပွားခဲ့ပေမယ့် တောင်ဥက္ကလာပမြို့နယ်နှင့် ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်အစရှိသော မြို့နယ်အချို့တွင် ရေတင်ကျန်မှုများကြောင့် ယာဉ်ကြောပိတ်ဆို့မှု ပိုမိုဆိုးရွားခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ်အတွင်းမှာလည်း မိုးသက်လေပြင်းကြောင့် ရှင်အပါး ၅၀၀၀ စုပေါင်းရှင်ပြုပွဲ အခက်ကြုံခဲ့ရသေးတယ်လို့ ဒေသခံများထံက သိရပါတယ်။

"မုတ်သုံဝင်ရောက်လာမှာမို့ အပူချိန်တွေက ကျဆင်းနေပါပြီ။ မုတ်သုံက ကျွန်တော်တို့ဆီကို နောက်ကျပြီးဝင်တာ ပုံမှန်ဖြစ်နေပါပြီ။ အခုတစ်ပတ်အတွင်းမှာတော့ မိုးသက်လေပြင်းကျတာတွေ၊ မိုးများတာတွေကို မြန်မာနိုင်ငံအောက်ပိုင်းဒေသတွေမှာ ကြုံရနိုင်ပြီး မိုးရေချိန် ၁ လက်မကနေ ၃ လက်မခွဲအထိ မြင့်တက်လာနိုင်ပါတယ်။ ဒါကြောင့် ကမ်းရိုးတန်းဒေသ ဒေသခံတွေ အထူးဂရုပြုသင့်တယ်" လို့ ဒေါက်တာထွန်းလွင်က ရှင်းပြပါတယ်။

မည်သို့ပင်ဖြစ်စေ ပူပြင်းခြောက်သွေ့တဲ့ နွေရာသီကို ကျော်လွှားပေးမယ့် မုတ်သုံမိုးကြောင့် တစ်ပြည်လုံးအတိုင်းအတာနဲ့ အပူချိန်ကျလာပြီး ရေခြောက်ခန်းမှုကြောင့် သောက်သုံးရေအခက်အခဲများလည်း မုတ်သုံမိုးနှင့်အတူ လွန်မြောက်နိုင်တော့မယ်ဆိုတာတော့ အသေအချာပါပဲ။

● ကျောဖုံးမှ

ကာတာအသင်းတို့သည် ၂၀၁၄ ခုနှစ် အောက်တိုဘာလက မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် အာရှယူ-၁၉ ပြိုင်ပွဲတွင် တွေ့ဆုံခဲ့ဖူးသည်။ ဆီမီးဖိုင်နယ်တွင် တွေ့ဆုံခြင်းဖြစ်ပြီး မိနစ် ၉၀ တွင် နှစ်ဂိုးစီ သရေကျနေသော်လည်း အချိန်ပိုတွင် ကာတာအသင်းက အနိုင်ဂိုးသွင်းယူခဲ့ခြင်းဖြစ်သည်။ ကာတာအသင်းမှာ ယင်းပြိုင်ပွဲတွင် ဗိုလ်စွဲထားသည့် အသင်းလည်းဖြစ်သည်။

ကာတာအသင်းသည် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အုပ်စု(ဂ) ၌ ကိုလံဘီယာ ၊ ပေါ်တူဂီ၊ ဆီနီဂေါ အသင်းတို့နှင့် အတူပါဝင်နေပြီး မြန်မာအသင်းသည် အုပ်စု (က) တွင် နယူးဇီလန်၊ ယူကရိန်း၊ အမေရိကန်အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်လျက်ရှိသည်။ ယင်းခြေစမ်းပွဲကို မေ ၂၀ ရက်တွင် ကစားရန် စီစဉ်ထားကြောင်း သိရသည်။

◆ ကျောဖုံးမှ

အလောင်းတစ်လောင်း၊ လက်နက်မျိုးစုံသုံးလက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့သည်။

လောက်ကိုင်ဒေသ အတွင်း MNDAA သောင်းကျန်းသူအကြွင်းအကျန်များ အခြေပြုနေထိုင်လှုပ်ရှားမှုများ လုံးဝမရှိစေရေး တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းမှုဖြင့် အမြစ်ပြတ်ချေမှုန်းတိုက်ခိုက် သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(မြဝတီ)



သိမ်းဆည်း ရမိသည့် လက်နက် ခဲယမ်း ပစ္စည်းများကို တွေ့ရစဉ်။

ဓာတ်ပုံ-မြဝတီ

# တောင်ငူတွင် ငွေစက္ကူအတုပြုလုပ်သူများနှင့် ငွေစက္ကူတုပြုလုပ်ရာတွင် အသုံးပြုသည့် ကွန်ပျူတာဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

**တောင်ငူ မေ ၁၆**

တောင်ငူမြို့ ကံရိုးကျေးရွာ ရန်ကုန်-မန္တလေးလမ်းဘေးရှိ လျှံလျှံစားသောက်ဆိုင်တွင် မေ ၁၁ ရက်က ငွေစက္ကူအတု ၇၆ သိန်းကျော် ဖမ်းဆည်းရမိသည့် အမှု၏ နောက်ဆက်တွဲ ငွေစက္ကူပြုလုပ်သူများကို မေ ၁၅ ရက် မွန်းလွဲ ၂ နာရီက ဖမ်းဆီးရမိကြောင်း သက်ဆိုင်ရာမှ သိရသည်။

ဖြစ်စဉ်မှာ ငွေစက္ကူအတုပြုလုပ်သူများကိုသတင်းအရ မှုခင်းရဲတပ်ဖွဲ့မှ ဒုရဲမှူး လှသိန်းစိုး ဦးစီးသည့်အဖွဲ့ တောင်ငူခရိုင်ရဲတပ်ဖွဲ့မှ ရဲအုပ်စိုင်းကျော်မျိုးထွန်း ဦးစီးသည့်ပူးပေါင်းအဖွဲ့တို့သည် စောအယ်မောင်ထံမှ သိမ်းဆည်းရမိသော ငွေစက္ကူအတုများမှာ တောင်ငူမြို့နယ် ကေတုမတီမြို့သစ် တပင်ရွှေထီး ရပ်ကွက် ရန်ကုန်- မန္တလေး ပုံမှန်လမ်းဟောင်းဘေးနေ ဒေါက်တာ သက်မိုး(၄၆ နှစ်) နှင့်ဇော်လွင်(၃၂နှစ်) အင်ဒိုင်းကျေးရွာနေ ထွန်းဝင်းခိုင်(ခ)ကိုခိုင် (၃၅ နှစ်) တို့သည် နေအိမ်တွင် ကွန်ပျူတာနှင့် ကာလာပရင်တာတို့ကို အသုံးပြု၍ ငွေတုများပြုလုပ်ကြောင်း သွားရောက်ရှာဖွေစစ်ဆေးခဲ့ရာ အဆိုပါနေအိမ်၌ နေအိမ်၏ ဘုရားခန်းအတွင်းမှ ငွေစက္ကူ ပါကင်ထုပ်ရာတွင် အသုံးပြုသော စာရွက်အား Scan ဖတ်ထားသည့် A4 စာရွက် နှစ်ရွက် KW-Trio 13300 စာတန်းပါ စက္ကူဖြတ်စက်တစ်ခု Fjitsu အမျိုးအစား ၁၄ လက်မလက်တော့ တစ်လုံးနှင့်ဘုရားစင် ပေါ်ရှိ Nestle တံဆိပ်ပါ အမြင့်ငါးလက်မခန့်ရှိ သံဘူးဝိုင်းအတွင်း ထည့်ထားသော ဂဠ(CK) 3046044 နံပါတ်စဉ် အင်္ဂလိပ်ဗဟိုမှ (sic) အက္ခရာဂဏန်းပါအဖြူအမည်းငွေတုငါးရွက်၊ ဂည (CJ)



7256621 နံပါတ်စဉ်အက္ခရာဂဏန်းပါအဖြူအမည်းငွေတု သုံးရွက်၊ အသုံးပြုခဲ့ A4 နိုင်ငံခြားစက္ကူထုပ်တစ်ထုပ်၊ EPSONL-210 ပရင်တာ၏ စက္ကူပုံးခွံတစ်ခုတို့ကိုလည်းကောင်း နေအိမ်နောက်ကျောဘက်ရှိ ခြံဝင်းအလွတ်အတွင်း မြေကြီးပေါ်တွင် တစ်ဝက်တစ်ပျက် မီးလောင်ကျွမ်းထားသော ၅၀၀၀ တန် ငွေတုအပိုင်းအစ ၃၀ ခု ရေစို၍ အရောင်လွင့်နေသော ၅၀၀၀ တန်ငွေတု ၁၄ ရွက် လုံးခြေထားသော ၅၀၀၀ တန် ငွေစက္ကူတစ်လုံးအားလည်းကောင်း၊ မီးရှို့ထားသော ၁၀၀၀ တန်ငွေတု အပိုင်းနှစ်ရွက်တို့ကို သက်သေများရှေ့တွင် သိမ်းဆည်းရမိခဲ့သည်။

ယင်းနောက်ဆက်လက် ရှာဖွေရာ နေအိမ်၏ ဧည့်ခန်းနံရံကပ်ဗီရို၏ အောက်ဆုံးထပ်တွင် ပြောင်းရှည် ရှစ်လက်မခန့်၊ ဒင်သုံးလက်မခန့်ရှိ ယမ်းထောင်းထည့်ရသော လုပ်သေနတ်အတို တစ်လက်ကို ဆက်လက်ရှာဖွေ တွေ့ရှိခဲ့ကြောင်း သိရသည်။ အဆိုပါဖြစ်စဉ်အား သက်ဆိုင်ရာမှ စုံစမ်းစစ်ဆေးလျက်ရှိပြီး အရေးယူဆောင်ရွက်ထား ကြောင်း သိရသည်။ (၁၂၃)



## ဥရောပလိဂ်များ ဘောလုံးပွဲအနိုင်/အရှုံး

**ဘွန်ဒက်စ်လီဂါပွဲစဉ် (၃၃)**

| | | |
|---|---|---|
| ရှော်လ်ကေး | ၁ - ၀ | ပါဒါဘွန်း |
| လေဗာကူဆင် | ၂ - ၀ | ဟော်ဖန်ဟိမ်း |
| ဝုဖ်ဘတ် | ၂ - ၁ | ဒေါ့မွန် |
| မိန့်ဇ် | ၂ - ၀ | ကိုလုံး |
| အော့စ်ဘတ် | ၁ - ၂ | ဟန်နိုဗာ |
| ဟာသာဘာလင် | ၀ - ၀ | ဖရန့်ဖတ် |
| ဖရိုင်းဘတ် | ၂ - ၁ | ဘိုင်ယန်မြူးနစ် |
| စတုဂတ် | ၂ - ၁ | ဟမ်းဘတ် |
| ဘရီမင် | ၀ - ၂ | ဂလာဘတ် |

**ပရီမီယာလိဂ်ပွဲစဉ် (၃၇)**

| | | |
|---|---|---|
| ဆောက်သမ်တန် | ၆ - ၁ | ဗီလာ |
| ဘန်လေ | ၀ - ၀ | စတုတ် |
| ကျူပီအာ | ၂ - ၁ | နယူးကာဆယ် |
| ဆန်းဒါးလန်း | ၀ - ၀ | လက်စတာ |
| ဝက်စ်ဟမ်း | ၁ - ၁ | အဲဗာတန် |
| စပါး | ၂ - ၀ | ဟားလ်စီးတီး |

# ချန်ပီယံဆုမှန်းထားပါတယ်၊ သေချာတာက ဆုတံဆိပ်မလွတ်ပါဘူး၊

## မြန်မာယူ-၂၃ အသင်းအုပ်ချုပ်သူ ဦးသန်းတိုးအောင်နှင့်တွေ့ဆုံခြင်း

**တွေ့ဆုံမေးမြန်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-ဖိုးသော်ဇင်**

စင်ကာပူနိုင်ငံတွင် ကျင်းပတော့မည့် (၂၈) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာ ယူ-၂၃ ဘောလုံးအသင်းမှာ လေ့ကျင့်ပြင်ဆင်မှုများ ပြင်းပြင်းထန်ထန်ပြုလုပ်လျက်ရှိသည်။ အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့် (၂၇) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုမရရှိဘဲ အုပ်စုအဆင့်မှ ထွက်ခဲ့ရသောကြောင့် မြန်မာယူ-၂၃ အသင်းမှာ ယခုဆီးဂိမ်းတွင် ဆုတံဆိပ် ပြန်လည်ရယူနိုင်ရေးအဖြစ် ပြင်ဆင်လျက်ရှိရာ လေ့ကျင့်ပြင်ဆင်မှုအပိုင်းနှင့် ပတ်သက်၍ အသင်းအုပ်ချုပ်သူ ဦးသန်းတိုးအောင်ကို မြန်မာ့အလင်းသတင်းအဖွဲ့က တွေ့ဆုံမေးမြန်းခဲ့သည်။



ဦးသန်းတိုးအောင်(အသင်းအုပ်ချုပ်သူ)

**မေး။ ။ လက်ရှိအသင်းအနေအထားကို ဘယ်လိုမြင်ပါသလဲ။**

ဖြေ။ ။ မြန်မာယူ-၂၀ အသင်းနဲ့ကစားခဲ့တဲ့ ခြေစမ်းပွဲအပြီးထိ အသင်းအပေါ် အားရကျေနပ်ပါတယ်။ အသင်းရဲ့ အကောင်းဆုံးခြေစွမ်းဆိုတာထက် ကစားသမားတွေရဲ့ ကြိုးစားအားထုတ်မှု၊ စည်းလုံးညီညွတ်မှု၊ နိုင်လိုစိတ် ပြင်းပြမှုတွေကို ပိုပြီးအားရတာပါ။

**မေး။ ။ အခု ဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်မယ့် ယူ-၂၃ အသင်းက အာရှယူ-၂၂ ခြေစစ်ပွဲဝင်ခဲ့တဲ့ အသင်းကို အခြေခံထားတာဆိုတော့ ဒီနှစ်သင်းကြား ဘာကွာခြားမှုရှိပါသလဲ။**

ဖြေ။ ။ အာရှယူ-၂၂ ခြေစစ်ပွဲဝင်တုန်းက ပြင်ဆင်ချိန် လုံလုံလောက်လောက်မရခဲ့ပါဘူး။ AFC Cup ခြေစစ်ပွဲဝင်ရမယ့် ဧရာဝတီနဲ့ ရတနာပုံက ကစားသမားတွေကို ပြန်ပေးခဲ့ရတယ်။ အခုအသင်းမှာ လိုချင်တဲ့ကစားသမားတွေလည်း ရထားတယ်။ အာရှခြေစစ်ပွဲဝင်ခဲ့တဲ့ အသင်းထက် ပိုအားရပါတယ်။

**မေး။ ။ အခုဆီးဂိမ်းပြိုင်ပွဲဝင်မယ့်အသင်းမှာ နာမည်ကြီးကစားသမားတချို့ကို မရွေးချယ်ခဲ့တာ ဘာကြောင့်ပါလဲ။**

ဖြေ။ ။ နာမည်ရကစားသမားတချို့ဟာ ဆီးဂိမ်းပြိုင်ပွဲကို အကြိမ်ကြိမ်ယှဉ်ပြိုင်ပြီးပါပြီ။ ပြီးခဲ့တဲ့ အိမ်ရှင် လုပ်တဲ့ပြိုင်ပွဲမှာလည်း အောင်မြင်မှုမရခဲ့ပါဘူး။ ဒါကြောင့် ဒီတစ်ကြိမ်ကို လူငယ်တွေနဲ့ပဲ သွားချင်ပါတယ်။ သူတို့ဟာ ကစားသမားကောင်းတွေဖြစ်ပြီး လက်ရွေးစင်အသင်းမှာပဲ ကစားရတော့မှာပါ။ ကစားသမားသစ်တွေနဲ့ပဲ သွားပြိုင်ပြီး စိတ်ဓာတ်နုသေးတဲ့သူကို ပုံစံသွင်းရတာပိုလွယ်ကူနိုင်ပါတယ်။

**မေး။ ။ ဆီးဂိမ်းမတိုင်ခင် သွားရောက်ကစားဖို့ စီစဉ်ထားတဲ့ပြည်ပခရီးစဉ်တွေက တစ်ခုပြီးတစ်ခု ပျက်နေတော့ အသင်းပြင်ဆင်တဲ့အပေါ် ထိခိုက်မှု ရှိပါသလား။**

ဖြေ။ ။ ဆားဘီးယားနဲ့ ဂျပန် ခရီးစဉ်ပျက်တယ်။ အခု ထိုင်းခရီးစဉ်က ရက်နောက်ဆုတ်တယ်။ အသင်းရဲ့ လေ့ကျင့်မှုအပိုင်းကို ထိခိုက်ပေမယ့် ခြေစမ်းပွဲများများ မကစားရလို့ဆိုတဲ့ ဆင်ခြေမပေးလိုပါဘူး။ အခက်အခဲတွေကြားထဲက အောင်မြင်အောင်လုပ်မှာပါ။ ကျွန်တော်တို့အသင်းရဲ့ အုပ်ချုပ်နည်းပြ၊ ကစားသမားတွေမှာ ဆင်ခြေဆိုတာ မရှိပါဘူး။

**မေး။ ။ (၂၇) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲမှာ မြန်မာအသင်းဟာ နှစ်သင်းထိပ်တိုက် တွေ့ဆုံမှုစည်းမျဉ်းနဲ့ အုပ်စုကနေ ထွက်ခဲ့ရပါတယ်။ ပွဲအပြီးမှာ ဒီစည်းမျဉ်းကို မသိဘူးဆိုပြီး နည်းပြချုပ်က ဆိုခဲ့ပါတယ်။ အခုတစ်ကြိမ်မှာရော ဒီလိုဖြစ်ရပ်မျိုးမဖြစ်အောင် ဘယ်လိုလုပ်ထားပါသလဲ။**

ဖြေ။ ။ ကျွန်တော်ဟာ ကစားသမားဘဝကတည်းက ပြိုင်ပွဲတစ်ပွဲ ပြိုင်တော့မယ်ဆိုရင် စည်းမျဉ်းစည်းကမ်းကို အရင်လေ့လာပါတယ်။ ဒါဟာ ကျွန်တော့်အတွက် အခက်အခဲမရှိပါဘူး။ ပြီးခဲ့တဲ့ ဆီးဂိမ်းပြိုင်ပွဲကဖြစ်ရပ်ဟာ အုပ်ချုပ်၊ နည်းပြအဖွဲ့တွေရဲ့ ဆင်ခြေတစ်ခုပါ။

**မေး။ ။ လာမယ့်ဆီးဂိမ်းပြိုင်ပွဲအပေါ် သုံးသပ်ပေးပါဦး။**

ဖြေ။ ။ အုပ်စုအနေအထားက မျှတပြီး အခွင့်အရေးကိုယ်စီရှိပါတယ်။ အုပ်စုမှာတွေ့မယ့် အသင်းတိုင်းကို မကြောက်သလို လျှော့တွက်တာလည်း မရှိပါဘူး။ တစ်သင်းနဲ့ တစ်သင်းဟာ ကွာခြားမှုမရှိတာကြောင့် ကစားသမားတွေရဲ့ကြိုးစားမှု၊ နိုင်လိုစိတ်အပြည့်ရှိရင် ရလဒ်ကောင်းမှာပါ။ စင်ကာပူအသင်းကတော့ အိမ်ရှင်အသင်းဖြစ်တဲ့အတွက် ဘက်ပေါင်းစုံက သတိထားရမှာပါ။ ကျွန်တော်တို့က ချန်ပီယံဆုမှန်းပြီး ယှဉ်ပြိုင်မှာပါ။ သေချာတာက ဆုတံဆိပ်တော့ မလွတ်ပါဘူး။

**မေး။ ။ နောက်ဆုံးအနေနဲ့ ဖြည့်စွက်ပြောချင်တာများ ရှိပါသလား။**

ဖြေ။ ။ ဆီးဂိမ်းအောင်နိုင်ရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနကနေ On-Duty ယူပြီး လာနေပေးနေတာပါ။ ဒီအတွက် ဆောက်လုပ်ရေး ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးကို ကျေးဇူးတင်ပါတယ်။ ဆီးဂိမ်းမှာ နံပါတ်-၁ က ဘောလုံးပါ။ ဘောလုံးမှာ ရွှေမရရင်ပြည်သူတွေလည်း အပြည့်အဝမပျော်နိုင်ပါဘူး။ သန်း ၅၀ ကျော်သော ပြည်သူတွေကို ဆီးဂိမ်းရွှေဆုနဲ့အတူ တဒင်္ဂပျော်ရွှင်မှု ပေးချင်ပါတယ်။ ဒါဟာ MFF ဥက္ကဋ္ဌ ဦးဇော်ဇော်နဲ့ ကျွန်တော်တို့ရဲ့ ဆန္ဒပါ။ နောက်ပြီးတော့ ဥက္ကဋ္ဌကိုလည်း ကျေးဇူးဆပ်ချင်ပါတယ်။ ဥက္ကဋ္ဌဟာ မြန်မာဘောလုံးတိုးတက်ဖို့ အားသွန်ခွန်စိုက်လုပ်ပေးနေတဲ့သူပါ။ ဒါကြောင့် နည်းပြဟောင်းတွေ၊ လက်ရှိနည်းပြတွေ၊ ဘောလုံးသမားဟောင်းတွေ၊ လက်ရှိ ဘောလုံးသမားတွေကိုယ်စား ကျွန်တော်တို့အသင်းက ဆုတံဆိပ်တစ်ခုခုရယူပြီး MFF ဥက္ကဋ္ဌကို ကျေးဇူးဆပ်ချင်ပါတယ်။

# ပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယပွဲစဉ်(ပဲခူး)၏ စတုတ္ထနေ့ပြိုင်ပွဲ ဆုချီးမြှင့်

**ရန်ကုန် မေ ၁၆**

မြန်မာနိုင်ငံတွင် ထူးချွန်သော ဂေါက်သီး အားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တိုက်တွန်း အားပေးကူညီမှုဖြင့် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေကကြီးမှူး၍ မြဝတီဘဏ်လီမိတက်မှ အဓိကကူညီပံ့ပိုးပေးသော ၂၀၁၅ခုနှစ် ဒုတိယပွဲစဉ်(ပဲခူး)၏ စတုတ္ထနေ့ ၁၈ ကျင်းပြိုင်ပွဲကို မေလဒုတိယပတ်က ပဲခူးမြို့ရှိ ဟံသာဝတီဂေါက်ကလပ်၌ ဆက်လက်ကျင်းပသည်။

စတုတ္ထနေ့ ၁၈ ကျင်းအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်လှဟန်က မြဝတီဘဏ်လီမိတက်သို့ ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်ချီးမြှင့်ရာ မြဝတီဘဏ်လီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးယုလွင်က လက်ခံယူပြီး အမှတ်တရလက်ဆောင်ကို ဟံသာဝတီဂေါက်ကွင်းမှ ဒါရိုက်တာ ဦးစိန်သန်းက လက်ခံယူသည်။

ထို့နောက် အပျော်တမ်း အမျိုးသား အမျိုးသမီး ပညာရှင်အဆင့်တို့၏နေ့အလိုက် အကောင်းဆုံး ရိုက်ချက်ဆုများကို မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် အမှုဆောင် ဦးကိုကိုလေးကပေးအပ်ချီးမြှင့်သည်။

ဆက်လက်ပြီး ဟံသာဝတီ ဂေါက်ကွင်းမှ ဒါရိုက်တာ ဦးစိန်သန်းက အပျော်တမ်းအဆင့် အမျိုးသမီးပြိုင်ပွဲ၌ စုစုပေါင်းရိုက်ချက် ၂၃၆ ချက်ဖြင့် တတိယရရှိသော ခင်မာနွယ်၊ စုစုပေါင်းရိုက်ချက် ၂၃၅ ချက်ဖြင့် ဒုတိယရရှိသော မေဦးခိုင်တို့အား ဆုများကိုပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးက အပျော်တမ်းအဆင့် အမျိုးသားပြိုင်ပွဲ၌ စုစုပေါင်းရိုက်ချက်၂၉၁ ချက်ဖြင့် တတိယရရှိသော ဟိန်းစည်သူ၊ စုစုပေါင်း ရိုက်ချက် ၂၉၁ ချက်ဖြင့် ဒုတိယရရှိသော မောင်မောင်ဦးတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက် ဌာနကြီးမှူး ဦးသန်းထွန်းက Professional အဆင့် ပြိုင်ပွဲတွင် စုစုပေါင်း ရိုက်ချက် ၂၈၇ ချက် ( 1Under) ဖြင့် တတိယရရှိသော ရန်မျိုးအေး (CEO Group)၊ စုစုပေါင်းရိုက်ချက် ၂၈၂ ချက် (6 Under) ဖြင့် ဒုတိယရရှိသော မျိုးဝင်းအောင် (P.R.G.R)တို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဗိုလ်ချုပ်ဇာနည်ဝင်းက အပျော်တမ်းအဆင့် အမျိုးသမီးပြိုင်ပွဲတွင် စုစုပေါင်း ရိုက်ချက် ၂၂၅ချက်ဖြင့် ပထမရရှိသော ယဉ်မေမျိုး၊အပျော်တမ်းအဆင့် အမျိုးသားပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၈၄ ချက် (4Under) ဖြင့် ပထမရရှိသော ဇင်မင်းသူ၊ Professioal အဆင့် ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၇၉ ချက် (9 Under) ဖြင့် ပထမရရှိသော ဇော်ဇော်လတ်(HAN Golf Academy) တို့ကို ဆုများပေးအပ်ချီးမြှင့်၍ မြဝတီဘဏ်လီမိတက်မှ မန်နေးဂျင်းဒါရိုက်တာ ဦးယုလွင်က ပထမရရှိသော ဇော်ဇော်လတ် (HAN Golf Academy) အား ဆုကြေးငွေချက်လက်မှတ်ကို ပေးအပ်ချီးမြှင့်သည်။

**ဖိုးသော်ဇင်**






ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင်ကျင်းပမည့် SUBCON THAILAND နှင့် INTERMACH 2015 နိုင်ငံတကာစက်မှုပြပွဲသို့ တက်ရောက်မည့် မြန်မာနိုင်ငံ စက်မှု ကုန်ထုတ်လုပ်သူများအသင်း (MIA) မှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ အောင်သိန်းဦးစီးသည့် ၁၆ ဦးပါ စက်မှုလုပ်ငန်းရှင်များအဖွဲ့အား မေ ၁၂ ရက်က ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ လေဆိပ်၌တွေ့ရစဉ်။

(မြန်မာ့အလင်း)

# အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့ အထိမ်းအမှတ် စာမူပြိုင်ပွဲဖိတ်ခေါ်

**ရန်ကုန် မေ ၁၆**

ငြိမ်းချမ်းရေးအတွက် စာရေးဆရာများကော်မတီ ပဲန်မြန်မာကကြီးမှူးကျင်းပသည့် စက်တင်ဘာ၂၁ ရက်တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့အထိမ်းအမှတ် ဝတ္ထုတိုနှင့်ကဗျာပြိုင်ပွဲအတွက် စာရေးသက်ငါးနှစ်မကျော်သော ကလောင်ရှင်များ စာမူများပေးပို့နိုင်ကြောင်း သိရသည်။

ပြိုင်ပွဲဝင်စာမူများထဲမှ ဝတ္ထုတိုအတွက် သုံးဆုနှင့် ကဗျာအတွက် သုံးဆု ချီးမြှင့်ပေးသွားမည်ဟု သိရသည်။ ပြိုင်ပွဲဝင်စာမူများကို ဇူလိုင် ၃၁ ရက် နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်ပြီး စာမူပို့ရမည့်လိပ်စာမှာ အမှတ် ၃၁ အထက်ပုဇွန်တောင်လမ်း ပုဇွန်တောင်ဈေးအနီး ရန်ကုန်မြို့ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း ၀၁ -၃၉၆၂၁၁ နှင့် အီးမေးလ်လိပ်စာ pen-myanmarcenter@gmail.com သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**မြတ်စန္ဒီသင်းဇော်**

# ၂၂ဘီးတွဲယာဉ် သံလမ်းဖြတ်ကူးစဉ် လဲကျတိမ်းမှောက်

**ကျောက်တံခါး မေ ၁၆**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့မရဲစခန်းအပိုင် ရဲစခန်း၏မြောက်ဘက် သုံးမိုင်ခန့်အကွာ ရန်ကုန်-မန္တလေးကားလမ်းဟောင်း မိုင်တိုင်အမှတ် (၁၁၇/၄) အနီး ရင်းတိုက်ကုန်းရွာ မီးရထားသံလမ်းကူးပေါ်၌ မေ ၁၄ ရက် ည ၁၀ နာရီ မိနစ် ၂၀က ယာဉ်တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ရန်ကုန်ဘက်မှ မန္တလေးဘက်သို့ ယာဉ်မောင်းအောင်ကျော်မိုး (၂၂ နှစ်)ကျောက်ဆည်မြို့နေသူက ဆန်အိတ်များတင်ဆောင်၍မောင်းနှင်ပြီး ယာဉ်နောက်လိုက် သော်ဇင်ဝင်း(၂၄ နှစ်) ကျောက်ဆည်မြို့နေသူလိုက်ပါလာသည့် 7C/----- ခေါင်းအဖြူရောင် ၂၂ ဘီးတွဲယာဉ်သည် မီးရထားသံလမ်းခုံးပိတ်တွင် အရှိန်မထိန်းနိုင်ဘဲ ရန်ကုန်-မန္တလေးရထားလမ်း အစုန်-အဆန်နှစ်လမ်းပေါ်တွင် ကန့်လန့်ဖြတ်၍ယာဘက်ခြမ်းသို့ လဲကျတိမ်းမှောက်ခဲ့သဖြင့် ယာဉ်မောင်း အောင်ကျော်မိုးတွင် ဒဏ်ရာများရရှိရာ အတွင်းလူနာ(စိုးရိမ်ရ)၊ ယာဉ်နောက်လိုက် သော်ဇင်ဝင်းတွင် ဒဏ်ရာများရရှိခဲ့ပြီး ကျောက်တံခါးမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။

အခင်းဖြစ်နေရာသို့ ကျောက်တံခါးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်ကျော်လွင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းညွန့်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာ့မီးရထားမှတာဝန်ရှိသူများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများ ဝိုင်းဝန်းဆောင်ရွက်မှုကြောင့် မေ ၁၅ ရက် နံနက် ၄ နာရီခွဲတွင် မီးရထားများပုံမှန်ပြန်လည်ထွက်ခွာနိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်ပြီး ယာဉ်မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်း အောင်ကျော်မိုးကို ကျောက်တံခါးမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**



# ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများ သရုပ်ပြလေ့ကျင့်

**ညောင်ဦး မေ ၁၆**

ဧရာဝတီမြစ်ရိုး တစ်လျှောက်ရှိ မြေနိမ့်ဒေသများ၌ မြစ်ရေကြီးမှုဖြစ်ပွားပါက ပြည်သူများ အသက်အန္တရာယ်ဆုံးရှုံးမှုမရှိစေရေး၊ ဆုံးရှုံးမှုလျော့နည်းစေရေးတို့အတွက် ကြိုတင်ကာကွယ် သတိပေးလှုံ့ဆော်သည့်အနေဖြင့် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်ရှိ နှစ်စဉ်ရေဘေးအန္တရာယ်နှင့်ရင်ဆိုင်နေရသည့် အရှေ့ဆယ်လံကျေးရွာ၌ မေ ၁၅ ရက် နံနက် ၇ နာရီတွင် ရေဘေးကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို ဆောင်ရွက်ခဲ့ကြသည်။ **(အပေါ်ပုံ)**

ယင်းသို့သရုပ်ပြလေ့ကျင့်ရာတွင် တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန ဦးစီးမှူး ဦးသန်းထွဋ်ဆွေနှင့် ဝန်ထမ်းများ၊ ညောင်ဦးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ငြိမ်းနှင့် ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ခရိုင်မီးသတ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆယ်လံကျေးရွာရှိ ပြည်သူများပူပေါင်း၍ သဘာဝဘေးအန္တရာယ်ကြုံတွေ့လာပါက ကယ်ဆယ်ရေးလုပ်ငန်းအဆင့်ဆင့်အား စနစ်တကျဆောင်ရွက်နည်းများ၊ အသိပညာပေးဟောပြောခြင်းများ၊ ကျွန်းပေါ်ရှိ ရေဘေးသင့်ပြည်သူများအား အမြန်ဆုံးနည်းလမ်းဖြင့် တစ်ဖက်ကမ်းရောက်ရှိနိုင်အောင် ကယ်ဆယ်နည်းများကို လေ့ကျင့်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**

# လက်ကိုင်စက်လွှများ စနစ်တကျထိန်းချုပ်ရန်လို

**စမ်းဦး(ကသာ)**

ရှေးယခင်က တရားမဝင်သစ်ခိုးခုတ်သူများသည် လက်ဆွဲလွှများ၊ ရဲဒင်းများဖြင့် ကာယအားကို အသုံးပြုလုပ်ကိုင်ခဲ့ကြရာ သစ်ပင်တစ်ပင်ကို ခုတ်လှဲဖြတ်တောက်လျှင် သုံးရက်ခန့်ကြာမြင့်သည့် အခြေအနေရှိသည်။ ယနေ့ခေတ်တွင် ချိန်းဆောခေါ် လက်ကိုင်စက်လွှကိုအသုံးပြု၍ လူတစ်ဦးတစ်ရက်လျှင် သစ်ပင်သုံးဆယ်ခန့် ခုတ်လှဲဖြတ်တောက်နိုင်စွမ်းရှိလာသဖြင့် မြန်မာ့သယံဇာတသစ်တောများ ပြုန်းတီးမှု ပိုမိုမြန်ဆန်လာခဲ့ကြောင်း တွေ့ရသည်။

ချိန်းဆောဆိုသည်မှာ လူတစ်ယောက်ကိုင်စက်လွှငယ် ဖြစ်သည်။ အရှည်နှစ်ပေခွဲမှ သုံးပေအထိရှိသည်။ အရွယ်ရောက်ပြီးသည့် အမျိုးသမီးပင်လျှင် လက်ကိုင်စက်လွှကို ကိုင်ဆောင်အသုံးပြုနိုင်သည်။ ကုန်မာဆိုင်ကြီးများနှင့် စဆိုးဆိုင်များတွင် အလွယ်တကူဝယ်ယူရရှိနိုင်သည်။ တရုတ်နိုင်ငံလုပ် လက်ကိုင်စက်လွှမှာ တန်ဖိုးငွေကျပ်ရှစ်သောင်းမှ တစ်သိန်းခန့်အထိရှိပြီး ဂျာမနီနိုင်ငံလုပ် လက်ကိုင်စက်လွှမှာ တန်ဖိုးငွေကျပ် ၁၀ သိန်းခန့်ရှိကြောင်း သိရသည်။ လက်ကိုင်နေရာတွင် အင်ဂျင်ငယ်တစ်လုံးပါရှိပြီး လွှသွားငယ်များကို ချိန်းကြိုးသဖွယ် ပြုလုပ်ထားသည်။



အင်ဂျင်စက်အားဖြင့် ချိန်းကြိုးငယ်များကို လည်ပတ်စေပြီး လုံးပတ်သုံးပေပတ်လည်ရှိ သစ်ပင်တစ်ပင်ကို ၁၀ မိနစ်အတွင်း အလွယ်တကူခုတ်လှဲနိုင်ကာ မိမိလိုချင်သည့် အရွယ်အစားရရှိအောင် ဖြတ်တောက်နိုင်စွမ်းရှိရာ လက်ကိုင်စက်လွှများသည် ရွှေ့လျားသစ်ခွဲစက်များပင် ဖြစ်သည်။ သို့ဖြစ်၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်ပင်သစ်တောများ ရေရှည်တည်တံ့ရေးကို လွန်စွာအန္တရာယ်ပြုနိုင်သည့် လက်ကိုင်စက်လွှများကို စနစ်တကျတားဆီးထိန်းချုပ်ရန် လိုအပ်လာခဲ့သည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးမှ ၆-၆-၂၀၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၉/၂၀၁၃ ဖြင့် လက်ကိုင်စက်လွှများနှင့်ပတ်သက်၍ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို သတ်မှတ်ကြေညာခဲ့ကြောင်း လေ့လာသိရှိရသည်။ အဆိုပါကြေညာချက်အရ လက်ကိုင်စက်လွှ ကိုင်ဆောင်အသုံးပြုသူများသည် မြို့နယ်သစ်တောရုံးတွင် မှတ်ပုံတင်ရမည်ဖြစ်ပြီး သက်တမ်းကာလ တစ်နှစ်အတွက် မှတ်ပုံတင်ကြေးငွေကျပ် ၁၀၀၀၀ ပေးဆောင်ရမည်ဖြစ်ကြောင်း သိရသည်။ သစ်တောဌာန၏ခွင့်ပြုမိန့်မရှိဘဲ လက်ကိုင်စက်လွှကိုင်ဆောင် အသုံးပြုပါက သစ်တောဥပဒေပုဒ်မ ၄၂(ဂ)နှင့် ၄၀(ဇ) တို့အရ အရေးယူခံရမည်ဖြစ်ကြောင်း သိရသည်။ သစ်တောဥပဒေပုဒ်မ ၄၂(ဂ) အရ ထောင်ဒဏ်နှစ်နှစ်အထိ ချမှတ်နိုင်ပြီး သစ်တောဥပဒေပုဒ်မ ၄၀(ဇ)အရ ထောင်ဒဏ်ခြောက်လအထိ ချမှတ်နိုင်ကြောင်း သိရသည်။

ဤကဲ့သို့ သစ်တောရေးရာဝန်ကြီးဌာနက လက်ကိုင်စက်လွှငယ်များကို တရားဝင်မှတ်ပုံတင်ကိုင်ဆောင်အသုံးပြုရန် အမိန့်ကြေညာချက် ထုတ်ပြန်ထားသော်လည်း ထိုအမိန့်ကြေညာချက်ကို သိရှိသူနည်းပါးသကဲ့သို့ လိုက်နာဆောင်ရွက်မှု အားနည်းနေသေးကြောင်း လေ့လာစုံစမ်းချက်များအရ သိရသည်။

ယနေ့ခေတ်တွင် ကျေးရွာတိုင်းရှိ အိမ်တိုင်းလိုလိုပင် လက်ကိုင်စက်လွှငယ်များကို ဝယ်ယူပိုင်ဆိုင်ထားကြပြီး သစ်တောသစ်ပင်များကို ခွင့်ပြုချက်မရှိဘဲ မိမိတို့စိတ်တိုင်းကျ ခုတ်ချင်သလိုခုတ်နေကြရာ သဘာဝသစ်ပင်သစ်တောများ ပျက်စီး၊ ပြုန်းတီးမှုပိုမိုကြီးထွားမြန်ဆန်လာကြောင်း လေ့လာသိရှိရသည်။ သစ်တောများပျက်စီး၊ ပြုန်းတီးမှုကြောင့် သဘာဝရေအရင်းအမြစ်များ၊ မြစ်ချောင်းအင်းအိုင်များ ရေနည်းပါးခန်းခြောက်လာခြင်း၊ ရာသီဥတု တစ်နှစ်ထက်တစ်နှစ် ပိုမိုပူနွေးလာခြင်း၊ သဘာဝဂေဟဗေဒစနစ်များ ပျောက်ကွယ်သွားခြင်းတို့ ဖြစ်ပေါ်လာသည်မှာ ငြင်းမရသော အချက်များဖြစ်သည်။

လက်ကိုင်စက်လွှ ကိုင်ဆောင်သူများအနေဖြင့် သက်ဆိုင်ရာ မြို့နယ်သစ်တောဦးစီးဌာနများတွင် တရားဝင်မှတ်ပုံတင်ကိုင်ဆောင်ရေးကို စီမံချက်ချမှတ်၍ ထိထိရောက်ရောက်ဆောင်ရွက်နိုင်ပါက နိုင်ငံအတွက် အခွန်ဘဏ္ဍာငွေအမြောက်အမြား တိုးမြှင့်ရရှိလာမည်ဖြစ်သကဲ့သို့ တရားမဝင် သစ်ခိုးယူခုတ်လှဲမှုများကို ကာကွယ်တားဆီးနိုင်မည်ဖြစ်ကြောင်း သိရသည်။



# လုပ်ငန်းရှင်၏သေနတ်ပစ်ခတ်ခံရသည့် အလုပ်သမားလေးဦးအတွက် လုပ်အားခရရန် မြန်မာသံရုံးကူညီဆောင်ရွက်

**စူရတ်ဌာနီ မေ ၁၆**

ထိုင်းနိုင်ငံတောင်ပိုင်း စူရတ်ဌာနီခရိုင်အတွင်းကျေးရွာတစ်ခုရှိ လေယာဉ်ကွင်းအနီး အလုပ်လုပ်ကိုင်နေကြသော ထိုင်းလုပ်ငန်းရှင်၏ သေနတ်ပစ်ခတ်ခံရသည့် မြန်မာအလုပ်သမားလေးဦးလုပ်အားခရရှိစေရေးအတွက် မြန်မာသံရုံးမှမေ ၁၄ ရက်ကဆောင်ရွက်ခဲ့ကြောင်း ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ (MyanmarAssociation in Thailand) မှ ဆက်သွယ်ပြောပြချက်အရ သိရသည်။

မေ ၂ ရက် နံနက်ပိုင်းက ထိုင်းနိုင်ငံတောင်ပိုင်း စူရတ်ဌာနီ လေယာဉ်ကွင်းအနောက်ဘက်တွင်ရှိသော ရော်ဘာသစ်တုံးဖြတ် အလုပ်သမားလေးဦးက လုပ်အားခ ဘတ်ငွေသုံးသောင်းကျော်အား လုပ်ငန်းရှင်ထံတောင်းခံခဲ့ရာ ထိုင်းလုပ်ငန်းရှင်က သေနတ်ဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်ပြီး (မေ ၄ ရက်က သတင်းဖော်ပြပြီး) သေနတ်ကျည်သင့်ပစ်ခတ်ခံရသည့် ဖြိုး(၂၀)နှစ်ကို MAT အဖွဲ့က ဗန်ကောက်မြို့သို့ မေ ၁၂ ရက်က ခေါ်ယူခဲ့ကာ အမှုတွဲများ အား မြန်မာသံရုံးအကူအညီဖြင့် ဘာသာပြန်ဆိုမှုများပြုလုပ်ခဲ့ပြီးနောက် သံရုံးအတွင်းဝန်တစ်ဦးနှင့်အတူ ထိုင်းရဲဌာနချုပ်သို့ မေ ၁၂ ရက်က သွားရောက်အမှုဖွင့်နိုင်ခဲ့ခြင်းဖြစ်သည်။

ထို့အပြင် မေ ၁၅ ရက်က အသက်၁၈ နှစ်မပြည့်သေးသည့် MOU အမျိုးသမီးငယ်တစ်ဦးကိစ္စဖြင့် စူရတ်ဌာနီအမျိုးသမီးကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိလာခဲ့သော အလုပ်သမားသံအရာရှိ ဦးလှထွန်းနှင့် မြန်မာသံရုံး အလုပ်သမားကူညီစောင့်ရှောက်ရေးကော်မတီဝင်များဖြစ်ကြသော ရွှေနေ ဦးအောင်မျိုးသန့်၊ MAT အဖွဲ့ဒါရိုက်တာဦးကျော်သောင်း၊ ဦးစောမြတ်ချိုတို့သည် စူရတ်ဌာနီမြို့ရှိ ထိုင်းနိုင်ငံအလုပ်သမားဝန်ကြီးဌာန အလုပ်သမားပြဿနာဖြေရှင်းရေးရုံး (ဆဝါဒီကမ်) သို့ ကာယကံရှင်အလုပ်သမား လေးဦးနှင့်အတူ သွားရောက်ခဲ့ကြကာ လုပ်အားခလစာရရှိရေးအတွက် ဆောင်ရွက်ခဲ့သည်။

မြန်မာအလုပ်သမားသံအရာရှိ ဦးလှထွန်းက "အလုပ်သမား လေးဦးရဲ့ လုပ်အားခကျန်ငွေ ဘတ်ငွေသုံးသောင်းတစ်ထောင်ကျော်ကို အမြန်ရရှိဖို့အတွက် ထိုင်းဥပဒေအရ ကူညီဖြေရှင်းပေးနိုင်ရန် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ပြောသည်။

ထိုင်းနိုင်ငံအတွင်းရှိ မြန်မာအလုပ်သမားများအပါအဝင် မြန်မာနိုင်ငံမှသွားရောက်အလုပ်လုပ်ကိုင်ကြမည့် မြန်မာများအတွက်မြန်မာသံရုံးအလုပ်သမားကူညီစောင့်ရှောက်ရေးကော်မတီအဖွဲ့ဝင် MAT ဒါရိုက်တာ ဦးကျော်သောင်းက "နယ်စွန်နယ်ဖျား ရော်ဘာတောတွေထဲမှာအလုပ်လုပ်ကြတဲ့ မြန်မာအလုပ်သမားတွေ မကြာခဏသတ်ဖြတ်ခြင်း ခံကြရသလို လုပ်အားခကိုလည်း လုပ်ငန်းရှင်တွေက မပေးချင်ကြဘူးလေ၊ ဒီလိုနေရာမျိုးတွေကို အစိုးရတာဝန်ရှိသူတွေရော ကျွန်တော်တို့ကပါ ကူညီဆောင်ရွက်ပေးဖို့အတွက် ဆိုတာ ခက်ခဲပါတယ်။ မြန်မာအလုပ်သမားတွေအနေနဲ့ ရတဲ့အလုပ်ကိုဝင်လုပ်ခြင်းထက်သေချာပြီး အန္တရာယ်ကင်းမယ့် အလုပ်ကိုင်တွေကိုဝင်ရောက်လုပ်ကိုင်စေချင်ပါတယ်"ဟု အကြံပြုပြောကြားသည်။

ထိုင်းနိုင်ငံအတွင်း နိုင်ငံတကာအဖွဲ့အစည်းကြီးများနှင့် အန်ဂျီအိုအဖွဲ့အစည်းအမြောက်အမြားတို့သည် မြန်မာအလုပ်သမားများအတွက်ဟူသည့် ခေါင်းစဉ်အမျိုးမျိုးတပ်ကာလုပ်ဆောင်နေကြသော်လည်း ထိုင်းနိုင်ငံအတွင်း လာရောက်အလုပ်လုပ်ကိုင်နေကြသော သန်းချီရှိသည့် မြန်မာအလုပ်သမားများအတွက်မှာမူ အခက်အခဲများစွာ ကြုံတွေ့နေရဆဲဖြစ်ကြောင်း MAT အဖွဲ့က ပြောကြားသည်။

**စိုးဝင်း(SP)**

# ဝမ်တာပင်းပူးပေါင်းစစ်ဆေးရေးဂိတ်တွင် လက်နက်ခဲယမ်းများ ဖမ်းဆီးရမိ

**ကျိုင်းတုံ မေ ၁၆**

ကျိုင်းတုံမြို့နယ် ဝမ်တာပင်းပူးပေါင်းစစ်ဆေးရေးဂိတ်တွင်ကားတစ်စီးနှင့်အတူ မြန်မာနိုင်ငံသားအမျိုးသမီးတစ်ဦးနှင့်တရုတ်နိုင်ငံသားအမျိုးသား တစ်ဦးတို့အား လက်နက်ခဲယမ်းများဖြင့် ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ မေ ၁၄ ရက် ည ၉ နာရီခန့်က ကျိုင်းတုံမြို့မှ မိုင်းလားမြို့သို့ ထွက်ခွာလာသော ယာဉ်အမှတ် 6D/......(Surf) အမျိုးအစား အဖြူရောင်ကားကို မသင်္ကာသဖြင့် ဝမ်တာပင်းပူးပေါင်းစစ်ဆေးရေးအဖွဲ့က ရပ်တန့်စစ်ဆေးခဲ့သည်။

အဆိုပါကားပေါ်တွင် ယာဉ်မောင်း မနန်းစံခမ်း (ခ) မနန်းရှုန်ခမ်းနှင့် တရုတ်နိုင်ငံသား Mr. Zhong Shiting လိုက်ပါလာပြီး ကားနောက်ခန်းရှိ မနန်းစံခမ်း(ခ)မနန်းရှုန်ခမ်း၏ ခရီးဆောင်အိတ်အတွင်းမှ ဩစတြေးလျနိုင်ငံထုတ် Glock အမျိုးအစား အနက်ရောင် ပစ္စတိုနှစ်လက်၊ ၎င်းကျည်အိမ်ငါးခု၊ ကျည်ဖြည့်အကူအိမ်နှစ်ခု၊ တရုတ်ဆင်းကတ်ပါ iPhone-5S ရွှေရောင်ဖုန်းတစ်လုံး၊ မြန်မာဆင်းကတ်ပါ အဖြူရောင်ဖုန်းတစ်လုံးတို့ကို စစ်ဆေးတွေ့ရှိခဲ့သည်။

ထို့နောက် ယာဉ်နောက်ခန်း တူးဘောက်အတွင်းမှ Luger တံဆိပ်ပါ 9MM ကျည်ကတ် တစ်ကတ်လျှင်အတောင့် ၅၀ ပါငါးကတ်၊ စုစုပေါင်း 9MM ကျည် ၂၅၀ ကိုလည်းကောင်း၊ Distar တံဆိပ်ပါ ဒီဗီဒီ ဘူးခွံအတွင်းမှ Lock စာတန်းပါ အနက်ရောင်ဘူး အတွင်းထည့်လျက် Glock အမျိုးအစားအနက်ရောင် ပစ္စတို တစ်လက်၊ ကျည်အိမ်နှစ်ခုကိုလည်းကောင်း ဆက်လက်ရှာဖွေတွေ့ရှိခဲ့သည်။

မော်တော်ယာဉ်ရှေ့ခန်း ဒက်ရှ်ဘုတ်အတွင်းမှ တရုတ်နိုင်ငံသားကိုင် ဆောင်သည့် တရုတ်ဆင်းကတ်ပါ iPhone-5 အဖြူရောင်ဖုန်းတစ်လုံး ပတ်စ်ပို့တစ်စောင်၊ ယာဉ်အမှတ် ၆ယ/.... နံပါတ်ပါ ယာဉ်မှတ်ပုံတင်စာအုပ် တစ်အုပ်၊ အာမခံစာအုပ်တစ်အုပ်၊ မကဖ-၈(တခလ)မှ ထုတ်ပေးထားရှိသည့် LARAWI-13109 ၏ လက်မှတ်တစ်စောင်တို့ကို ရှာဖွေတွေ့ရှိခဲ့ခြင်း ဖြစ်သည်။

အမှုနှင့်ပတ်သက်၍ လက်နက်ခဲယမ်းများကို တရားမဝင်သယ်ဆောင်သူ မနန်းစံခမ်း(ခ)နန်းရှုန်ခမ်း (၂၉ နှစ်) ရပ်ကွက်(၄) ကျိုင်းတုံမြို့နေသူနှင့် တရုတ်နိုင်ငံသား Mr. Zhong Shiting (၄၂ နှစ်) ကျုံးရှင်မြို့ ပါလန်ခရိုင် တရုတ်နိုင်ငံနေသူတို့ နှစ်ဦးအား ကျိုင်းတုံမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားပြီး ဆက်လက်၍ အမှုကွင်းဆက်ကို စုံစမ်းစစ်ဆေးဆဲဖြစ်သည်ဟု စခန်းမှူးဒုရဲမှူးဝင်းသန်းက ပြောကြားသည်။

**ကြည်မင်းဦး**

# ပေါက်မြို့ အောင်တံခွန်တိုးချဲ့ရပ်ကွက် ဆေးရုံဝင်းအတွင်းရှိ ဝန်ထမ်းအိမ်ရာများ မီးလောင်မှုဖြစ်ပွား

**ပေါက် မေ ၁၆**



မကွေးတိုင်းဒေသကြီး ပေါက်မြို့ အောင်တံခွန်တိုးချဲ့ရပ်ကွက် ဗိုလ်ချုပ်လမ်းတောင်ဘက် မြို့နယ်ပြည်သူ့ဆေးရုံဝင်း ဝန်ထမ်းလိုင်းခန်းနေ ဒေါ်လိန်းထုံးအွယ်(၄၇)နှစ်၏ (၅×၃) ပင် လေးခန်းတွဲနေအိမ်တွင် ရေခဲသေတ္တာသုံးစွဲသော မီးကြိုးခွေ အပူလွန်ကဲပြီး နေအိမ်ထရံမှ မီးကူးစက်ကာ မေ ၁၄ ရက် နံနက် ၁၁ နာရီ ၂၅ မိနစ်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်ကျွမ်းသည့်နေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင် ၁၆ ဦး၊ မီးသတ်ယာဉ်နှစ်စီး၊ ရေသယ်ယာဉ်နှစ်စီး၊ အရန်မီးသတ် တပ်ဖွဲ့ဝင် ၂၀ နှင့် မြို့နယ် ပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မီးလုံးဝငြိမ်းသွားခဲ့သည်။

မီးလောင်မှုဖြစ်ပွားခြင်းကြောင့် အခြားနေအိမ်များကူးစက်လောင်ကျွမ်းခဲ့ခြင်း၊ လူနှင့်တိရစ္ဆာန်များထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းမရှိကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ လျှပ်စစ်မီးပေါ့ဆစွာအသုံးပြုခဲ့သူ ဒေါ်လိန်းထုံးအွယ်အား ပေါက်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဉာဏ်တိုး(ပေါက်)**


## လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

ရန်ကုန်စီးပွားရေးတက္ကသိုလ်၏ဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့ Doctor of Letters (Honoris Causa) ကို မြန်မာမွတ်စလင်အမျိုးသားရေးရာအဖွဲ့ချုပ် ဦးသျှောင်နာယက သံအမတ်ကြီး ဦးလှမောင်(ငြိမ်း)အားချီးမြှင့်ခံရခြင်းအတွက် လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာမွတ်စလင်အမျိုးသားရေးရာအဖွဲ့ချုပ်**
**ပဲခူးတိုင်းဒေသကြီး(အနောက်)တိုင်းအဖွဲ့ခွဲ၊ ပြည်မြို့**

## အများပြည်သူသို့ ပန်ကြားချက်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်ရှိ မာဃလမ်းအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ခံဦးဆောင်၍ ၁၈ပေကျယ်သောလမ်း ခင်းရန်စီမံခဲ့သော်လည်း မာဃလမ်းသူ လမ်းသားများနှင့် ရပ်ကွက်နေ ပြည်သူများ ပူးပေါင်းပါဝင်လျက် ခြောက်ပေအကျယ်တိုးချဲ့ပြီး ၂၄ ပေ ကျယ်သော ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ လုပ်ငန်းအား လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် မာဃလမ်းအား အသုံးပြုသွားလာနေကြသူများအနေဖြင့် ဝိုင်းဝန်းကူညီပါဝင်ဆောင်ရွက်ပေးကြပါရန်နှင့် လမ်းကြီးရေရှည်တည်တံ့ခိုင်မြဲသန့်ရှင်းသာယာလှပစေရေးအတွက် အများပြည်သူမှ ထိန်းသိမ်းစောင့်ရှောက်ပေးကြပါရန် မေတ္တာရပ်ခံပန်ကြားအပ်ပါသည်။

**မာဃလမ်းသာယာရေးကော်မတီ**
**(၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ရတနာဒိမ်ရာ၊ မြလမ်း၊ အမှတ်-၁၄၅ နေ ဒေါ်သော်တာသန်း (၁၂/လမန (နိုင်) ၀၁၉၅၉၄) ၏ တရားဝင်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်သည်မှာ-

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောအလယ်ရပ်ကွက်၊ မြောင်းမြလမ်း၊ တိုက် (၁)၊ အခန်း (၅/A)၊ ၅-လွှာ၊ ခြေရင်းခန်း၊ ဧရိယာ (၁၂၅'×၅၀') ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့် ဆက်စပ်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏ မိတ်ဆွေမှ တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့သည့် တိုက်ခန်းဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမိုးဇော်ဦး (LL.B)၊ တရားလွှတ်တော်ရှေ့နေ (စဉ်-၈၉၈၅)
ဦးခိုင်လင်းထွန်း (LL.B) ဒေါ်ယုယုလွင် (LL.B)
အထက်တန်းရှေ့နေ (စဉ်-၄၃၁၄၇) အထက်တန်းရှေ့နေ (စဉ်-၄၁၅၂၃)
အမှတ်-၅၄၂ ကုန်သည်လမ်းနှင့် ပန်းဆိုးတန်းလမ်းထောင့်၊
မေရှော့ပင်းစင်တာအပေါ်ထပ် (ရှေ့နေများရုံးခန်း)၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ Ph : ၀၉-၇၃၀၇၁၄၄၇ ၊ ၀၉-၄၃၀၅၁၀၃၃၊ ၀၉-၂၅၄၂၀၁၂၁၂

**ဖခင်အမည် အပြည့်အစုံ**

မသီသီဝင်း ၇/ဖမန(နိုင်)၁၃၉၈၈၀ ၏ ဖခင်အမည်အပြည့်အစုံမှာ ဦးထွန်းအောင် (ခ) ဦးညွန့်သောင် ၇/ဖမန(နိုင်)၀၀၆၁၇၂ ဖြစ်ပါသည်။

## ဖောင်းကြွပျောက်ဆုံးခြင်း

ယာဉ်အမှတ်5E-2052၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊သန်လျင်မြို့**

## ဖခင်အမည်မှန်

မိုးကောင်းမြို့၊ နောင်ကိုင်တော် အထက (ခွဲ)သတ္တမတန်း(B)မှ မောင်အောင်နိုင်လင်း၏ ဖခင်အမည်မှန်မှာ ဦးကျန္တရာလားလ် KMG-၀၄၁၃၂၆ ဖြစ်ပါသည်။

**ဦးကျန္တရာလားလ်**

## ဖခင်အမည်မှန်နှင့်မွေးသက္ကရာဇ်မှန်

ဝိုင်းမော်မြို့နယ်၊ အထက(ခတ်ချို) တက္ကသိုလ်ဝင်တန်းမှ မသီသီဦးနှင့် နဝမတန်းမှ မသီသီအေးတို့၏ ဖခင်အမည်မှန်မှာ ဦးထိန်ချင်းဖြစ်ပြီး မသီသီအေး၏ မွေးသက္ကရာဇ်အမှန်မှာ ၃၁-၃-၂၀၀၁ ဖြစ်ပါသည်။

## CLAIMS DAY NOTICE
## MV. SEA CASTLE

Consignees of cargo carried by MV. SEA CASTLE are here by notified that the vessel will arrive of about 18-5-15 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims a gainst this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၈၆

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

သန်လျင်မြို့အဝင်တွင် အေးအေးဆေးဆေးနေလိုသူများအတွက် သန်လျင်၊ ဗိုလ်ချုပ်နေဝင်း လမ်းမကြီးပေါ်၊ မြေအကျယ်(၅၅'×၁၄၅')၊ ပြင်ဆင်ပြီး အသင့်နေထိုင်နိုင်သော ရှေးအိမ်ကြီးတစ်လုံးပါ အေးချမ်းစွာနေထိုင်ရန်၊ ဘဏ်ဖွင့်ရန်၊ တည်းခိုခန်းဖွင့်ရန်၊ စားသောက်ဆိုင်ဖွင့်ရန်၊ စီးပွားရေးလုပ်ရန်အချက်အချာကျနေရာကောင်း၊ လုံးချင်းအိမ်ဖြင့်နေထိုင်လိုသူများအတွက် ကွန်ဒိုတိုက်ခန်းဈေး တစ်ခန်းမျှသာရှိသော အလွန်သက်သာသောဈေးနှုန်း။ ရေ၊ မီး၊ အပြည့်အစုံပါ၊ ဖုန်းပါ။

**ကျပ်သိန်း (၃၅၀၀)၊**

**ဖုန်း-၀၉-၅၁၇၈၉၇၉၊ ၀၉-၄၂၀၃၀၁၀၉၁၊ ၀၁-၅၇၂၂၂၄၊ ၀၁-၅၆၀၇၈၇**

# ကလေးငယ်များ အာဟာရမြှင့်တင်ရန် ကန်ဒေါ်လာ ၃ ဒသမ ၈ သန်း သုံးစွဲမည်

**ရန်ကုန် မေ ၁၆**

ကလေးငယ်များ အာဟာရချို့တဲ့မှု ကင်းဝေးစေရေးအတွက် မြို့နယ် ၅၀ ခန့်တွင် အာဟာရမြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံတစ်ဝန်းလုံးတွင် အာဟာရချို့တဲ့မှု ပပျောက်စေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန၏ လုပ်ငန်းများတွင်သုံးစွဲရန် အမေရိကန်ဒေါ်လာ ၃ ဒသမ ၈ သန်းခန့် ထောက်ပံ့သွားမည်ဖြစ်ကြောင်း ယူနီဆက်ဖ်မြန်မာမှ သိရသည်။

မြန်မာနိုင်ငံတွင် အသက် ၅ နှစ်အောက်ကလေးငယ်များ၏ ခြောက်ရာခိုင်နှုန်းမှာ ကိုယ်အလေးချိန်ပြည့်မီမှုမရှိဘဲ ၁၂ ရာခိုင်နှုန်းမှာ အလွန်အမင်း အရပ်ပုသူများဖြစ်နေသည့်အပြင် နှစ်ရာခိုင်နှုန်းခန့်မှာ အလွန်အမင်း ပိန်လှီနေသည်ကို တွေ့ရှိရကြောင်း ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်)မှ သုတေသနပြုလုပ်ချက်များအရ သိရသည်။

ထို့ကြောင့် အာဟာရချို့တဲ့မှု အများဆုံးဖြစ်သော မြို့နယ် ၅၀ ခန့်ကို အာဟာရမြှင့်တင်ရေးစတင်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ယူနီဆက်ဖ်မြန်မာ၏ ဌာနေကိုယ်စားလှယ် မစ္စတာ Bertrand Bainvel က ပြောကြားသည်။



"အာဟာရမြှင့်တင်ရေးလုပ်ငန်းစဉ်တွေကို ကျန်းမာရေးဝန်ကြီးဌာနနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အနာဂတ်အတွက် ကလေးငယ်တွေက အလွန်အရေးကြီးပါတယ်။ အာဟာရပြည့်မီမှသာ ရှေ့ဆက်ရမယ့် လမ်းကြောင်းကို ချမှတ်နိုင်မှာဖြစ်ပါတယ်။ အရည်အသွေးပြည့်ဝတဲ့ ကျန်းမာရေးစောင့်ရှောက်မှုကို ရရှိမှသာ ကလေးတွေ သေဆုံးမှုကို လျှော့ချနိုင်မှာဖြစ်သလို ရှင်သန်ခွင့်နဲ့ ဖွံ့ဖြိုးမှုတွေ ပေးအပ်နိုင်မှာဖြစ်ပါတယ်" ဟု ဌာနေကိုယ်စားလှယ်က ပြောကြားသည်။

ကလေးသူငယ်များ၏ ကျန်းမာရေးလုပ်ငန်းစဉ်များကို ကျန်းမာရေးဝန်ကြီးဌာနအပါအဝင် အခြားသောအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့အနေဖြင့် အာဟာရချို့တဲ့မှု ကာကွယ်ရေးလုပ်ငန်းစဉ်များအပြင် ကလေးငယ်များ ကာကွယ်ဆေးထိုးနှံခြင်းကိုလည်း အလေးထား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကာကွယ်ဆေးများ သိမ်းဆည်းသိုလှောင်ရန်အတွက် လိုအပ်သည့် အဆင့်မြင့်အအေးခန်းစနစ်ကိုလည်း အကောင်အထည်ဖော်ခဲ့ပြီး ယင်းအတွက် အမေရိကန်ဒေါ်လာ ၉ ဒသမ ၇ သန်းကို သုံးစွဲထားကြောင်း သိရသည်။

**သတင်း – သွန်းဝသန်**
**ဓာတ်ပုံ – Deneal**



# အော်ဂဲနစ်သီးနှံစားသုံးမှု မြင့်တက်လာနိုင်

**ရန်ကုန် မေ ၁၆**

ဓာတုဆေးဝါးကင်းလွတ်သော အော်ဂဲနစ်သီးနှံနှင့် ဟင်းသီးဟင်းရွက်များ ပုံမှန်ထုတ်လုပ်ရောင်းချခြင်းဖြင့် စားသုံးသူများအကြား၌လည်း စားသုံးမှုမြင့်တက်လာပြီး ကျန်းမာရေးကို များစွာအထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"အော်ဂဲနစ်သီးနှံတွေ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးထုတ်လုပ်နိုင်အောင် စီစဉ်ခြင်းရဲ့ အဓိကရည်ရွယ်ချက်က ပြည်သူတွေရဲ့ ကျန်းမာရေးအတွက်ဖြစ်ပါတယ်။ ဓာတုဆေးဖျန်းထားတဲ့ အသီးအနှံတွေကြောင့် နောင်မှာ ကင်ဆာဖြစ်နိုင်တယ်ဆိုတာထက် တိုက်ရိုက်ကျန်းမာရေးထိခိုက်မှုတွေ ရှိနေတာကို တွေ့ရပါတယ်။ ဒါကြောင့် ပြည်သူတွေရဲ့ကျန်းမာရေးအတွက် အဓိကရည်ရွယ်ပြီး ဆောင်ရွက်တာပါ"ဟု အဆိုပါအသင်းမှ အဖွဲ့ဝင်ဒေါ်သီတာထွန်းက ပြောသည်။

အော်ဂဲနစ်သီးနှံများကို ကော့မှူး၊ ညောင်တုန်း၊ လှည်းကူးနှင့် ရန်ကုန်မြို့ပတ်ဝန်းကျင်မှ တောင်သူအဖွဲ့ ၁၇ ဖွဲ့က စိုက်ပျိုးထုတ်လုပ်နေပြီး လွန်ခဲ့သော သုံးနှစ်ခန့်မှစ၍ အသင်းက တောင်သူပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း၊ အော်ဂဲနစ်သီးနှံများ ဟုတ်မဟုတ်ကိုလည်း အသင်းမှ ကျွမ်းကျင်ပညာရှင်များက စိုက်ခင်းများသို့ သွားရောက်ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

အသင်းကကြီးမှူး၍ ရန်ကုန်မြို့ မြေပဒေသာကျွန်း၌ အပတ်စဉ်စနေနေ့တိုင်း အော်ဂဲနစ်သီးနှံများနှင့် ဟင်းသီးဟင်းရွက်များကို ရောင်းချပေးလျက်ရှိကာ မေ ၁၆ ရက်တွင် ကိုးပတ်ရှိပြီဖြစ်ကြောင်း သိရသည်။ အော်ဂဲနစ်သီးနှံများနှင့် ဟင်းသီးဟင်းရွက်များ ရောင်းချနေသည့်အပြင် ရာသီကုန်သီးနှံများဖြစ်သော သရက်သီး၊ မာလကာသီး၊ နာနတ်သီးအစရှိသည့် အသီးများကိုလည်းကောင်း၊ အော်ဂဲနစ်သီးနှံများမှ ထုတ်လုပ်ထားသည့် ဖျော်ရည်များ၊ မှိုခြောက်ပန်းခြောက်၊ လက်ဖက်ခြောက်၊ ကြက်သွန်၊ ငရုတ်သီးမှုန့်စသည်တို့ကိုလည်းကောင်း ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ မြေပဒေသာကျွန်းအပြင် အင်းလျားကန်ပေါင်၌လည်း သောကြာနေ့နံနက်တိုင်း ရောင်းချပေးနေကြောင်း သိရသည်။

**သတင်း–မြင့်မောင်စိုး၊ ဓာတ်ပုံ–သဏ္ဍ**

# Telebanking စနစ် အကောင်အထည်ဖော်မည်

**ရန်ကုန် မေ ၁၆**

နည်းပညာဖွံ့ဖြိုးမှုကိုအခြေခံပြီး ငွေကြေးစီးဆင်းမှုနှင့် ငွေကြေးလုပ်ငန်းများ လျင်မြန်စေရန်အတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ရောဝတီဘဏ်တို့ပူးပေါင်းပြီး Telebanking စနစ်ကို အကောင်အထည်ဖော်ရန် သဘောတူစာချုပ်ကို ရန်ကုန်မြို့ ရောဝတီဘဏ်ရုံးချုပ်၌ မေ ၁၄ ရက်က သဘောတူစာချုပ်လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

ပြည်သူများ ငွေကြေးလုပ်ငန်းများ ကျေးလက်အထိ လွယ်ကူလျင်မြန်စေရန်အတွက် ပြည်သူ့ဝန်ဆောင်မှုတစ်ရပ်အဖြစ် ရောဝတီဘဏ်နှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတို့ ပူးပေါင်းကာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်သည်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း MPT ၏ ငွေဖြည့်ကတ်များဖြင့် ငွေဖြည့်ခြင်းကို ရောဝတီဘဏ်၏ mBanking ဝန်ဆောင်မှုကိုအသုံးပြုပြီး နေ့စဉ်ပိတ်ရက်မရှိ ၂၄ နာရီ ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ စဉ်ဆက်မပြတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့ကို တစ်ခန်းတစ်ကဏ္ဍမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သည်။

ရောဝတီဘဏ်သည် ဘဏ်ခွဲပေါင်း ၁၁၁ ခုနှင့် ATM စက်ပေါင်း ၂၂၂ ခုဖွင့်လှစ်ထားပြီး မြန်မာနိုင်ငံတွင် Centralized Core Banking System ကို ပထမဆုံး အကောင်အထည်ဖော်ခဲ့သည့် ဘဏ်လည်းဖြစ်သည်။ အချိန်နှင့်တစ်ပြေးညီ အသုံးပြုနိုင်သော mBanking စနစ်ကိုလည်း ဇန်နဝါရီလအတွင်းက စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မောင်ချစ်ကြည်**


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီးအတွင်းရှိ မင်းဘူးခရိုင်နှင့်ဂန့်ဂေါခရိုင်တို့ ဆက်သွယ်သည့် ပဒါန်း-ငဖဲ-စေတုတ္တရာ-ဗူးဝ-လောင်းရှည်-သီးကုန်း-ဆောလမ်းတွင် လမ်းလုပ်ငန်းနှင့် တံတားငယ်များတည်ဆောက်ခြင်းလုပ်ငန်းများအတွက် ဆောင်ရွက်လိုသော တိုင်းရင်းသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါ(Open Tender)စနစ်ဖြင့် ခေါ်ယူလုပ်ငန်းအပ်နှံဆောင်ရွက်ရန်ရှိပါသည်။

၂။ ဆောင်ရွက်လိုသော တိုင်းရင်းသားလုပ်ငန်းရှင်များအနေနှင့် (Open Tender) တင်ဒါပုံစံများကို ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ တည်ဆောက်ရေး (၂)၊ လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၁)၊ မင်းဘူးမြို့တွင် ၁၈-၅-၂၀၁၅ရက်(တနင်္လာနေ့) မှ ၃-၆-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)အထိ ရုံးချိန်အတွင်း ဝယ်ယူတင်သွင်းနိုင်ပြီး အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

**လျှောက်လွှာရောင်းချမည့်ရက်** - ၁၈-၅-၂၀၁၅ရက်(တနင်္လာနေ့)
**လျှောက်လွှာပိတ်မည့်ရက်** - ၃-၆-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)
**အိတ်ဖွင့်တင်ဒါဖွင့်မည့်ရက်/အချိန်** - ၆-၆-၂၀၁၅ရက်(စနေနေ့) နံနက်(၁၀း၀၀)နာရီ
**အိတ်ဖွင့်တင်ဒါဖွင့်မည့်နေရာ** - လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၁)၊ (အစည်းအဝေးခန်း)၊ မင်းဘူးမြို့

**လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၁)၊ မင်းဘူးမြို့၊**
**ဖုန်း-၀၉-၆၅၆၁၁၉၄၊ ၀၉-၄၀၁၅၅၃၄၁၇**

## ကတ္တရာပီပါခွံများ လေလံတင်ရောင်းချခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ လက်ထောက်ညွှန်ကြားရေးမှူးရုံး/ဒုတိယညွှန်ကြားရေးမှူးရုံးများမှ ကတ္တရာပီပါခွံ ၇၁၄၄၁ လုံးခန့်အား ၂၇-၅-၂၀၁၅ရက်တွင် မကွေးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၌ လေလံစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ပါသည်။

၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက မကွေးတိုင်းဒေသကြီး၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးကော်မတီ**
**ဖုန်း-၀၆၃-၂၅၁၈၇၊ ၀၆၃-၂၃၀၁၈၊ ဖက်စ်-၀၆၃-၂၃၄၁၂**

**ရခိုင်ပြည်နယ်အစိုးရအဖွဲ့**
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ခွင့်ပြုချက်ရန်ပုံငွေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ရခိုင်ပြည်နယ်၊ မြို့နယ်များတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါများတင်သွင်းနိုင်ပါသည်-

| စဉ် | လုပ်ငန်းအမျိုးအစား | အရေအတွက်/အရှည်မိုင် |
|---|---|---|
| (၁) | ကွန်ကရစ်လမ်း | (၁/၀) မိုင် |
| (၂) | ကျောက်လမ်း | (၂၆/၀) မိုင် |
| (၃) | မြေသားလမ်း | (၈၃/၆၃၅) မိုင် |
| (၄) | ကွန်ကရစ်တံတား | (၅၅) စင်း |
| (၅) | သစ်သားတံတား | (၁) စင်း |
| (၆) | ရေပြွန် | (၁၂၂) စင်း |
| (၇) | လက်တူးတွင်း | (၁) တွင်း |
| (၈) | မြေသားရေကန် | (၁) ကန် |
| (၉) | ကျောက်စီရေတွင်း | (၄) တွင်း |
| (၁၀) | အခြားရေပေးရေးလုပ်ငန်း | (၁) ခု |
| (၁၁) | ဆိုလာမီးလင်းရေး | (၂၆၆) ခု |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၅-၅-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံးတွင် လာရောက်ထုတ်ယူနိုင်ပြီး ၃၀-၅-၂၀၁၅ရက် ၁၆း၃၀ နာရီတွင် နောက်ဆုံးထား၍ တင်ဒါများ တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ် အချက်အလက်များကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး ဖုန်း-၀၄၃-၂၂၇၉၈၊ ၀၄၃-၂၂၇၉၉ တို့သို့ စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**

## ကားရောင်းရန်ရှိသည်

1. Mitsubishi Canter, 2.5 Ton, ရှေ့ Batter Fly, နောက်လေး 6H/5 ---, Box car, (2004)- **သိန်း ၁၅၀**
2. Toyota, Dyna, Light Truck, 2 Ton, ရှေ့ Batter Fly, နောက်လေး (2003) 4D/8 --- **သိန်း ၁၁၀**

**ဆက်သွယ်ရန်-ဖုန်း-၀၉-၄၂၁၀၉၄၈၇၈**

ယာဉ်မောင်း ဝန်ထမ်း
အလိုရှိသည်။ လစာကောင်းမည်။
အမှတ် ၃၂(က)၊ ဒေါ်သိန်းတင်လမ်း။
မင်္ဂလာတောင်ညွန့်။ ၀၉၄၉၃၀၂၀၀၄

**ပြည်ထဲရေးဝန်ကြီးဌာန**
**မီးသတ်ဦးစီးဌာန**
**ကရင်ပြည်နယ်မီးသတ်ဦးစီးဌာန၊ ဘားအံမြို့**
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကရင်ပြည်နယ်မီးသတ်ဦးစီးဌာနတွင် အောက်ဖော်ပြပါ မြို့နယ်များတွင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ပြည်တွင်းဆောက်လုပ်ရေး ကုမ္ပဏီများအား တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
(က) သံတောင်ကြီးမြို့ မီးသတ်စခန်း (၁၁၀×၂၅)ပေ လမ်းဖောက်လုပ်ခြင်းလုပ်ငန်း
(ခ) သံတောင်ကြီးမြို့ မီးသတ်စခန်း (၁၉×၆၀)ပေ (၁၄)လက်မ မြေထိန်းနံရံပြုလုပ်ခြင်းလုပ်ငန်း
(ဂ) သံတောင်ကြီးမြို့ မီးသတ်စခန်း (၄)ခန်းတွဲ ဝန်ထမ်းနေအိမ်(၁၂×၃၇)ပေ (၁၄)လက်မ မြေထိန်းနံရံပြုလုပ်ခြင်းလုပ်ငန်း

၂။ တင်ဒါများကို ကရင်ပြည်နယ်မီးသတ်ဦးစီးမှူးရုံး၊ဘားအံမြို့တွင် အောက်ပါအတိုင်း တင်သွင်းရန်ဖြစ်ပါသည်၊ သတ်မှတ်ရက်ထက် ကျော်လွန်သော အိတ်ဖွင့်တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
(က) **တင်ဒါလျှောက်လွှာရယူရန်** - ၁၈-၅-၂၀၁၅ ရက်မှ ၅-၆-၂၀၁၅ ရက်အထိ
(ခ) **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၈-၆-၂၀၁၅ ရက်၊ ၁၆း၃၀နာရီ
(ဂ) **အိတ်ဖွင့်တင်ဒါများ စိစစ်ရွေးချယ်မည့်ရက်** - ၁၁-၆-၂၀၁၅ရက်၊ ၁၀း၀၀နာရီ

၃။ အသေးစိတ်ရှိသိလိုပါက ရုံးချိန်အတွင်း ကရင်ပြည်နယ်မီးသတ်ဦးစီးမှူးရုံး၊ ဘားအံမြို့ ဖုန်း-၀၅၈-၂၂၆၀၆၊၀၅၈-၂၁၅၀၂ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ကရင်ပြည်နယ်တင်ဒါကြီးကြပ်ရေးကော်မတီ**
**ဘားအံမြို့**

# ငါးနှင့်ပုစွန်များ ပြည်ပပို့ခြင်းဖြင့် နိုင်ငံခြားငွေတိုးမြှင့်ရရှိ

**ဖျာပုံ မေ ၁၆**

မြန်မာနိုင်ငံအပါအဝင် နိုင်ငံအသီးသီးကလူတို့သည် အသားစားသုံးမှုထက် ငါးစားသုံးမှုပိုမိုများပြားလာကြသည်။ ငါးထုတ်လုပ်မှုသည် ပြည်တွင်းပြည်ပ ဈေးကွက်လိုအပ်ချက်အရ နှစ်စဉ်မြင့်မားတိုးတက်လျက်ရှိသော်လည်း နိုင်ငံတကာတွင်ပင်လယ်၊ မြစ်၊ ချောင်း၊ အင်းအိုင်များမှ သဘာဝအလျောက်ဖမ်းဆီးရယူနိုင်သည့် ငါးပုစွန်များရှားပါးနေပြီဖြစ်ကြောင်း သိရသည်။



နိုင်ငံတော်အနေဖြင့် အမျိုးသားပို့ကုန်ပမာဏ တိုးမြှင့်ရာတွင်လည်း ငါးပုစွန်နှင့် အခြားရေထွက်ပစ္စည်းများ ပို့ကုန်ကို နိုင်ငံတော်ကအဆင့်(၃)တွင် သတ်မှတ်ထားရှိသည်။ နိုင်ငံတော်၏လျာထားချက်များ အောင်မြင်ဖြစ်ထွန်းရေးအတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနသည်မြန်မာ နိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၊ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်း၊ ရေချိုငါးဖမ်းလုပ်ငန်းရှင်များအသင်းနှင့် ငါးမွေးမြူရေး လုပ်ငန်းရှင်များအသင်းတို့ဖွဲ့စည်း၍ ငါးပုစွန်များ ပြည်တွင်းစားသုံးမှုဖူလုံစေရေးနှင့် နိုင်ငံတကာဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်ရေးစီစဉ် ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ ထုတ်ပြန်သည့်သတင်းမှတ်တမ်းများအရ ငါးမွေးမြူရေးလုပ်ငန်းမှ ၂၀၀၄-၂၀၀၅ ခုနှစ်ကမွေးမြူရေးကန် ၃၈၉၈၀၆ဧက မွေးမြူခဲ့ပြီး ၂၀၁၄-၂၀၁၅ ခုနှစ်တွင် မွေးမြူရေးကန် ၄၅၃၇၃၀ ဒသမ ၄၄ဧက အထိ တိုးချဲ့မွေးမြူနိုင်ခဲ့သည်။ ငါးထုတ်လုပ်မှုအနေဖြင့် ၂၀၀၄-၂၀၀၅ ခုနှစ်က မက်ထရစ်တန်ထောင်ပေါင်း ၄၈၅ ဒသမ ၂၂ တန်ထုတ်လုပ်ခဲ့ပြီး ၂၀၁၄-၂၀၁၅ ခုနှစ်တွင် မက်ထရစ်တန်ထောင်ပေါင်း ၈၃၀ ဒသမ ၆၇ တန်အထိ တိုးမြှင့်ထုတ်လုပ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ငါးမွေးမြူရေးလုပ်ငန်းမှ ထုတ်လုပ်ရရှိသည့် ငါးပုစွန်များသည် ပြည်တွင်းစားသုံးမှု အဓိကထားနေရပြီး သဘာဝအလျောက်ဖမ်းဆီးရရှိသည့် ရေချို ရေငန်ငါးပုစွန်များကို ထိုင်း၊ စင်ကာပူ၊ ကူဝိတ်၊ မလေးရှား၊ ဆော်ဒီအာရေဗျ၊ ဂျပန်၊ အာရပ်စော်ဘွားများ ပြည်ထောင်စု၊ ဘင်္ဂလားဒေ့ရှ်နှင့်ဗြိတိန်နိုင်ငံတို့ကို တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံတော်အတွက် နိုင်ငံခြားငွေများ တိုးမြှင့်လျက်နှစ်စဉ်ရရှိနေကြောင်း သိရသည်။

ငါးနှင့်ပုစွန်သည် မြန်မာတို့နေ့စဉ်စားသောက်ရာတွင် မပါမဖြစ်သည့် စားသောက်ဖွယ်ရာဖြစ်သကဲ့သို့ နိုင်ငံတော်အတွက်လည်း နိုင်ငံခြားငွေ တိုးမြှင့်ရရှိစေရေး အဓိကဖြစ်ပေသည်။ ထို့အတွက် ငါးမွေးမြူရေး လုပ်ငန်းများအောင်မြင်ဖြစ်ထွန်းစေရေးအတွက် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုများနှင့်နည်းပညာပေးမှုများကို ပိုမိုရရှိရေး တာဝန်ရှိအဖွဲ့အစည်းများ ပူးပေါင်းဖြည့်ဆည်းပေးရန်အမှန်ပင် လိုအပ်လျက်ရှိကြောင်း သိရသည်။

**အောင်ဝင်း(ဖျာပုံ)**

# ကျွန်းနှင့် သစ်ပင်မျိုးစုံ ဖြူးမြို့နယ်တွင် မိုးရာသီ၌ စိုက်ပျိုးမည်

**ဖြူး မေ ၁၆**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်တွင် သစ်တောသစ်ပင်များဖြင့် စိမ်းလန်းစိုပြည်စေရေးနှင့် နေ့အပူချိန်များကို အထိုက်အလျောက် ကာကွယ်နိုင်ရေးတို့ကိုရည်ရွယ်လျက် ဖြူးမြို့နယ်သစ်တောဦးစီးဌာန ညောင်ပင်သာ ပျိုးဥယျာဉ်မှ ၂၀၁၄-၂၀၁၅ ခုနှစ်အတွင်း ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ တမာ၊ တမလန်း၊ ယမနေ၊ ယူကလစ်၊ သင်္ကန်း၊ မလေးရှားပိတောက် စသည့် သစ်မျိုးစုံကို မျိုးစေ့ချ ပျိုးထောင်စိုက်ပျိုးခဲ့ရာ ယခုအချိန်တွင် အောင်မြင်ဖြစ်ထွန်းလျက်ရှိသဖြင့် မိုးရာသီတွင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ဖြူးမြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် ယခုနှစ်မိုးရာသီတွင် ကျွန်း ၊ ပျဉ်းကတိုးနှင့် သစ်ပင်မျိုးစုံ ၇၅၀၀၀ ကို ကျေးလက်ချင်းဆက် လမ်းများအပါအဝင် ပညာရေးဌာနမှ အခြေခံကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် ကျေးလက်ကျန်းမာရေးဆိုင်ရာအဆောက်အအုံဝင်းများ၌ ပြည်သူများနှင့်ပူးပေါင်း၍ မိုးရာသီတွင် စိုက်ပျိုးသွားရန် ဖြူးမြို့နယ်သစ်တောဦးစီးအရာရှိ ဦးမြင့်နိုင်ဦးနှင့်ဝန်ထမ်းများက ကျေးလက်အရောက် ကြိုတင်ကွင်းဆင်း၍ အသိညာပေးဟောပြောဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဖြူး-မြင့်ဦး**

# မသန်စွမ်းစစ်မှုထမ်းဟောင်းများအား မင်းဘူးမြို့၌ ထောက်ပံ့

**မင်းဘူး မေ ၁၆**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ စစ်မှုထမ်းဟောင်းအိမ်ရာနေ မသန်စွမ်းစစ်မှုထမ်းဟောင်းများနှင့် ၎င်းတို့၏မိသားစုများကို မေ ၁၃ ရက်က အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးထွန်းက ဆန် ၁၄ အိတ် ထောက်ပံ့ပေးခဲ့သည်။

အဆိုပါ အခမ်းအနားသို့ မကွေးတိုင်းစစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့မှ တာဝန်ရှိသူများနှင့် မင်းဘူးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့မှ ဥက္ကဋ္ဌနှင့် စည်းရုံးရေးကော်မတီဝင်များ တက်ရောက်ကြကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

# ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ရန်ပုံငွေပေးအပ်

**ကော့ကရိတ် မေ ၁၆**

ကရင်ပြည်နယ်ကော့ကရိတ်ခရိုင် ကော့ကရိတ်မြို့နယ် ၂၀၁၅ ခုနှစ်ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေး ပထမအကြိမ်ရန်ပုံငွေပေးအပ်ပွဲ အခမ်းအနားကို မေ ၁၄ ရက်ကအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဘုရင့်နောင်ခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင်ကော့ကရိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ခိုင်က အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်လင်းဦးက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေရရှိမှုကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများက ရန်ပုံငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

# ထန်းရွက်များကို လူနေအိမ်များ၌ အသုံးပြုမှုများပြားလာခြင်းကြောင့် ထန်းရွက်ရောင်းချသူများအဆင်ပြေ

**ငါ့သရောက် မေ ၁၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ငါ့သရောက်မြို့နယ်တွင် အပူဒဏ်ကိုကာကွယ်သည့် ထန်းရွက်များကို လူနေအိမ်များနှင့် နွားခိုရန်အတွက် တဲအိမ်များဆောက်လုပ်ရာတွင် ကျေးလက်တောရွာများ၌သာမက မြို့ပေါ်ရပ်ကွက်များပါ အသုံးပြုသူများ၍ ထန်းရွက်ရောင်းချသူများဝင်ငွေရရှိပြီး အဆင်ပြေလျက်ရှိကြောင်း သိရသည်။



ငါ့သရောက်မြို့နယ်သည် မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသတွင်ပါဝင်ပြီး နှစ်စဉ်ပူပြင်းခြောက်သွေ့သည့် ရာသီဥတုနှင့် ကြုံတွေ့ရကြောင်း၊ ယခုမိုးဦးကာလတွင်လည်း မိုးရွာသွန်းမှုမှာ ကွက်ကျားမိုးမျှသာရွာသွန်းခြင်းရှိ၍ ပူပြင်းသည့် ရာသီဥတုဒဏ်ကို ခံစားနေကြရခြင်းကြောင့် ဒေသခံပြည်သူများအနေဖြင့် အပူဒဏ်ကို ကာကွယ်သည့် ထန်းရွက်များဝယ်ယူကာ လူနေအိမ်များ ဆောက်လုပ်ခြင်း၊ နွားခိုနိုင်ရန် တဲအိမ်များ ဆောက်လုပ်ခြင်းဖြင့် ထန်းရွက်ဝယ်ယူသူ များပြားလျက်ရှိသည်။

ထိုသို့ ထန်းရွက်ဝယ်ယူသူများပြားခြင်းကြောင့် ထန်းတက်တောင်သူများနှင့် ထန်းပင်(ပိုင်ရှင်)များမှ ထန်းရွက်တစ်ရွက်လျှင် ၇၅ ကျပ် နှုန်းဖြင့် နွားလှည်းတစ်စီးစာ ထန်းရွက်အရွက်ရေ ၁၀၀ခန့် ငွေကျပ် ၇၅၀၀ ခန့် အရောင်း/အဝယ်ဖြစ်လျက်ရှိကြောင်းနှင့် ထန်းရွက်ရောင်းချသူများ ဝင်ငွေရရှိနေ၍ စီးပွားရေးအဆင်ပြေနေကြကြောင်း သိရသည်။

"ဒီနှစ်ကျွန်တော်တို့ ငါ့သရောက်မြို့နယ်မှာ မိုးရွာပြန်တော့လည်း ကွက်ကျားမိုးဆိုတော့ နေပူ တဲ့ဒဏ်ကို မြို့ရော၊ တောရွာတွေပါရှိတဲ့ ပြည်သူတွေအနေနဲ့ အရမ်းပူနေတော့ နေထိုင် ရတာ တော်တော်လေးကို ဆိုးပါတယ်၊ လူတွေတင်မကဘူး၊ တိရစ္ဆာန်တွေလည်း နေရတာမလွယ်ဘူး။ ဒါ့ကြောင့် မြို့ရော၊ တောရွာတွေက ပြည်သူတွေက ထန်းရွက်တွေ ဝယ်ပြီး လူနေအိမ်တွေနဲ့ တိရစ္ဆာန်တွေထားဖို့အတွက် နွားတင်းကုတ်တွေ ဆောက်ပြီး အပူဒဏ်ကိုကာကွယ်ပြီး နေကြရတော့ ထန်းတက်တောင်သူတွေနဲ့ ထန်းပင်(ပိုင်ရှင်)တွေ အလုပ်ဖြစ်နေကြပါတယ်" ဟု အမှတ်(၂) ဈေးကုန်းရပ်ကွက်မှ ဒေသခံပြည်သူတစ်ဦးက ပြောပြသည်။

**ရဲဝင်းနိုင်(IPRD)**

# မွေးမြူရေးကြက်ဥ အဝင်များသော်လည်း ကျေးလက်တွင် ဈေးနှုန်းကျဆင်းခြင်းမရှိ



**ရေတာရှည် မေ ၁၆**

နေ့စဉ်စားသုံးသူများပြားသည့် မွေးမြူရေးကြက်ဥများမှာ ဒေသတွင်းမွေးမြူရေးကြက်ခြံများအပြင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့မှ ရက်ခြားတစ်ခါ လာရောက်၍ ဖြန့်ဖြူးရောင်းချလျက်ရှိသော်လည်း ကျေးလက်ဒေသများ၌ ဈေးနှုန်းကျဆင်းခြင်းမရှိကြောင်း သိရသည်။ "ကျွန်တော်တို့က တောင်ကြီးကနေ ရက်ခြားရက်ခြားလိုက်ပို့ရတာ တစ်ခါပို့ရင် ကြက်ဥ သိန်းကျော်ပါတယ်။ နယ်မြို့တွေကော မြို့ကြီးတွေလည်း ပါတယ်"ဟု ၁၂ ဘီးကုန်တင်ယာဉ် မောင်းကပြောသည်။ ဈေးကွက်အရ မြို့အသီးသီးတွင် ကြက်ဥအရွယ်အစားပေါ်မူတည်ကာ တစ်လုံးလျှင် ငွေကျပ် ၈၀ နှင့် ၁၀၀ ကြားသာရှိသော်လည်း တစ်ဆင့်ခံ ပြန်လည်ရောင်းချသူများက ကျေးလက်တောရွာများ၌ တစ်လုံးလျှင် ငွေကျပ် ၁၅၀ ဖြင့် ပြန်လည်ရောင်းချ ကြသည်ကို တွေ့ရသည်။

ရေတာရှည်မြို့နယ်အတွင်း ဥစားကြက်ခြံ ၉၀ကျော်ရှိပြီး နေ့စဉ်ချက်ပြုတ်စားသုံးကြရာတွင် ကြက်ဥမှာ အလွယ်တကူချက်ပြုတ်နိုင်သောဟင်းလျာဖြစ်ခြင်းကြောင့် အရောင်းသွက်သည့် ဈေးကုန်တစ်ခုလည်း ဖြစ်သည်။ **ကိုလွင်(ဆွာ)**



မိတ္ထီလာမြို့နယ်တွင် ရေရှားပါးသည့် ကျေးရွာတစ်ရွာဖြစ်သည့် အလည်ရွာ ကျေးရွာအုပ်စု ရေငံကျေးရွာနေပြည်သူများ သောက်သုံးရေ အဆင်ပြေစွာ သုံးစွဲနိုင်ရေးအတွက် မေ ၁၁ ရက်က မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်ဦးစီးမှူးနှင့် သန္နေတပ်ဖွဲ့ဝင်များက ရေဂါလန်ပေါင်း ၄၀၀၀ ကို မီးသတ်ရေသယ်ယာဉ်နှစ်စီးဖြင့် ကျေးရွာအရောက် ဖြန့်ဝေနေစဉ်။
ချမ်းသာ(မိတ္ထီလာ)

# မြစ်သာမြစ်ကူးတံတား မြစ်သာ-၁(မင်းရွာ)နှင့် မြစ်သာ-၂(ပျားရွာ)ဖွင့်



**ဂန့်ဂေါ မေ ၁၆**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ်အတွင်း ပခုက္ကူ-ပေါက်-ထီးလင်း-ဂန့်ဂေါ လမ်းပေါ်ရှိ မြစ်သာ-၁(မင်းရွာ) မြစ်သာမြစ်ကူးတံတားနှင့် မြစ်သာ-၂ (ပျားရွာ) မြစ်သာမြစ်ကူးတံတားနှစ်စင်းတို့၏ တံတားဖွင့်လှစ်ပွဲအခမ်းအနားများကို မေ ၁၂ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

မြစ်သာ-၁(မင်းရွာ) မြစ်သာမြစ်ကူးတံတားသည် ဂန့်ဂေါမြို့နယ် မင်းရွာကျေးရွာအနီးတွင်တည်ရှိကာ နှစ်လွှာတစ်ထပ် ဘေလီတံတား အမျိုးအစားဖြစ်ပြီး မြစ်သာ-၂ (ပျားရွာ) မြစ်သာမြစ်ကူးတံတားသည် ဂန့်ဂေါမြို့နယ် ပျားကျေးရွာနှင့် အောင်မြင်ကျေးရွာတို့အကြားတွင်တည်ရှိ၍ နှစ်လွှာတစ်ထပ်ဘေလီတံတားအမျိုးအစားဖြစ်သည်။ ယင်းတံတားများ တည်ဆောက်ရေးလုပ်ငန်းကို ၂၀၁၄ ခုနှစ် စက်တင်ဘာ ၈ ရက်တွင်စတင်ခဲ့ပြီး ၂၀၁၅ ခုနှစ် မတ် ၃၁ ရက်တွင် တည်ဆောက်ရေးလုပ်ငန်းများပြီးစီးခဲ့သည်။

ယခုအခါ ယင်းလမ်းပေါ်တွင် အရှည်ပေ ၄၀၊ အကျယ် ၂၄ ပေရှိ ခေါက်ခုချောင်းဖြတ်ကျော် သံကူကွန်ကရစ်တံတားနှင့် အရှည်ပေ ၈၀၊ အကျယ် ၂၄ ပေရှိ ပေါ်လည်ချောင်းဖြတ်ကျော် သံကူကွန်ကရစ်တံတားတို့ကို ဆက်လက်ဆောက်လုပ်နေကြောင်း သိရသည်။

ယခင်က ဂန့်ဂေါမြို့နယ်အတွင်း ပခုက္ကူ-ပေါက်- ထီးလင်း- ဂန့်ဂေါလမ်းသည် မြစ်သာမြစ်ရေကျဆင်းချိန် နွေရာသီကာလ၌ မြစ်သာမြစ်ကူး ယာယီသစ်လုံးတံတားများ တည်ဆောက်ကာ နွေရာသီမော်တော်ကားလမ်း အဖြစ်သာ အသုံးပြုနိုင်ခဲ့သော်လည်း ယခုအခါ ရာသီမရွေးဖြတ်သန်းသွားလာနိုင်မည်ဖြစ်သည်။

**ကြီးမြင့်နိုင်(လှိုင်ကော်)**

# ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေး သင်တန်းဖွင့်

**နောင်ချို မေ ၁၆**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေး သင်တန်းအမှတ်စဉ် (၁/၂၀၁၅) ဖွင့်ပွဲကို မေလဒုတိယပတ်က နောင်ချိုမြို့နယ် ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးကျော်မြက အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစောနောင်က ရွေးကောက်ပွဲဆိုင်ရာလုံခြုံရေး အသိပညာပေး သင်တန်းဖွင့်ပွဲနှင့် လုံခြုံရေးကိစ္စရပ်များကို ပရိဂျက်တာဖြင့် ရှင်းလင်းဆွေးနွေးကြသည်။

အဆိုပါ သင်တန်းဖွင့်ပွဲသို့ ခရိုင်/ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ မြို့ပေါ်ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့မရဲစခန်းမှူး ဒုရဲမှူးမျိုးတင့်ခိုင်နှင့် ရဲတပ်ဖွဲ့ဝင်အရာရှိများ၊ တပ်ဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။

**(ဖဒ၁)**

# ဆေးယဉ်ပါးတီဘီဝေဒနာရှင်များအား ထောက်ပံ့

**ရန်ကုန် မေ ၁၆**

တီဘီရောဂါ တိုက်ဖျက်ရေးလုပ်ငန်းစဉ်တစ်ခုဖြစ်သော ဆေးယဉ်ပါးတီဘီရောဂါ ဝေဒနာရှင်များအား နေ့စဉ်အိမ်တိုင်ရာရောက် လိုက်လံ ဆေးတိုက်ကျွေးခြင်းနှင့် လစဉ်အာဟာရဆိုင်ရာ အစားအသောက်ပစ္စည်းများ၊ လစဉ်ထောက်ပံ့ငွေများကို မြန်မာနိုင်ငံ တီဘီရောဂါတိုက်ဖျက်ရေး(ဗဟို)၏ အစီအစဉ်ဖြင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများမှ ဆောင်ရွက်လျက်ရှိရာ မေ ၁၄ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်း နေထိုင်သူ ဆေးယဉ်ပါးတီဘီ ဝေဒနာရှင် ၄၁ ဦးအား မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီး ဌာနရုံးတွင် မြို့နယ်ကျန်းမာရေး ဦးစီးမှူး ဒေါက်တာ ဒေါ်ဥမ္မာမြင့်က တွေ့ဆုံခဲ့သည်။



ထို့အပြင် ဝေဒနာရှင်များအတွက် အာဟာရ အစားအသောက်ပစ္စည်းများနှင့် လစဉ်ထောက်ပံ့ငွေများပေးလျက်ရှိနေရာ လူနာများဘက်ကလည်း သလိပ်စစ်ခြင်းကို မှန်မှန်ပြုလုပ်ပေးကြစေလိုကြောင်း ပြောကြားကာ တစ်ဦးလျှင်ငွေကျပ် ၂၀၀၀၀ ကျော် လစဉ်ထောက်ပံ့ငွေများ ပေးအပ်သည်။

ဗဟိုမှပေးသော လစဉ်အာဟာရဆိုင်ရာ ထောက်ပံ့ပစ္စည်းများဖြစ်သည့် ကုလားပဲလုံး၊ ဆီ၊ ဆား၊ အာဟာရမုန့်များကို မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ဝေညိုနှင့် အသင်းသူများက ဝေဒနာရှင်များအား တစ်ဦးချင်းပေးအပ်ကာ လုပ်အားအကူဆောင်ရွက်ပေးကြသည်။

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**

# သီပေါ၌ ပြည်သူ့ကျန်းမာရေးဌာနဝန်ထမ်းများ ကျေးလက်ဒေသကွင်းဆင်းကုသပေး

**သီပေါ မေ ၁၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တွဲဖက်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန(လားရှိုး) ဒေါက်တာသံလွင်ထွန်း၊ သီပေါမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဆေးရုံအုပ်ဆရာဝန်ကြီး ဒေါက်တာနန်းရှုပဟန်နှင့် ကျန်းမာရေးဝန်ထမ်းများသည် မေ ၁၃ ရက်က နောင်အန်ကျေးလက်ကျန်းမာရေးဌာနအောက်ရှိ ပန်ညုကျေးရွာသို့ကွင်းဆင်းပြီး ပြည်သူ့အကျိုးပြုကျန်းမာရေးလုပ်ငန်းများဆောင်ရွက်ကြသည်။ **(အောက်ပုံ)**

ရှေးဦးစွာ ပန်ညုကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ မြို့နယ်ကျန်းမာရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်က အမှာစကားပြောကြားပြီး မြို့နယ်ဆေးရုံအုပ်ဒေါက်တာ နန်းရှုပဟန်က ဒေသခံတိုင်းရင်းသားများ ရာသီဥတုအပြောင်းအလဲတွင် ဖျားနာမှုနည်းပါးရေးနှင့် လယ်ယာလုပ်ငန်းခွင်သို့ ဝင်ရောက်ကြတော့မည့်တောင်သူလယ်သမားများ ကျန်းမာစွာလုပ်ငန်းခွင်သို့ဝင်ရောက်နိုင်ရန် ရည်ရွယ်၍ ယခုကဲ့သို့ ကျေးရွာအရောက်ကွင်းဆင်း၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးမှုများကိုလည်းကောင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မာလာမျိုး၊ သွားဘက်ဆိုင်ရာဆရာဝန် ဒေါက်တာသက်ထွန်းအောင်၊ တီဘီရောဂါတိုက်ဖျက်ရေးအဖွဲ့ခေါင်းဆောင် ကျန်းမာရေးမှူး ဦးဇော်နိုင်နှင့်ငှက်ဖျား၊ အနာကြီးရောဂါဆိုင်ရာ တာဝန်ရှိသူများက ပညာပေးဟောပြောကြသည်။

ထို့နောက် ပန်ညု၊ ပန်မိတ်၊ နောင်အန်၊ မိုင်းလင်း၊ ကုန်းဆော့၊ နမ့်ရမ်းစသည့် ကျေးရွာများမှ ဒေသခံတိုင်းရင်းသား ၃၈၆ ဦးတို့အား ကျန်းမာရေးစစ်ဆေးကုသပေးခဲ့သဖြင့် ကျေးလက်နေပြည်သူများ ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။ **စိုင်း(သီပေါ)**



# ရေတံခွန်တောင်ခြေ မုံလယ်ဓမ္မတရားစခန်းရိပ်သာသို့ တိုင်းရင်းဆေးအခမဲ့ကုသပေး

**ပုသိမ်ကြီး မေ ၁၆**

မန္တလေးခရိုင် တိုင်းရင်းဆေးဆရာအသင်းနှင့် ပုသိမ်ကြီးမြို့နယ် တိုင်းရင်းဆေး ဆရာအသင်းတို့ ပူးပေါင်း၍ မေ ၁၃ ရက်က ပုသိမ်ကြီးမြို့နယ် ရေတံခွန်တောင်ခြေရှိ မုံလယ်ဓမ္မတရားစခန်းရိပ်သာတွင် တရားအားထုတ်လျက်ရှိသော ရဟန်း၊ သီလရှင်၊ ယောဂီများအား တိုင်းရင်းဆေးဝါးများဖြင့် အခမဲ့ကုသပေးကြသည်။

အဆိုပါအခမ်းအနားသို့ မန္တလေးခရိုင် တိုင်းရင်းဆေးဆရာအသင်းသမား ဦးသိုက်ထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်တိုင်းရင်းဆေးဆရာအသင်း ဥက္ကဋ္ဌသမားတော် ဦးကျော်ဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်တိုင်းရင်းဆေးကုဌာန ဦးစီးမှူး ဦးသစ်လွင်နှင့်ဝန်ထမ်းများက တရားအားထုတ်လျက်ရှိသော ရဟန်း၊ သီလရှင်၊ ယောဂီလူနာ ၁၅၀ ဦးအား ဒူးနာ၊ ခါးနာ၊ ထုံကျင်၊ အစာအိမ်၊ သွေးတိုး၊ ဆီးချိုရောဂါများ စမ်းသပ်ကုသပေးကြကြောင်း သိရသည်။ **အောင်ကျော်ထွန်း(ပုသိမ်ကြီး)**

# နတ်တောင်ကျေးရွာ နွေအခါသောက်သုံးရေခက်ခဲလျက်ရှိနေဆဲ

**စဉ့်ကူး မေ ၁၆**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် နတ်တောင်ကျေးရွာ ၂၀၁၅ ခုနှစ် မာလဲ-နတ်တောင်ဆည် စီမံကိန်းကြောင့် ရွာလုံးကျွတ်ပြောင်းရွှေ့ခဲ့ရပြီး နွေအခါသောက်သုံးရေအမြဲအခက်အခဲရှိနေသော ကျေးရွာတစ်ရွာဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာသည် မြေအောက်တွင်ကျောက်တုံးများ ထူထပ်စွာရှိနေခြင်းကြောင့် မြေအောက်ရေရရှိရေးအတွက် ရေတွင်းများတူးဖော်ရာတွင် အောင်မြင်မှုမရှိဘဲ ခက်ခဲမှုများရှိနေသည်။

“ဒီကျေးရွာက ဆည်စီမံကိန်း မရှိခင်က သောက်သုံးရေအခက်အခဲမရှိခဲ့ဘူး။ ရေအလုံအလောက်ရပါတယ်။ အခု ပြောင်းရွှေ့ရွာသစ်တည်တဲ့နေရာက မြေအောက်ရေရရှိဖို့မလွယ်ကူတဲ့နေရာပါ။ မြို့နယ်က တာဝန်ရှိသူတွေ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့တွေလည်း ကြိုးစားပြီး ငွေကုန်ခံတူးဖော်ပေးသော်လည်း နေရာတိုင်းမှာ တူးဖော်လို့မရပါဘူး။ တူးဖော်လို့ရတဲ့ နေရာကျတော့လည်း ရေကမကောင်းဘူး။ မသန့်ရှင်းဘူး၊ အရောင်ကလည်း ဆပ်ပြာရောင်ပေါက်နေပြီး သောက်လို့မရဘူး။ ထည့်ထားတဲ့ ရေအိုးတွေမှာလည်း အဖြူရောင်တွေ စွဲကပ်နေတာတွေ့ရတယ်။ ကြာလာရင် ဒီရေကို သောက်သုံးတဲ့လူတွေမှာ ကျန်းမာရေးညီညွတ်မှုမရှိဘဲ ဆီးကျောက်တည်ရောဂါတွေဖြစ်မှာ စိုးရတယ်။

“နွေရောက်တိုင်း ဒီရွာကလူတွေ သောက်သုံးရေအတွက် စိတ်မအေးရဘူး။ အခုလို သောက်သုံးရေလာလှူဒါန်းကြတဲ့ အလှူရှင်ပုဂ္ဂိုလ်များလာရောက်ဖြန့်ဝေမှ သောက်သုံးရေကောင်းလို့ သောက်လို့၊ သုံးလို့ရကြတယ်။ မိုးတွင်းမှာလည်း ရေကတော့ပေါပါတယ်။ သောက်လို့မရဘူး။ ဒီနှစ်က နေပူကပြင်း၊ မိုးကလည်းမရွာသေးတော့ ရွာထဲက ဘုံဘိုင်တွင်းတွေ ရေနည်းပြီးခန်းခြောက်မှုတွေ ကြုံနေရတယ်”ဟု အဆိုပါကျေးရွာနေသူတစ်ဦးက ပြောသည်။

**ဝင်းမောင်(စဉ့်ကူး)**

စာပေမြင့်မှ လူမျိုးတင့်မည်

## ပုပ္ပားတောင်ကလပ်၌ သောက်သုံးရေသွယ်ယူရေးဆောင်ရွက်နေ

**ကျောက်ပန်းတောင်း မေ ၁၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်ရှိ ပုပ္ပားတောင်ကလပ်သည် မြန်မာပြည်အလယ်ပိုင်းဒေသ၏ အထင်ကရနေရာတစ်ခုဖြစ်ပြီး ဘာသာရေးဆိုင်ရာ ရိုးရာယုံကြည်မှုများကြောင့် နှစ်စဉ်ပြည်တွင်းပြည်ပဘုရားဖူးများဖြင့် စည်ကားသောနေရာလည်းဖြစ်သည်။

ပြည်တွင်းပြည်ပဘုရားဖူးများလာရောက်မှုများသည့် နေရာဖြစ်ပြီး ဘုရားဖူးများကို အမှီပြု၍ စျေးရောင်းသောဒေသခံများလည်း နှစ်စဉ်တိုးတက်များပြားလာလျက်ရှိရာ မိုးရာသီကာလတွင်သောက်သုံးရေအဆင်ပြေသော်လည်း နွေရာသီကာလရောက်တိုင်း ဘုရားဖူးပြည်သူများနှင့် ဒေသခံများအတွက် သောက်သုံးရေခက်ခဲမှုများဖြစ်ပေါ်နေသဖြင့် တောင်ကလပ်ဂေါပကအဖွဲ့နှင့် ရပ်မိရပ်ဖများစုပေါင်း၍ သောက်သုံးရေရရှိရေး စီစဉ်ဆောင်ရွက်နေခြင်းဖြစ်သည်။

သောက်သုံးရေရရှိရေးအတွက် တောင်ကလပ်အောက် နှစ်မိုင်ကျော်အကွာရှိ ချောင်းဖျားကျေးရွာ၌ လေးလက်မစက်ရေတွင်းတစ်တွင်းတူးဖော်ပြီး တောင်ကလပ်သို့ ရေတင်ပို့မည်ဖြစ်ကြောင်း၊ ရေသွယ်ယူနိုင်ရေးနှင့် လျှပ်စစ်မီးရရှိရေးတို့အတွက် ခန့်မှန်းကုန်ကျငွေမှာ စုစုပေါင်းငွေကျပ်သိန်း ၁၀၀၀ ကျော်ခန့်ရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။ ယခုအခါ လေးလက်မစက်ရေတွင်းတူးဖော်မှုပြီးစီးပြီဖြစ်ကာ ရေစုကန်တည်ဆောက်ခြင်း၊ ရေတင်ပန့်တပ်ဆင်ခြင်းနှင့် ရေပိုက်လိုင်းသွယ်တန်းခြင်း၊ ထရန်စဖော်မာတပ်ဆင်ခြင်းနှင့် လျှပ်စစ်မီးသွယ်တန်းခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ယခင်က တောင်ကလပ်ကျေးရွာသောက်သုံးရေကို ရေငယ်ရေထွက်မှ ရေကိုရယူသုံးစွဲခဲ့ခြင်းဖြစ်ကာ နွေရာသီကာလရောက်ပါက ရေငယ်ရေထွက်မှ ရေထွက်အားကျဆင်းလာသဖြင့် နှစ်စဉ်သောက်သုံးရေခက်ခဲမှု ကြုံတွေ့ရခြင်းဖြစ်ကြောင်း သိရသည်။

ချောင်းဖျားကျေးရွာမှ အဝီစိစက်ရေတွင်း ရေသွယ်ယူမှုလုပ်ငန်းအောင်မြင်ပြီးစီးပါက တောင်ကလပ်ကျေးရွာနေ ဒေသခံများနှင့် ဘုရားဖူးပြည်သူများအတွက် ရာသီမရွေးသောက်သုံးရေဖူလုံစွာရရှိနိုင်မည်ဖြစ်သဖြင့် သောက်သုံးရေ သွယ်ယူရေးလုပ်ငန်းအတွက် အလှူငွေထည့်ဝင်လှူဒါန်းလိုပါက တောင်ကလပ် ဂေါပကအဖွဲ့ရုံး ဖုန်း-၀၉-၂၂၂၀၉၉၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**နေအောင်**(iprd)

## ကျိုက်ထီးရိုးတောင်ပေါ်၌ ရေရှားလာသဖြင့် ရေသုံးစရိတ် သုံးဆခန့်မြင့်တက်နေ



**ကျိုက်ထို မေ ၁၆**

မြန်မာနိုင်ငံ၏ ခရီးသွားလာရန် အကောင်းဆုံးနေရာငါးခုတွင် တစ်ခုအပါအဝင်အဖြစ် နိုင်ငံတကာခရီးသွားအဖွဲ့အစည်းများ၏ သတ်မှတ်ခြင်းခံရပြီး တစ်နှစ်ပတ်လုံး ဘုရားဖူးလာရောက်မှုရှိသည့် ကျိုက်ထီးရိုးစေတီတော်အနီးဝန်းကျင်ရှိ စျေးဆိုင်ခန်းများမှာ သောက်သုံးရေရှားပါးမှု စတင်ဖြစ်လာပြီး ရေအသုံးပြုမှုအတွက် ကုန်ကျစရိတ်မှာ ယခင်ထက် သုံးဆခန့်မြင့်တက်လာကြောင်း ကျိုက်ထီးရိုးရင်ပြင်ပေါ်ရှိ စျေးဆိုင်ပိုင်ရှင်များ၏ ပြောကြားချက်အရ သိရသည်။

"အရင်က ရေကိုတောင်ပေါ်မှာတင် ရေတင်စနစ်နဲ့ ရေတစ်စည်ကို ငွေကျပ်လေးရာနှုန်းနဲ့ ဆိုင်အရောက်ပေးဝေတာပါ။ အခုနှစ်တော့ ၆ မိုင်ခွဲ ရေဆိပ်ကနေ တောင်တက်ကားတွေနဲ့ သယ်ယူနေရတယ်။ ဒါကြောင့် ရေတစ်စည်ကို ငွေကျပ် ၁၂၀၀ လောက် ကုန်ကျပါတယ်"ဟု ကျိုက်ထီးရိုးတောင်တော်ပေါ်ရှိ တောင်တက်ကားဂိတ်အနီး၌ ဖွင့်လှစ်ထားသည့် စျေးဆိုင်ပိုင်ရှင်တစ်ဦးက ပြောသည်။

ကျိုက်ထီးရိုးတောင်ပေါ်ရှိ ရေရရှိသောနေရာများတွင် ရေခန်းခြောက်မှုများဖြစ်နေသဖြင့် လောလောဆယ်တွင် ၆ မိုင် ၂ ဖာလုံခန့်တွင်ရှိသော စခန်းလေးဘုရားအနီးရှိ ရေချောက်မှ ကျဆင်းလာသောရေကို ရသေ့တောင်ဘုရားအနီးရှိ ကန်အတွင်းမှ ခပ်ယူကြပြီး တောင်တက်ကားများဖြင့် ရေသယ်ယူရောင်းချနေကြောင်း သိရသည်။ ယခုနှစ်တွင် အပူရှိန်မြင့်မားမှုကြောင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများ၌ မြေအောက်ရေနှင့် ကန်ရေများခန်းခြောက်ပြီး အသစ်တူးဖော်ခြင်းများကို ပြုလုပ်နေကြရကာ ယခုအခါ ကျိုက်ထီးရိုးတောင်ပေါ်တွင်ပါ ရေရှားပါးမှုနှင့် ကြုံတွေ့လာရခြင်းဖြစ်သည်။

ယခုကဲ့သို့ ရေခန်းခြောက်မှုများမဖြစ်စေရန်နှင့် ကျိုက်ထီးရိုးဘုရားနယ်မြေ၏ ယဉ်ကျေးမှုမပျက်စီးစေရန်အတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်ရန်၊ တောင်တက်ကားများကို စည်းကမ်းကြပ်မတ်ခြင်းများ ပြုလုပ်ရန်၊ ဘုရားပေါ်ရှိအလှူခံများအနေဖြင့် ခြိမ်းခြောက်အလှူခံခြင်းသဘောဆောင်သော စကားများကိုမပြောဆိုကြရန် ထိန်းသိမ်းဆောင်ရွက်သင့်ကြောင်း ကျိုက်ထိုမြို့တွင် ၂၅ နှစ်ကြာနေထိုင်ခဲ့သူ သတင်းစာဆရာတစ်ဦးက သုံးသပ်ပြောဆိုသည်။

ကျိုက်ထီးရိုးဘုရားသည် ကျိုက်ထိုမြို့မှ တောင်ပေါ်ခရီး ခုနစ်မိုင်ကျော်အကွာတွင်ရှိပြီး ဘုရားတည်ရှိခြင်းကြောင့် ခရီးသွားလုပ်ငန်းတိုးတက်ကာ ကျိုက်ထိုမြို့ပါ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ ကျိုက်ထီးရိုးဘုရားသို့ အိမ်နီးချင်းထိုင်းနိုင်ငံအပါအဝင် နိုင်ငံတကာခရီးသွားများ လာရောက်လည်ပတ်ဘုရားဖူးကြသည့်အပြင် မြန်မာနိုင်ငံ၏ တန်ခိုးအကြီးဆုံးဘုရားတစ်ဆူလည်းဖြစ်သောကြောင့် ပြည်တွင်းခရီးသွားများအနေဖြင့်လည်း နှစ်စဉ်သန်းချီလာရောက်သည့် နေရာဖြစ်သည်။

**ဇင်လင်းထက်(စလင်း)**

## အပူဒဏ်ကာကွယ်ရေးနှင့် ကျန်းမာရေးဆိုင်ရာများ အသိပညာပေး ဟောပြောပွဲကျင်းပ

**မြို့သစ် မေ ၁၆**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ရုံးတိုင်မြောင်ကျေးရွာ၌ အပူဒဏ်ကာကွယ်ခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာများ အသိပညာပေးဟောပြောပွဲကို မြို့နယ်ကျန်းမာရေးဦးစီးဌာန အမျိုးသမီးရေးရာအဖွဲ့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများပူးပေါင်း၍ မေ ၁၄ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် နင်းကြမ်းကျေးရွာ ကျေးလက်ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူး ဦးနေလင်းအောင်က သွေးလွန်တုပ်ကွေးရောဂါအကြောင်း၊ မြို့သစ်မြို့နယ် အနာကြီးရောဂါတိုက်ဖျက်ရေးဦးစီးဌာနမှ ဦးမင်းအောင်က အရေပြားရောဂါအကြောင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဦးသန့်ဇော်မြင့်က အပူဒဏ်ကာကွယ်ရေးနှင့် အထွေထွေကျန်းမာရေးဆိုင်ရာ အသိပညာဗဟုသုတများအကြောင်းတို့ကို ဟောပြောခဲ့သည်။

ကျန်းမာရေးဆိုင်ရာများအပြင် မြို့သစ်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့မှ အဖွဲ့ဝင် ဦးလှထွန်းက ရွေးကောက်ပွဲဆိုင်ရာ သိကောင်းစရာများ၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်နှင်းဝေဦးက ကျေးရွာစာကြည့်တိုက်များထားရှိခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများအကြောင်းတို့ကို ဟောပြောခဲ့သည်။ ထို့နောက် မြို့ နယ်ကျန်းမာရေးဦးစီးဌာနနှင့် NGO အဖွဲ့များပူးပေါင်း၍ ဒေသခံပြည်သူများအား အခမဲ့ကျန်းမာရေးစစ်ဆေးခြင်းနှင့် ကုသပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သန်းဝင်းထွန်း(မြို့သစ်)**

**ရွှေပြည်ဟိန်းမိုးကောင်းလမ်းကွန်ကရစ်လမ်းခင်းအလှူပါဝင်လှူဒါန်းနိုင်**

ရွှေပြည်ဟိန်းဆရာတော်၏ဇာတိနယ်မြေဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်နှင့်ကျေးရွာပေါင်း (၁၀)ကျော်တို့ သွားလာမှုအဆင်ပြေ စေရန်အတွက် ထန်းကုန်းကျေးရွာမြောက် (၂)မိုင်ခန့်အကွာ ရွှေပြည်ဟိန်း တံတားမှ မိုးကောင်းရွာအထိ (၂)မိုင်ခွဲအရှည်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ကျောက်တစ်ကျင်း (၃၀၀၀ဝိ/-)၊ သဲကားတစ်စီး (၂၀၀၀ဝိ/-)၊ ဘိလပ်မြေ (၁)အိပ် ၆၀၀ဝိ/-၊ ဝဝမြေ (၁)ကျင်း ၁၅၀၀ဝိ/- ပါဝင်လှူဒါန်းကာ လမ်းတံတားအလှူရှင်အဖြစ် ခံယူနိုင်ကြပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**သီတဂူရွှေပြည်ဟိန်းစက္ခုဒါနဆေးရုံ အလင်းဒါန ပါဝင်လှူဒါန်းနိုင်**

ဧပြီလ (၂၆)ရက် (၄၆)ကြိမ်အထိ မျက်စိဝေဒနာရှင်ဦးရေ (၅၉၀၀)ပြည့် အလင်းဒါန ပြုလုပ်ပြီးဖြစ်ပါသည်။ မေလ (၂၃၊ ၂၄)ရက်တွင် ၄၇-ကြိမ်မြောက် အလင်းဒါနပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင်(၁)ဦးအတွက် ခွဲစိတ်ခြင်း အလှူတော်ငွေ ၄၀၀၀ဝိ/-ကို အလင်းဒါနအလှူရှင်အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လှူဒါန်းရန်ဌာန - **သီတဂူ ရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ၊ ရွှေပြည်ဟိန်းကျောင်း ပြည်သာယာ၊ ရန်ကင်း၊** (ကျိုက္ကဆံဂူပါဝင်း၊ တာမွေလေး၊ သံလမ်းအနီး) ဖုန်း- ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉ ရွှေဝိုတိုင်ကမ္ဘောဇဘဏ် အရှင်ခေမာသီရိလင်္ကာ၊ (AccountNo.007302007016903 01) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ကိုအောင်လှိုင်ဦး(၁၂/လကန(နိုင်)၁၃၆၆၈၂)၏ SHIP SECURITY AWARENESS FOR OTHER SHIP BOARD သည် ခရီးသွားရင်းပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၁၀၉၀၂၁

**ကမ္ဘာ့အဖိုးတန်သစ်မွှေး**

စိုက်နည်း၊ ပျိုးနည်း

တအုပ်ဆိုင်တိုင်းတွင် ဝယ်ယူနိုင်ပါသည်။

ဝင်းသစ်မွှေး 09-5117226

**သရာခန့်၏ ဝမ်းပျော့အဆီကျဆေး**

အနံ့မရှိ၊ ဝမ်းမရစ် တစ်ခါစား (၂)ကြိမ်

(မြန်မာ့ဆေးမျိုးစုံဆိုင်တိုင်းမှာမေးဝယ်)






# လာလီဂါဖလားအတွက် အပြေထုတ်မယ့် ဘာစီလိုနာ

မိုးမြင့်လင်းလက်




ရာသီကုန် လာလီဂါလက်ကျန်ပွဲစဉ်တွေကို မေ ၁၇ ရက် ညပိုင်းမှာ ဆက်ကစားတဲ့အခါ အက်သလက်တီကိုနဲ့ ကစားရမယ့် အဝေးကွင်းမှာနာမည်ကြီး ဘာစီလိုနာတို့ နိုင်ပွဲရပြီး လာလီဂါဖလားကို ကိုင်မြှောက်နိုင်မလားဆိုတာ ရင်ခုန်စရာကောင်းနေပြီဖြစ်ပါတယ်။ ဒါ့အပြင် ရီးရဲမက်ဒရစ်တို့ကလည်း ချန်ပီယံလိဂ်က ထွက်ခဲ့ရလို့ ကျားနာဖြစ်နေပြီး ပြိုင်ဘက် အက်စ်ပန်ညိုကို အပြတ်ချေမှုန်းပြီး အောင်ပွဲခံမလားဆိုတာ စိတ်ဝင်စားစရာကောင်းနေတာတော့ အမှန်ပါပဲ။

**အက်သလက်တီကိုနှင့် ဘာစီလိုနာ**

ဒီနှစ်ဘောလုံးရာသီမှာ သုံးကြိမ်ဆုံတွေ့မှုကိုကြည့်ရင် ဘာစီလိုနာတို့ချည်း နိုင်ပွဲရရှိထားပါတယ်။ နိုင်ပွဲတွေ ဆက်တိုက်ရယူနေတဲ့ ဘာစီလိုနာတို့က ချန်ပီယံလိဂ်ဗိုလ်လုပွဲလည်း တက်ရောက်ခဲ့တာမို့ အောင်ပွဲဝင်စိတ်ဓာတ်တွေ ဆူဝေနေပါတယ်။ လာလီဂါမှာ ဆိုစီဒက်၊ ကော်ဒိုဘာ၊ ဂီတာဖေး၊ အက်စ်ပန်ညိုနဲ့ ဗလင်စီယာတို့ကို နိုင်ပွဲတွေရအောင် စွမ်းဆောင်ထားတဲ့ ဘာစီလိုနာအပေါ် လာလီဂါမှာ ငါးပွဲဆက်နိုင်ပွဲ၊ သရေပွဲရအောင် အားထုတ်ကစားတဲ့ အက်သလက်တီကိုတို့က ဘယ်လို ခုခံသွားမယ်ဆိုတာ သက်သေပြတော့မှာပါ။ ဘာစီလိုနာတို့ အနိုင်မပြတ်သားပေမယ့် ကပ်ပြီးအောင်ပွဲခံသွားနိုင်ပါတယ်။

**အက်စ်ပန်ညိုနှင့် ရီးရဲမက်ဒရစ်**

အက်စ်ပန်ညိုကွင်းမှာ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲရလဒ်ကိုကြည့်ရင် တစ်ပွဲသာ သရေဖြစ်ခဲ့ပြီး ရီးရဲမက်ဒရစ်တို့ နိုင်ပွဲတွေချည်းရရှိထားပါတယ်။ လာလီဂါမှာ ရီးရဲမက်ဒရစ်ရဲ့ နောက်ဆုံးငါးပွဲကစားခဲ့မှုကိုကြည့်ရင် အိုက်ဘာအသင်းကို သရေပွဲဖြစ်ခဲ့တာကလွဲရင် ကျန်လေးပွဲစလုံး နိုင်ပွဲရထားပါတယ်။ အက်စ်ပန်ညိုတို့ကတော့ ရှုံးပွဲ၊ သရေပွဲ၊ နိုင်ပွဲတွေနဲ့ ခြေစွမ်း အတက်အကျဖြစ်နေတာမို့ အခုပွဲမှာ အခက်အခဲနဲ့ ရင်ဆိုင်ရဦးမှာဖြစ်ပါတယ်။ ချန်ပီယံလိဂ်က ထွက်ခဲ့ရလို့ ရီးရဲမက်ဒရစ်ရဲ့ စိတ်အားထက်သန်မှုက လာလီဂါဖလားအပေါ် အာရုံကျလာခဲ့တာမို့ အခုပွဲမှာ အနိုင်ရလဒ်ကလွဲပြီး တခြားဘာရလဒ်မှ ရယူမှာ မဟုတ်ပါဘူး။

**ဗလင်စီယာနှင့် ဆယ်လ်တာဗီဂို**

ဗလင်စီယာတို့ အိမ်ကွင်းမှာ ဆယ်လ်တာဗီဂိုကို နောက်ဆုံးငါးပွဲလက်ခံကစားခဲ့တဲ့ရလဒ်တွေကိုကြည့်ရင် သုံးပွဲစလုံး နိုင်ပွဲရထားပါတယ်။ ချန်ပီယံလိဂ်တိုက်ရိုက်ဝင်ခွင့်ကို မျှော်လင့်ချက်ထားနေတဲ့ ဗလင်စီယာတို့ဟာ အိမ်ကွင်းမှာ နိုင်ပွဲရရေးအားထုတ်ပါလိမ့်မယ်။ ဆယ်လ်တာဗီဂိုတို့ကလည်း နိုင်ပွဲပြန်ရနေတာမို့ ဒီပွဲမှာ ဗလင်စီယာဟာ ခက်ခဲနိုင်ပေမယ့် အနိုင်ရဖို့ အခွင့်အရေးများပါလိမ့်မယ်။

**ဆီဗီလာနှင့် အယ်လ်မီရီယာ**

ချန်ပီယံလိဂ်ဝင်ခွင့်မျှော်မှန်းထားတဲ့ ဆီဗီလာတို့ ဒီပွဲမှာ ခြေကုန်ထုတ်လာပါလိမ့်မယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးသုံးပွဲ တွေ့ဆုံမှုရလဒ်ကိုကြည့်ရင် ဆီဗီလာတို့ နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးထားပါတယ်။ ဒါပေမယ့် တန်းမဆင်းရရေး ကြိုးစားမယ့် အယ်လ်မီရီယာရဲ့ စွမ်းဆောင်မှုကြောင့် ဆီဗီလာတို့ အခက်တွေ့နိုင်ပေမယ့် အနိုင်ရမယ့်အသင်းက ဆီဗီလာဖြစ်သွားနိုင်ပါတယ်။

**ဗီလာရီးရဲနှင့် မာလာဂါ**

ယူရိုပါလိဂ်ဝင်ခွင့် ခိုင်မာနေပြီဖြစ်တဲ့ ဗီလာရီးရဲတို့က လောလောဆယ်မှာ ပုံမှန်ခြေစွမ်းရဖို့ ရုန်းကန်နေရပါတယ်။ ဒါပေမယ့် အမှတ်လိုအပ်မှုမရှိတော့တဲ့ ဗီလာရီးရဲတို့ ဒီပွဲမှာ စွမ်းဆောင်ရည်ကျဆင်းသွားနိုင်ပါတယ်။ မာလာဂါတို့ကလည်း အမှတ်လိုအပ်မှုမရှိတာမို့ အပြန်အလှန်ဖိအားပေးရင်း အဆုံးသတ်မယ့်ပွဲပါပဲ။

**အယ်လ်ချီနှင့် ဘီဘာအို**

စပိန်ဘုရင့်ဖလားဗိုလ်လုပွဲကစားရမယ့် ဘီဘာအိုအနေနဲ့ ဒီပွဲမှာ အမာခံကစားသမားတွေကို အကုန်ထုတ်သုံးမှာတော့ မဟုတ်ပါဘူး။ တန်းဆင်းဇုန်က လွတ်သွားပြီဖြစ်ပေမယ့် ရပ်တည်မှုခိုင်မာအောင် အယ်လ်ချီတို့လည်း ကြိုးစားလာဖို့ရှိနေပါတယ်။ ဒါကြောင့် အိမ်ရှင်အယ်လ်ချီတို့ အနိမ့်ဆုံးတစ်မှတ်ရအောင် အားထုတ်ပါလိမ့်မယ်။

**ဂီတာဖေးနှင့် အိုက်ဘာ**

တန်းမဆင်းရရေး ခြေကုန်ထုတ်ကြမယ့် အသင်းတွေရဲ့ တွေ့ဆုံမှုဖြစ်တာမို့ ပြိုင်ဆိုင်မှုပြင်းထန်ပါလိမ့်မယ်။ ဂီတာဖေးကွင်းမှာ နောက်ဆုံးသုံးကြိမ်ကစားခဲ့တဲ့ အိုက်ဘာတို့ရဲ့ ရလဒ်ကိုကြည့်ရင် အိုက်ဘာတို့တစ်ပွဲမှ နိုင်ပွဲမရခဲ့ပါဘူး။ ဒါပေမယ့် အခုတစ်လော အိမ်ကွင်းမှာရှုံးပွဲတွေ ဆက်တိုက်ကြုံတွေ့နေတဲ့ ဂီတာဖေးတို့ အမှတ်ခွဲယူရမယ့်ကိန်းဆိုက်သွားနိုင်ပါတယ်။ ။

# အီတလီအိုးပင်း ချန်ပီယံဖြစ်ဖို့ ရေပန်းစားနေတဲ့ ရှာရာပိုဗာ



ရုရှားတင်းနစ်မယ် ရှာရာပိုဗာဟာ အီတလီအိုးပင်းတင်းနစ် ချန်ပီယံဖြစ်ဖို့ ရေပန်းစားနေတဲ့ ကစားသမားတစ်ဦးဖြစ်ပါတယ်။ သူဟာ အီတလီအိုးပင်းချန်ပီယံဆုကို နှစ်ကြိမ်တိုင်တိုင် ဆွတ်ခူးထားနိုင်တဲ့ တင်းနစ်မယ်လည်း ဖြစ်ပါတယ်။ ရောမမြို့မှာ ကစားတဲ့ ဒီပြိုင်ပွဲမှာ ကမ္ဘာကျော်တင်းနစ်မယ်တွေ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပါတယ်။ ရှာရာပိုဗာက ဂျိုဗန်နိုစကီကို ၆-၃၊ ၆-၃နဲ့နိုင်ပြီး ကွာတားဖိုင်နယ်ပွဲသို့ တက်ရောက်နိုင်ခဲ့ပါတယ်။ မကြာသေးမီက မက်ဒရစ်အိုးပင်းဖလားကို ဆွတ်ခူးနိုင်ခဲ့တဲ့ ချက်တင်းနစ်မယ် ကေဗီတိုဗာကလည်း ယျန်ကိုဗစ်ကို ၆-၃၊ ၆-၂ နဲ့နိုင်ပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့ပါတယ်။ ရိုမေးနီးယားတင်းနစ်မယ် ဆီမိုနာလက်ကလည်း ဗီးနပ်စ်ဝီလျံကို ၆-၂၊ ၆-၁ နဲ့နိုင်ပြီး ကွာတားတက်ရောက်နိုင်ခဲ့ပါတယ်။ ကမ္ဘာ့နံပတ်တစ် တင်းနစ်မယ် ဆီရီနာဝီလျံကတော့ တံတောင်ဆစ်ထိခိုက်ဒဏ်ရာရပြီးနောက် ပြိုင်ပွဲမှ ထွက်ခဲ့ရပါတယ်။ ဆီရီနာဝီလျံဟာ ခရစ္စတီးနားနဲ့ မကစားမီ ဒဏ်ရာရခဲ့တာကြောင့် ပြိုင်ပွဲမှ ထွက်ခဲ့ရပါတယ်။ ဒီနှစ်ပြိုင်ပွဲမှာ ရှာရာပိုဗာအနေနဲ့ ဖလားဆွတ်ခူးဖို့ ရေပန်းစားနေပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်။**

# နှစ်ယောက်တစ်ယောက်လဲမယ့် ဗန်ဟားလ်ရဲ့ ဗျူဟာ

မန်ယူနည်းပြ ဗန်ဟားလ်အနေနဲ့ လာမယ့်ရာသီမှာ အင်အားတောင့်တင်းတဲ့အသင်းဖြစ်ဖို့ ကြိုးစားရာမှာ ရီးရဲမက်ဒရစ်တောင်ပံ တိုက်စစ်မှူး ဂါရက်ဘေးလ်ကို ခေါ်ယူဖို့ ဆန္ဒအလွန်ပြင်းပြနေတယ်လို့ ဆိုပါတယ်။ ဂါရက်ဘေးလ်ကိုခေါ်ယူဖို့ ဗန်ပါစီနဲ့ ဒီမာရီယာကို ရောင်းထုတ်ဖို့ ကြိုးစားနေတယ်လို့ ဆိုပါတယ်။ ဗန်ပါစီနဲ့ ဒီမာရီယာတို့ကို ရောင်းထုတ်လိုက်ခြင်းဖြင့် တစ်ပတ်လုပ်ခလစာ ပေါင် ၅၀၀၀၀၀ လောက်လည်း ပိုထွက်လာနိုင်မယ်လို့ ဆိုပါတယ်။ မန်ယူက ဒီနှစ်နွေရာသီမှာ ခေါ်ယူမယ့် ကစားသမားတွေထဲမှာ ဂါရက်ဘေးလ်ကတော့ ထိပ်တန်းဦးစားပေးနေရာမှာ ရှိနေတယ်လို့ ဆိုပါတယ်။ မန်ယူအနေနဲ့ စပိန်မှာ နှစ်နှစ်ကြာကစားခဲ့တဲ့ ဂါရက်ဘေးလ်ကို အမိအရ ပြန်လည်ခေါ်ယူမယ့် အနေအထားရှိပါတယ်။ တိုက်စစ်မှူး ဗန်ပါစီနဲ့ ဒီမာရီယာတို့ကို မန်ယူက တစ်ပတ်ပေါင် ၂၅၀၀၀၀ စီ ပေးပြီး ခေါ်ယူထားရပေမယ့် လက်ရှိရာသီမှာတော့ ခြေမပေါ်ခဲ့တဲ့အတွက် နည်းပြ ဗန်ဟားလ်က ရောင်းထုတ်သွားဖွယ်ရှိနေပါတယ်။ ချန်ပီယံလိဂ်ပြိုင်ပွဲမှထွက်ခဲ့ရတဲ့ ရီးရဲမက်ဒရစ်အသင်းအနေဖြင့် တိုက်စစ်မှူး ဂါရက်ဘေးလ်အပေါ် ဝေဖန်ပြောဆိုမှုတွေနဲ့ ရင်ဆိုင်နေရပါတယ်။ ဒီအတွက်ကြောင့်လည်း ဂါရက်ဘေးလ်အနေနဲ့ ဗန်ဟားလ်ရဲ့ ကမ်းလှမ်းချက်ကို လက်ခံပြီး မန်ယူသို့ ရောက်လာနိုင်တဲ့ အနေအထားမှာ ရှိနေပါတယ်။




# ဆီဗီလာရဲ့ ချန်ပီယံအိပ်မက် တကယ်ဖြစ်လာတော့မည်



ယူရိုပါလိဂ်မှာ ဆီဗီလာအသင်းအနေနဲ့ လက်ရှိချန်ပီယံဖလားကို ကာကွယ်နိုင်မယ့်လမ်းကြောင်းပေါ်ရောက်ရှိသွားပြီလို့ ဆိုရမှာပါ။ အကြိုဗိုလ်လုပွဲမှာ နှစ်ကျော့ပေါင်း ငါးဂိုးပြတ်နဲ့ ဖီအိုရင်တီးနားကို အနိုင်ရလိုက်တဲ့ ဆီဗီလာအသင်းဟာ ဗိုလ်လုပွဲမှာ ဒီနီပရိုအသင်းနဲ့ ကစားရမှာဖြစ်ပါတယ်။ ဒီအတွက်ကြောင့်လည်း ဆီဗီလာအသင်းရဲ့ ဖလားကာကွယ်ရေးအိပ်မက်ဟာ အမှန်တကယ်ဖြစ်လာတော့မယ်လို့ ဆိုနိုင်ပါတယ်။ ဒီနီပရိုအသင်းအနေနဲ့ အီတလီကလပ် နာပိုလီကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရပြီးနောက် ဗိုလ်လုပွဲသို့ တက်ရောက်လာခြင်းဖြစ်ပါတယ်။

ဗိုလ်လုပွဲကိုတော့ မေ ၂၇ ရက်မှာ ပိုလန်နိုင်ငံဝါဆောမြို့မှာ ကစားမှာဖြစ်ပါတယ်။ ဗိုလ်လုပွဲမှာ အနိုင်ရတဲ့အသင်းအနေနဲ့ လာမယ့်နှစ် ချန်ပီယံလိဂ်မှာ အလိုလျောက် ခြေစစ်ပွဲအောင်အသင်းဖြစ်လာမှာဖြစ်ပါတယ်။ ဆီဗီလာအသင်းဟာ လက်ရှိချန်ပီယံဖလားကို ကာကွယ်ဖို့ရေပန်းစားနေပါတယ်။ စပိန်ကလပ် ဆီဗီလာအသင်းအနေနဲ့ ဗိုလ်လုပွဲမှာ ဖလားဆွတ်ခူးနိုင်ခဲ့မယ်ဆိုရင်တော့ ယူရိုပါလိဂ်ဖလားကို နှစ်နှစ်ဆက်တိုက်ဆွတ်ခူးနိုင်တဲ့ အသင်းဖြစ်လာမှာပါ။ ဥရောပထိပ်သီးကလပ်တွေ ယှဉ်ပြိုင်ရတဲ့ ဒီပွဲမှာ နှစ်နှစ်ဆက်တိုက် ဖလားဆွတ်ခူးဖို့ဆိုတာ မလွယ်ပါဘူး။ သို့ပေမယ့် ဆီဗီလာကတော့ တကယ်ဖလားဆွတ်ခူးဖို့ ရေပန်းစားနေတဲ့ အသင်းဖြစ်ပါတယ်။



THE ALL-NEW BMW 2 SERIES ACTIVE TOURER.
MAKE EVERY DAY COUNT.
The all-new BMW 2 Series Active Tourer combines perfect combination of versatile interior, higher seating position with classic BMW dynamic performance, and yet offer plenty of comfort and space despite its compact dimensions.
Put your mind at ease with BMW Service Inclusive that cover the cost of your vehicle maintenance for 3 years and extends the statutory warranty period to 3 years.
Visit showroom or call +95 (1) 230 6133, Service Hotline: +95 (1) 230 6144.
Prestige Automobiles
bmwmyanmar.com
BMW
Sheer Driving Pleasure
The all-new BMW 2 Series Active Tourer
BMW EfficientDynamics
Less consumption. More driving pleasure.
Prestige Automobiles Co.,Ltd. The Exclusive Authorised BMW Dealer in Myanmar.
No.485, Corner of Pyay Road and Narnattaw Street, Kamayut Township, Yangon, Myanmar.
Join BMW Myanmar
www.facebook.com/BMWPAC

ရိုးမဘဏ်
ကျင့်ဝတ်မှန်ကန် ရိုးမဘဏ်

## ကမ်းနားလမ်းဘဏ်ခွဲ

ရိုးမဘဏ်လီမိတက် ကမ်းနားလမ်းဘဏ်ခွဲ၊ အမှတ်- (၁၁/၁၇)၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- (၀၁) ၃၇၃၃၆၇၊ ၃၇၃၃၆၈၊ ၃၇၃၃၇၀

## ၆၂လမ်း (မနော်ဟရီ) ဘဏ်ခွဲ

ရိုးမဘဏ်လီမိတက် ၆၂လမ်း (မနော်ဟရီ) ဘဏ်ခွဲ၊ အမှတ်- (၂၀)ဃ/၂၊ (၄)ရပ်ကွက်၊ ၆၂လမ်းနှင့်မနော်ဟရီလမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း- (၀၂) ၈၂၂၀၃၊ ၈၂၂၀၄၊ ၈၂၂၀၅၊ ၈၂၂၀၆၊ ၈၂၂၀၇၊ ၈၂၂၀၈၊ ၈၂၂၀၉၊ ၈၂၂၀၁၀

**တို့ကို (၁၄.၅.၂၀၁၅) ကြာသပတေးနေ့တွင်ဖွင့်လှစ်ပြီးဖြစ်ပါ၍ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း မိတ်ဆွေပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။**

www.yomabank.com

# မိခင်လောင်းတို့အတွက် မှာတမ်းတစ်စောင်

**ဒေါက်တာကံညွန့်**

အမှန်တော့ အာဟာရချို့တဲ့ခြင်း၊ ဗီတာမင်နှင့် သတ္တုဓာတ် ချို့တဲ့ခြင်းတို့ကြောင့် ဖြစ်ပေါ်တတ်တဲ့ ရောဂါတွေရဲ့ဒဏ်ကို အဓိကခံရသူတွေက မိခင်လောင်းနှင့်ကလေးငယ်တွေပါ။ ဖြစ်ရတဲ့အကြောင်းကလည်း တကယ်အစာအာဟာရရှားပါးလို့ဖြစ်ရတာက တစ်ကြောင်း၊ အစာအာဟာရပြည့်စုံပါလျက်နဲ့ စားရမှန်းမသိလို့ဖြစ်ရတာက တစ်ကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုနည်းပါးလို့ ဖြစ်ရတာကတစ်ကြောင်း စတဲ့ အကြောင်းကြောင်းတွေကြောင့် ဖြစ်ရတာပါ။ ဒီအချက်တွေကိုသာ ပြုပြင်ပေးနိုင်မယ်ဆိုရင် ကမ္ဘာပေါ်က သန်းပေါင်းများစွာသော ကလေးတွေနဲ့ မိခင်တွေရဲ့ကျန်းမာရေးဟာ အပြောင်းလဲကြီးပြောင်းလဲတိုးတက်လာနိုင်မယ်။

အထက်ပါစကားလုံးများမှာ ကမ္ဘာ့ကုလသမဂ္ဂနိုင်ငံတကာကလေးများ အရေးပေါ်ရန်ပုံငွေအဖွဲ့ (UNICEF) မှ ထုတ်ဝေသော စာစောင်မှကောက်နုတ်ဖော်ပြချက်ဖြစ်ပါသည်။ ယင်းစာစောင်တွင် လူ့ကျန်းမာရေးအတွက် လိုအပ်သည့်အာဟာရထဲမှ ဗီတာမင်အေ၊ ဖောလစ်အက်စစ်၊ သံဓာတ်နှင့်အိုင်အိုဒင်းဓာတ်တို့၏ အရေးကြီးပုံကို အလေးထားဖော်ပြထားပေသည်။ ယင်းဗီတာမင်နှင့် သတ္တုဓာတ် တချို့၏ ကိုယ်ခန္ဓာအတွက် လိုအပ်ချက်အနည်းငယ်မျှသာဖြစ်သော်လည်း ၎င်းဓာတ်များချို့တဲ့မှုကြောင့် လူ့ခန္ဓာကိုယ်တွင် ဖြစ်ပေါ်လာသည့် ပြောင်းလဲမှုအကျိုးဆက်တို့မှာ လူ့ဘဝကိုရောက်လာသည့် လူမမည်ကလေးငယ်များနှင့် လူသားအသိုင်းအဝိုင်းကြီးတစ်ခုလုံးကိုပါ မမျှော်လင့်လောက်အောင် ဒုက္ခရောက်စေခြင်းဖြစ်ပါသည်။

ကမ္ဘာပေါ်ရှိ ကလေးငယ်သန်းပေါင်း ၁၉၀ ခန့်သည် ဗီတာမင်အေဓာတ်ချို့တဲ့ခြင်းဝေဒနာကို ခံစားနေရပြီး ၎င်းထဲမှ တစ်နှစ်တစ်နှစ်လျှင် ကလေးငယ်ပေါင်း နှစ်သိန်းငါးသောင်းမှငါးသိန်းအထိ ပြန်လည်ကုသ၍မရအောင် မျက်စိကွယ်ရသည့်ဘဝရောက်ရသည်ဟု ဖော်ပြထားလေသည်။

လူတစ်ဦး တစ်နေ့တာအတွက် ဗီတာမင်အေဓာတ်လိုအပ်ချက်သည် ၅၀၀၀ မှ ၇၀၀၀ (I.U) မျှသာရှိလေသည်။ ပုံမှန်သွေးထဲ၌ ရှိရမည့်ပမာဏမှာ သွေးတစ်လီတာတွင် ၅၀ မှ ၇၀ (I.U) မျှသာ ဖြစ်လေသည်။ ကလေးကိုယ်ဝန်ဆောင်ချိန်တွင် မိခင်လောင်းတို့သည် ဗီတာမင်အေကိုတစ်နေ့လျှင်ယူနစ် ၅၀၀၀ သို့မဟုတ် တစ်ပတ်လျှင် ယူနစ်နှစ်သောင်း စားသုံးပေးခြင်းဖြင့် လုံလောက်နေပေသည်။ နို့တိုက်ကျွေးနေသည့် မိခင်များအတွက်လည်း ၎င်းအတိုင်းပင်ဖြစ်ပေသည်။ သို့မဟုတ် ကလေးမွေးပြီးစတွင် ယူနီဆက်မှ အခမဲ့ထုတ်ဝေပေးသည့် ယူနစ်နှစ်သိန်းပါ ဗီတာမင်အေဆေးတောင့်တစ်လုံးစားပြီး တစ်လကြာသောအခါ တစ်လုံးထပ်စားပါ။ ၎င်းနောက်တစ်လကြာပြီး နောက်လများတွင် ယူနစ် ၅၀၀၀ပါ ဗီတာမင်အေ ဆေးပြားကို တစ်နေ့တစ်လုံး ကလေးခြောက်လအရွယ်ထိစားသုံးရန် အကြံပြုထားလေသည်။

ယူနစ်နှစ်သိန်းပါ ဗီတာမင်အေဆေးပြားမှာ ဒေသန္တရကျန်းမာရေးဆေးပေးခန်းများတွင် အခမဲ့ရယူနိုင်သောဆေးဖြစ်ပါသည်။ ဗီတာမင်အေယူနစ် ၅၀၀၀ အတွက်မူ မြန်မာ့ဆေးဝါးလုပ်ငန်းမှ ထုတ်လုပ်သော အေဒီဗစ်ဆေးပြားတစ်နေ့လျှင် တစ်ခြမ်းစားသုံးခြင်းဖြင့် လုံလောက်ပါသည်။ ဘီပီအိုင်မှထုတ်လုပ်သော အေဒီဗစ်ဆေးပြားတစ်လုံးတွင် ဗီတာမင်အေယူနစ်တစ်သောင်းနှင့် ဗီတာမင်ဒီယူနစ်တစ်ထောင်ပါဝင်ပါသည်။ ဗီတာမင်အေဓာတ်သုံးစွဲမှုလွန်ကဲပါက ဆိုးကျိုးများသက်ရောက်တတ်သဖြင့် ယခုဖော်ပြသည်ထက် လွန်ကဲစွာ ပိုမိုမစားသုံးသင့်ကြောင်းလည်း သတိထားရန်လိုပေသည်။ သံဓာတ်နှင့် ဖောလစ်အက်စစ်ဓာတ်တို့သည် သွေးထဲရှိ ဟေမိုဂလိုဘင်ထုတ်လုပ်မှုအတွက် အလွန်အရေးကြီးသည့်လိုအပ်ချက်ဖြစ်ကြောင်း သိကြပြီးဖြစ်ပါသည်။ လူတစ်ဦး၏တစ်နေ့တာအတွက် သံဓာတ်လိုအပ်ချက်မှာ ၁၀ မှ ၃၀ မီလီဂရမ်မျှဖြစ်လေသည်။ သို့သော် ကမ္ဘာတစ်ဝန်းလူပေါင်းသန်း ၁၀၀၀ ကျော် သို့မဟုတ် ကမ္ဘာ့လူဦးရေ၏ ၃၀ ရာခိုင်နှုန်းခန့်မှာ သံဓာတ်ချို့တဲ့မှုကြောင့် သွေးအားနည်းသည့်ဒဏ်ကို ခံစားနေရသည်ဟု ဆိုလေသည်။

ဖောလစ်အက်စစ်မှာ လူ့ခန္ဓာကိုယ်တွင် ဖွဲ့စည်းထားသော ဆဲလ်ကလာပ်စည်းများ၏ ဖြစ်ပေါ်မှုအတွက် အရေးအကြီးဆုံး လိုအပ်ချက်ဖြစ်လေသည်။ ယင်းဆဲလ်တွင် အဓိကအစိတ်အပိုင်းဖြစ်သည့် နျူကလီးယပ်စ်ဖြစ်ပေါ်မှုအတွက်လည်းကောင်း၊ သွေးနီဥဖြစ်ပေါ်မှုအတွက်လည်းကောင်း မရှိမဖြစ်လိုအပ်သော အရာပင်ဖြစ်ပေသည်။

တချို့သုတေသီတို့၏လေ့လာချက်အရ မွေးရာပါကိုယ်အင်္ဂါချို့ယွင်းခြင်း၊ ရောဂါတချို့မှာ ဖောလစ်အက်စစ်နည်းပါးမှုကြောင့်ဖြစ်ပြီး မိခင်လောင်းများအား ကိုယ်ဝန်ဆောင်စအချိန်တွင် ဖောလစ်အက်စစ်လုံလောက်စွာတိုက်ကျွေးခြင်းဖြင့် ကာကွယ်နိုင်သည်ဟု ဆိုလေသည်။

ထို့ကြောင့် မိခင်လောင်းများသွေးအားနည်းရောဂါနှင့် ကလေးမွေးရာပါကိုယ်အင်္ဂါချို့ယွင်းမှုမှ ကာကွယ်နိုင်ရန် ကိုယ်ဝန်ဆောင်စအချိန်မှစ၍ ကလေးနို့တိုက်ချိန်ထိ သံဓာတ်နှင့်ဖောလစ်အက်စစ်ပါ ဆေးပြားများကို ပုံမှန်အစားအစာများနှင့်အတူ ထည့်သွင်းစားသုံးသင့်ပေသည်။

ယင်းအတွက် မြန်မာ့ဆေးဝါးလုပ်ငန်း (ယခင်ဘီပီအိုင်)မှ ထုတ်ဝေသောသံဓာတ်၊ ဖောလစ်အက်စစ်အပြင် ဗီတာမင်စီနှင့် ရိုင်ဘိုဖလေဗင်ဓာတ်များပါဝင်နေသော (Furamin BC)ကဲ့သို့ ဆေးပြားကို တစ်နေ့နှစ်လုံးစားသုံးခြင်းဖြင့် လုံလောက်ပါသည်။ သို့မဟုတ် သံဓာတ်ချည်းသက်သက်ပါသော ဖဲရစ်ဆာလဖိတ်ဆေးပြားတစ်နေ့နှစ်လုံးနှင့် ဖောလစ်အက်စစ်ချည်း သက်သက်ပါသော ဆေးပြား တစ်နေ့နှစ်လုံးပေါင်း၍ စားသုံးခြင်းဖြင့်လည်း လုံလောက်ပါသည်။

နောက်အရေးကြီးသော သတ္တုဓာတ်တစ်ခုမှာ အိုင်အိုဒင်းဖြစ်လေသည်။ လည်ပင်းကြီးခြင်းသည် အိုင်အိုဒင်းဓာတ်ချို့တဲ့ခြင်း၏ ပြယုဂ်ဖြစ်ပေသည်။ အရပ်ဒေသတစ်ခု၌ လည်ပင်းကြီးရောဂါရှိသူ များနေလျှင် ၎င်းဒေသ၌ အိုင်အိုဒင်းဓာတ်ချို့တဲ့နေပြီဟု ယေဘုယျအားဖြင့် ယူဆနိုင်ပါသည်။

အိုင်အိုဒင်းဓာတ် ချို့တဲ့ခြင်းကြောင့် လည်ပင်းကြီးရောဂါဖြစ်သည့်အပြင် ၎င်းထက်အရေးကြီးသော အကြောင်းတစ်ခုမှာ အိုင်အိုဒင်းချို့တဲ့သောမိခင်မှ စံမမီဉာဏ်ရည်ဉာဏ်သွေးမမီသည့် (Cretins) ခေါ် လူအန္ဓလေးများ မွေးထုတ်ခြင်းဖြစ်ပေသည်။

ကမ္ဘာတစ်ဝန်း အိုင်အိုဒင်းဓာတ် ချို့တဲ့သောဒေသတွင် နေထိုင်သူသန်းပေါင်း ၁၀၀၀ ခန့်ရှိရာ အာရှဒေသတွင် သန်းပေါင်း ၆၈၀၊ အာဖရိကတိုက်တွင် ၂၂၇ သန်း၊ တောင်အမေရိကတိုက်တွင် သန်းပေါင်း ၆၀ နှင့် ဥရောပတိုက်တွင်သန်းပေါင်း ၃၀ တို့ ဖြစ်ကြလေသည်။ ၎င်းမှာ ကမ္ဘာ့လူဦးရေစုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းခန့်ရှိလေသည်။ ၎င်းတို့အနက် လူဦးရေ ၂၂၅ သန်းမှာ လည်ပင်းကြီးရောဂါ ခံစားနေရပြီး ကလေးခြောက်သန်းခန့်မှာ လူအန္ဓများအဖြစ် မွေးထုတ်ပြီးဖြစ်လေသည်။

အရေးအကြီးဆုံး သတိထားရမည့်အချက်မှာ အိုင်အိုဒင်းဓာတ်ချို့တဲ့၍ လူအန္ဓအဖြစ်မွေးထုတ်ပြီးကလေးများမှ သာမန် လူကောင်းတစ်ယောက်ဖြစ်အောင် ဆေးဝါးကုသ၍မရတော့ဘဲ တစ်သက်လုံးလူ့အသိုင်းအဝိုင်းထဲတွင် သုံးမရသည့်လူအန္ဓအဖြစ်သာ နေထိုင်သွားရမည်ဆိုသည့်အချက်ပင် ဖြစ်ပေသည်။

ထို့ကြောင့် ယင်းအဖြစ်မှကာကွယ်ရန် ထိုကလေးများ မမွေးမီကိုယ်ဝန်ဆောင်ချိန်တွင် အိုင်အိုဒင်းဓာတ်မချို့တဲ့အောင် နေထိုင်စားသုံးကြရန်သာ အရေးကြီးပေသည်။

အကောင်းဆုံးကာကွယ်ရန်မှာ လည်ပင်းကြီးရောဂါအဖြစ်များသည့်ဒေသများတွင် မြန်မာ့ဆားလုပ်ငန်းမှ ထုတ်ဝေသော အိုင်အိုဒင်းပါသောဆားကို နေ့စဉ်ဟင်းချက်ရာတွင် ထည့်သုံးစားသောက်ခြင်းဖြစ်ပါသည်။ ၎င်းနည်းဖြင့် အိုင်အိုဒင်းဓာတ်ချို့တဲ့ခြင်းကို လုံးဝကာကွယ်နိုင်ပါသည်။

အခါအခွင့်သင့်၍ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန အာဟာရဌာနခွဲမှ ထုတ်သော မိသားစုအာဟာရစာအုပ်တွင် ဖော်ပြထားသည့် ကိုယ်ဝန်ဆောင်မိခင်တစ်ဦး၏ တစ်နေ့တာအာဟာရလိုအပ်ချက်ကို ထပ်မံဖော်ပြလိုပါသည်။ ၎င်းမှာ ကိုယ်ဝန်ဆောင်မိခင်တစ်ဦးသည် တစ်နေ့လျှင် ဆန်နို့ဆီနှစ်ဘူး၊ ဆီနှစ်ကျပ်သား၊ အသားငါးကျပ်သား သို့မဟုတ် ငါးခုနစ်ကျပ်ခွဲသား သို့မဟုတ် ပဲပြုတ်၊ ကြက်ဥ သို့မဟုတ် ဘဲဥနှစ်လုံး၊ ဟင်းရွက်စိမ်းခြောက်ကျပ်သား၊ တခြား ဟင်းသီးဟင်းရွက်ခြောက်ကျပ်သား၊ သစ်သီးတစ်လုံး၊ ငါးပိတစ်ကျပ်သား၊ သကြားသို့မဟုတ် ထန်းလျက်နှစ်ကျပ်သားနှင့် နို့ ၂၅ ကျပ်သား အနည်းဆုံးစားသုံးသင့်ကြောင်း ဖော်ပြထားပေသည်။

မြေအုတ်တို့ ပြိုလေလျှင် ကျောက်အုတ်တို့ဖြင့် ပြင်ဆင်တည်ဆောက်ရမည်ဖြစ်ပါသည်။ အနာဂတ်နိုင်ငံတော်သစ်ကြီး တည်ဆောက်ရန်အတွက် ကျန်းမာသန်စွမ်းပြီး ဉာဏ်ရည်ဉာဏ်သွေးထက်မြက်သည့် လူတော်လူကောင်းများပေါ်ပေါက်ရန် လိုအပ်ပါသည်။ ယင်းသို့မွေးထုတ်ရန် အဓိကမည်သူ့တွင် တာဝန်ရှိပါသနည်း။ သို့ဆိုလျှင် ကျွန်တော်၏ ဆောင်းပါးခေါင်းစဉ်ကို မိခင်လောင်းတို့အတွက် မှာတမ်းတစ်စောင်ဟုသာ အမည်ပေးလိုက်ချင်ပါတော့သည်။

**အာဟာရချို့တဲ့ခြင်း၊ ဗီတာမင်နှင့်သတ္တုဓာတ် ချို့တဲ့ခြင်းတို့ကြောင့် ဖြစ်ပေါ်တတ်တဲ့ ရောဂါတွေရဲ့ဒဏ်ကို အဓိကခံရသူတွေက မိခင်လောင်းနှင့်ကလေးငယ်တွေပါ။ ဖြစ်ရတဲ့အကြောင်းကလည်း တကယ်အစာအာဟာရရှားပါးလို့ဖြစ်ရတာက တစ်ကြောင်း၊ အစာအာဟာရပြည့်စုံပါလျက်နဲ့ စားရမှန်းမသိလို့ဖြစ်ရတာက တစ်ကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုနည်းပါးလို့ ဖြစ်ရတာကတစ်ကြောင်း စတဲ့အကြောင်းကြောင်းတွေကြောင့် ဖြစ်ရတာပါ**


## လက်တွဲဆောင်ရွက်နိုင်ရန်ဖိတ်ခေါ်ခြင်း

| | |
|---|---|
| Chief Engineer (ME/BE-Civil) အဆောက်အအုံ | ကျား/မ ၁ ဦး |
| Project Engineer (BE/B-Tech/AGTI-Civil)အဆောက်အအုံ | ကျား/မ ၃ ဦး |
| Project Engineer (BE/B-Tech/AGTI-Civil) လမ်း/တံတား | ကျား/မ ၃ ဦး |
| Site Engineer (BE/B-Tech/AGTI-Civil) အဆောက်အအုံ/လမ်းတံတား | ကျား/မ ၇ ဦး |
| Project Manager | ကျား ၅ ဦး |
| M&E Engineer (ME/BE-Electrical/ Mechanical) | ကျား/မ ၂ ဦး |
| QC/QS (ME/BE-Civil)အဆောက်အအုံ/လမ်းတံတား | ကျား/မ ၂ ဦး |
| Surveyar | ကျား ၃ ဦး |
| ပုံဆွဲကျွမ်းကျင် | ကျား/မ ၂ ဦး |

လျှောက်ထားသူများသည် နယ်တွင်တာဝန်ထမ်းဆောင်နိုင်သူများ ဖြစ်ရမည်။ အရည်အချင်း အတွေ့အကြုံနှင့် ကြိုးစားမှုအပေါ်မူတည်၍ ထိုက်တန်သောလစာနှင့် အကျိုးခံစားခွင့်ရှိသည်။ E-mail ဖြင့် လျှောက်ထားနိုင်သည်။

**ဆက်သွယ်ရန် - ရောနဂါးဆောက်လုပ်ရေးကုမ္ပဏီလီမိတက်**

**ဖုန်း-၀၆၇-၄၂၀၅၄၃၊ ၀၉-၂၂၀၀၉၈၉၊ ၀၉-၂၄၀၀၃၂၇**

**Email/ headoffice @ ayeyarnagar.com.**

## ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀တောင်၊ မြေကွက်အမှတ်၂၆၊ မြေကွက်တည်နေရာအမှတ် ၂၆၊ စိန်ပန်းလမ်း၊ ၁၀တောင်၊ (၁၃)ရပ်ကွက်၊ သာကေတမြို့နယ် ဦးဟန်မင်း အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား သာကေတမြို့နယ် တရားရုံး၌ ဦးကျော်မိုးနိုင်ပါ-၂မှ ၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ် ၄၄ဖြင့် ဦးဟန်မင်းပါ-၂ အား ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးရန် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီနှင့် ၂၀၁၄ ခုနှစ် တရားမဇာရီမှုအမှတ်-၁၀၁ အမိန့်တို့ တင်ပြ၍ တရားရုံးကိုယ်စား ဘိလစ် ဒေါ်တင်မေလွင် ၁၂/ဗဟန(နိုင်)၀၂၀၈၆၇မှအရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဦးနေဝင်းအောင် ၁/မညန(နိုင်)၀၈၀၇၉၈နှင့် အများသိစေရန် အသိပေးကြေညာခြင်း

လူကြီးမင်း ဦးနေဝင်းအောင်၏ ၂၄-၃-၂၀၁၅ ရက်စွဲပါစာဖြင့် ဒေါ်ငွေငွေတင့်ထံသို့ ပေးပို့သည့်ပစ္စည်းများမှာ အမွေဆိုင်ပစ္စည်းများဖြစ်သည်ဟု အကြောင်းကြားထားသည်ကို တွေ့ရှိရပါသည်။

အမွေဆိုင်ပစ္စည်းစာရင်းပါအမှတ်စဉ်(၆)တွင် ဖော်ပြထားသည့် မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိပ်တော်အုပ်စု၊ နောက်တိုးရပ်(၄/ခ)နန်းတော်ရှေ့၊ ၆၂×၆၃ လမ်းကြား ၁၉×၂၀ လမ်းကြား အမှတ်(၁၀၅/၁၄) အိမ်တောင်ဘက် ဒေါက်တာ စိန်လမင်းအိမ် မြောက်ဘက်ဟု ဖော်ပြထားသည်ကိုတွေ့ရှိရပါသည်။ အဆိုပါနေရပ်လိပ်စာမှာ အမွေဆိုင်ပစ္စည်းမဟုတ်ဘဲ ဒေါ်ငွေငွေတင့်၏ ညီမ ဒေါ်ဝင်းဝင်းအေး၏ အမည်ဖြင့် မှတ်ပုံတင်ဝယ်ယူထားသည့် မြေကွက်သာဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါမြေကွက်နှင့်ပတ်သက်၍ ဒေါ်ဝင်းဝင်းအေး မသိရှိဘဲ အခြားတစ်ဦးဦးသို့ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အခြားတစ်နည်းနည်း လွှဲပြောင်းဆောင်ရွက်ခြင်းများ မပြုလုပ်ရန် အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်အေးသီတာထွန်း** | **ဦးတိုး** |
| **(LL.B)(D.B.L)** | **(LL.B,Dip in Business Law)C.A.B.L** |
| **အထက်တန်းရှေ့နေ (စဉ်-၃၂၂၅၇)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၃၅၄၂)** |
| **ဒေါ်အိအိဖြိုး** | **၂၄-၁-၈၆** |
| **LL.B,D.I.R** | **အကွက်(ဏ-၁/၄၆)၊ စွယ်တော်လမ်းနှင့်** |
| **အထက်တန်းရှေ့နေ (စဉ်၄၂၇၂၈)** | **သရဖီလမ်းကြား၊** |
| | **၆၄×၆၅လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊** |
| | **မန္တလေးမြို့၊** |
| | **ဖုန်း-၀၉-၂၀၂၉၀၀၄၊ ၀၉-၅၁၂၇၀၄၈** |

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၇)၊ မြေကွက်အမှတ် (၂၆) မြေကွက်တည်နေရာအမှတ် (၂၆)၊ သဒ္ဒါရုံလမ်း၊ ၄၇-ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ဒေါ်နုနုသန်း(၁၂/တမန(နိုင်)၀၂၇၇၂)အမည်ပေါက် နှစ် (၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်နုနုသန်းကွယ်လွန်၍ ဦးခင်မောင်ကြီး (၁၂/တမန(နိုင်)၀၆၄၅၃၁)မှတရားဝင်ခံပွန်းတော်ဆပ်ကြောင်း ကျမ်းကျိန်လွှာနှင့် ဇနီးသေစာရင်းတင်ပြပြီး ၎င်းထံမှ GP No. ၂၉၂၀၇(၂၉-၁၀-၁၄)ဖြင့် ရရှိသူဒေါ်ဖြိုးဇာဇာလှိုင်(၁၂/ဒဂမ(နိုင်)၀၂၄၄၀၄)မှ ပိုင်ဆိုင်ကြောင်းနှင့်အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ပါကြောင်း

ညောင်လေးပင်မြို့၊ မြို့မ-၃ရပ်ကွက်၊ ရပ် ၁၅ ဖအောင်းရွာမရပ်ရှိ ဦးပိုင်အမှတ် ၁၄၀'ဃ' မြေကွက်အမှတ် ၁၉၅၊ ဧရိယာ ဧက၀ဒသမ၂၃၁၄၊ ဦးသိန်းမြင့် ပါ(၃) ဦးအမည်ပေါက် နှစ်၃၀ဂရန်မူရင်း မှတ်ပုံတင်အမှတ် DORPNO248/V/98-99 ပျောက်ဆုံးသွားပါ၍ မူလကာယကံရှင်များ ကိုယ်တိုင် မိတ္တူကူးယူခွင့် လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဦးသိန်းမြင့်၊ ဒေါ်နွဲ့နွဲ့အုန်း၊ ဒေါ်မြင့်မြင့်အုန်း**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းအများသိစေရန် ကြေညာချက်

ကျွန်တော် ဦးသန်း (၁၂/ဒပန(နိုင်)၀၀၅၅၆၉) ၏သမီးဖြစ်သူ မသန်းသန်းစိုး ( ၁၂/ဒပန(နိုင်)၀၄၃၃၅၁ ) ကိုင်ဆောင်သူသည် မိဘ၏ဆိုဆုံးမခြင်းကိုမနာခံဘဲ မိဘညီအစ်ကိုမောင်နှမများအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်၍ မိမိ၏သဘောဆန္ဒအရပြုမူသွားပါသဖြင့် ၎င်းအားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စတစ်စုံတစ်ရာကိုမျှ လက်ခံဖြေရှင်းပေးမည်မဟုတ်ပါကြောင်းကိုလည်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးသန်း
၁၂/ဒပန (နိုင်) ၀၀၅၅၆၉

# တနိုင်းချောင်းအတွင်း စက်လှေငယ်များ ချောင်းရေမြင့်တက်ချိန် စောင့်မျှော်

**တနိုင်း မေ ၁၆**

ကချင်ပြည်နယ် တနိုင်းချောင်းအတွင်းမှ စက်လှေငယ်များသည် ချောင်းရေနည်းပါး၍ ခုတ်မောင်းသွားလာမှု အဆင်မပြေသဖြင့် ချောင်းအတွင်း သိမ်းဆည်းထားကြပြီး ချောင်းရေမြင့်တက်လာမည့် အချိန်ကို စောင့်မျှော်လျက်ရှိကြောင်း သိရသည်။

တနိုင်းမြို့သည် ဟူးကောင်းချိုင့်ဝှမ်းနယ်မြေတွင်ရှိ၍ မြစ်ကြီးနားမြို့နှင့် မိုင် ၁၂၀ ခန့် ကွာဝေးပြီး သမိုင်းအထင်ကရဖြစ်စေသည့် လီဒိုလမ်းမကြီးပေါ်တွင် တည်ရှိသည်။

တနိုင်းချောင်းက တနိုင်းမြို့ကြီးကို ခါးလယ်မှဖြတ်၍ စီးဆင်းနေရာ တနိုင်းချောင်းဖြတ် ဘေလီတံတားဖြင့် ဆက်သွယ်ပေးထားသည်။

ချောင်းရေပြင်မှာ ဇူလိုင်လမှ အောက်တိုဘာလထိ ရေများမြင့်တက်သဖြင့် စက်လှေငယ်များ ကူးသန်းသွားလာမှု အဆင်ပြေကြသည်။ မိုးတွင်းကာလဖြစ်၍ ကုန်းလမ်းခရီးတွင် သွားလာမှုနည်းပါးပြီး စက်လှေများဖြင့် ကူးသန်းသွားလာကြသဖြင့် စက်လှေပိုင်ရှင်များ အဆင်ပြေကြသည်။

နိုဝင်ဘာလမှစ၍ ချောင်းရေနိမ့်ကျပြီး သဲသောင်များပေါ်ထွန်းလာသဖြင့် စက်လှေငယ်များ သွားလာမှု အခက်အခဲရှိလာကြရာ ချောင်းအတွင်း သဲသောင်ပြင်တွင် စက်လှေများကို ထားကြရသည်။ အချို့စက်လှေများကို ချောင်းအတွင်း ရေထဲတွင် ကြိုးချည်၍ သိမ်းဆည်းထားကြသည်။ ချောင်းအတွင်းရှိ သိမ်းဆည်းထားသော စက်လှေငယ်များသည် ချောင်းရေမြင့်တက်လာမည့်အချိန်ကို စောင့်မျှော်လျက်ရှိကြောင်း သိရသည်။ **ဆီမီးခုံ-နန်းရီ**



# ဘိုးဘွားရိပ်သာ ဇီဝိတဒါန ဆေးခန်းဖွင့်

**ပေါင်းတည် မေ ၁၆**

ပြည်ခရိုင် ပေါင်းတည်မြို့နယ် ဘိုးဘွားရိပ်သာတွင် ဇီဝိတဒါန ဘိုးဘွားဆေးရုံနှင့်စေတနာအခမဲ့ဆေးကုခန်းကို ၂၂-၆-၂၀၀၇ က စတင် ဖွင့်လှစ်ခဲ့ပြီး ယနေ့အထိ နိုင်ငံခြားဆေးဖြင့် တစ်ပတ်ကိုနှစ်ရက် တနင်္လာနေ့နှင့် ကြာသပတေး တိုင်းရင်းဆေးကုဌာနမှ တစ်ပတ်တွင်ဗုဒ္ဓဟူးနေ့တစ်ရက် အခမဲ့ ကူညီကုသပေးလျက်ရှိသည်။ ဆေးကုခန်းတွင် ဘိုးဘွားရိပ်သာရှိ ဘိုးဘွားများအပြင် ပြင်ပလူနာ ၅၀ နှင့် သံဃာတော် ၁၀ ပါးတို့အား အပတ်စဉ်ကုသပေးလျက်ရှိသည်။

နိုင်ငံခြားဆေးဖြင့် ကုသပါက တစ်ရက်လျှင်ပျမ်းမျှ ၂၀၀၀၀ ကျပ်နှင့် တိုင်းရင်း ဆေးဖြင့်ကုသပါက တစ်ရက်လျှင် ၅၀၀၀ ကျပ်ကုန်ကျကြောင်းသိရသည်။ အလှူငွေများ လှူဒါန်းလိုပါက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဇေယျ ၀၅၃-၃၈၀၀၅၊ ဆရာဦးဇော်မိုး ဘိုးဘွားရိပ်သာဥက္ကဋ္ဌ ၀၉-၅၃၁၀၉၃၈ ပေါင်းတည်မြို့တို့နှင့် ဆရာဦးသိန်းလွင် (နာယက) ၂၆၃ ပထမထပ်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ၀၉-၅၀၇၅၇၀၇ နှင့်ဦးသောင်းလွင် ပေါင်းတည် အသင်း ရန်ကုန်မြို့ ၀၁-၃၇၆၇၄၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **တင်ဝင်းဇော်(မင်းသားကြီး)**

# စတုတ္ထတန်းနှင့် အဋ္ဌမတန်းပြန်လည်ကုစား

**ကျိုက်ဒုံ မေ ၁၆**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကျိုက်ဒုံမြို့ အခြေခံပညာအထကကျောင်းတွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် အခြေခံပညာစတုတ္ထတန်း၊ အဋ္ဌမတန်း ကျောင်း သား ကျောင်းသူများ စာမေးပွဲဝင်ရောက်ဖြေဆိုခဲ့ရာ အဆင့်သတ်မှတ်ချက် (D) ရရှိကြောင်း ဘာသာရပ်အပေါ်မူတည်၍ အဆင့်မပြည့်မီသူများကို မေ ၁၄ ရက်မှ ၁၆ ရက်အထိ အဆင့်မမီသည့်ဘာသာရပ်များကို ပြန်လည်ဖြေဆိုကြမည်ဖြစ်သည်။ ဘာသာရပ်များကို ပြန်လည်ဖြေဆိုခွင့်ရသဖြင့် ကျောင်းသားမိဘများ အထူးဝမ်းသာလျက်ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# အချိန်နှင့်ငွေကြေးကုန်ကျမှုသက်သာခြင်းကြောင့် စက်မှုလယ်ယာစနစ်ကို တောင်သူများ စိတ်ဝင်စား

**မုံရွာ မေ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ကျွဲရဲကျေးရွာမှ တောင်သူ ဒေါ်ချိုမာ၏ နွေစပါး ၉ ဧက စိုက်ကွင်းတွင် မေ ၁၂ ရက်က မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ ခေတ်မီ ရိတ်သိမ်းခြွေလှေ့စက်ကြီးဖြင့် ရိတ်သိမ်းပေးသဖြင့် အချိန်နှင့်ငွေကြေး ကုန်ကျမှု သက်သာခြင်းတို့ကြောင့် စက်မှုလယ်ယာစနစ်ကို တောင်သူများ စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။

ရိတ်သိမ်းခြွေလှေ့စက်ကြီးဖြင့် ရိတ်သိမ်းပေးနေမှုနှင့်ပတ်သက်ပြီး "(KUBOTA-DC70G)စက်ကြီးနဲ့ ရိတ်တာ ၉ ဧကကို ၁၁နာရီပဲကြာတယ်၊ ရိတ်သိမ်းခအနေနဲ့ တစ်ဧကကို ငွေကျပ် ၄၀၀၀၀ ပဲ ကျတယ်၊ လူနဲ့ရိတ်ရင် လူအယောက် ၂၀ ရိတ် ဆိုရင် ခြောက်ရက်လောက်ကြာတယ်၊ တစ်ဧကကို ငွေကျပ် ၇၀၀၀၀ လောက်ကျတယ်၊ အခု စက်ကြီးနဲ့ရိတ်တော့ အချိန်ကုန်၊ လူကုန်၊ ငွေကုန်၊ အလေအလွင့် သက်သာတယ်၊ အမိုးအကာအောက်ကို အချိန်မီရောက်တယ်။ အဲဒီ အားသာချက်တွေကို တောင်သူတွေ သိရှိလာတဲ့အတွက် လယ်ယာသုံး စက်ပစ္စည်းတွေကို အသုံးပြုများလာတယ်လို့ပြောရမယ်"ဟု မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူးက ပြောသည်။

စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းချိန်တွင် တောင်သူများက လယ်ယာသုံး စက်ပစ္စည်းများကို စိတ်ဝင်စားမှုနည်းပါးခဲ့ပြီး ဒေသစပါးမျိုးများကို မိရိုးဖလာနွားများဖြင့် ထွန်ယက်စိုက်ပျိုးခဲ့ရာ အထွက်နှုန်းများ နည်းခြင်း၊ လုပ်သားရှားပါးခြင်း၊ အချိန်ကုန်၊ ငွေကုန်ကျမှုများခြင်းတို့ကြောင့် တောင်သူများ အဆင်မပြေဖြစ်ခဲ့ရသည်။

သီးနှံများ အထွက်နှုန်းကောင်းမွန် လာမှုနှင့်ပတ်သက်ပြီး "ကျွန်မလယ်မှာ မနှစ်က ဒေသမျိုးနဲ့ လက်မှုလယ်ယာစနစ်နဲ့ပဲစိုက်တာ၊ တစ်ဧကကို စပါးတင်း ၆၀ကနေ ၇၀ လောက်ပဲ ထွက်တယ်၊ ဒီနှစ် နွေစပါးစိုက်ရာသီမှာ စိုက်ပျိုးရေးဦးစီးဌာနက ပုလဲသွယ်စပ်မျိုးစပါးကို စက်မှုလယ်ယာဦးစီးဌာနက ရှစ်တန်းသွားကောက်စိုက်စက်နဲ့ စိုက်ခဲ့တယ်၊ အခုရိတ်သိမ်းကြတော့လည်း ခေတ်မီ ရိတ်သိမ်း ခြွေလှေ့စက်ကြီးနဲ့ ရိတ်သိမ်းတာ အဲဒီစက်ပစ္စည်းတွေကို ဈေးနှုန်းချိုချို နဲ့ငှားရမ်းလို့ရတဲ့အတွက် ကုန်ကျမှုလည်း သက်သာတယ်၊ အလေအလွင့်လည်း နည်းတယ်၊ အချိန်ကုန်လည်း သက်သာတယ်၊ အထွက်နှုန်းကလည်း တစ်ဧကကို ပျမ်းမျှ တင်း ၁၆၀လောက် ထွက်တယ်၊ သွင်းအားစုတွေအတွက် ကုန်ကျတယ်ဆိုပေမယ့် အလေအလွင့်နည်းပါးပြီး ကုန်ကျစရိတ်သက်သာတဲ့အတွက် တွက်ချေကိုက်ပါတယ်"ဟု တောင်သူဒေါ်ချိုမာက ပြောသည်။

အဆိုပါ ရိတ်သိမ်းခြွေလှေ့ရာသို့ ကျွဲရဲကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာတို့မှ တောင်သူ ၅၀ခန့်တို့ လာရောက် လေ့လာခဲ့ကြောင်းနှင့် ပုလဲသွယ် စပ်မျိုးစပါး စိုက်ပျိုးသော အဆိုပါ နွေစပါး လယ် ၉ ဧကတွင် တစ်ဧက ပျမ်းမျှ တင်း ၁၆၀ ထွက်ရှိကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**



အမရပူရမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနသည် မိုးပွင့်အထူးစီမံချက်ဖြင့် နတ်ရေကန်ကျေးရွာအုပ်စု ဖျောက်ဆိတ်ကုန်းကျေးရွာ အနန္တမေတ္တာဓမ္မာရုံ၌ မေ ၉ ရက်က နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ အခမ်းအနားကို ကျင်းပရာ မန္တလေးခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စိန်ထွန်းက ပြည်သူ ၃၄၂ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို လက်ဝယ်အရောက် ပေးအပ်စဉ်။ **(မြို့နယ် ပြန်/ဆက်)**


## အများသိစေရန်ကြေညာချက်

ဒေါ်စွက်တီ ၁၂/ရကန(ပြု)၀၀၀၀၁၉ ၏လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်သည်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ၁၁ ရပ်ကွက်၊ စိုက်ပျိုးရေးပဒေသာလမ်း၊ အမှတ်(၄/၂/၆၆)ဟုခေါ်တွင်သော မြေကွက်အပါအဝင် ပေ၂၀×ပေ၅၀ မြေကွက်၊ ၅၆ပေ×၆၅ပေ မြေကွက်များကို လက်ရှိပိုင်ဆိုင်နေထိုင်သူဖြစ်ပါသည်။ ဒေါ်စွက်တီ၏ခင်ပွန်း ဦးခေတ်လာသည် ၃၀-၅-၂၀၀၇ရက်တွင် ကွယ်လွန်ပြီးသားသမီး(၈)ဦး ကျန်ရှိပါသည်။ ဒေါ်စွက်တီသည် ခင်ပွန်းကွယ်လွန်ပြီးနောက် ဒေါ်စွက်တီပိုင်ဆိုင်သည့် မြေကွက်များကို မည်သည့်သားသမီးတစ်ဦးတစ်ယောက်ကိုမျှ အမွေခွဲဝေပေးခြင်းမရှိပါ။ ဒေါ်စွက်တီပိုင်ဆိုင်သော မြေကွက်များအတွင်းသို့ မည်သည့်သားသမီးတစ်ဦးတစ်ယောက်ကိုသော်လည်းကောင်း၊ အခြားမည်သူတစ်ဦး တစ်ယောက်ကိုသော်လည်းကောင်း၊ ဝင်ရောက်ကျူးကျော်အိမ်ဆောက် လုပ်နေထိုင်ခြင်း မပြုရန်တားမြစ်ပါသည်။ လိုက်နာခြင်းမရှိဘဲ ကျူးကျော်ဝင်ရောက်အိမ်ဆောက်လုပ်ပါက ဆောက်လုပ်သူ၏ တာဝန်သာဖြစ်ပြီး တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဒေါ်စွက်တီ**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအေးဝင်း(ဖျာပုံ)**
**B.Sc(Geol.).,H.G.P,R.L.,**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၄၇၂၁)**
**၄၉/၇၅၆၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၃၀၇၈၇၂၂**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ၂၂ရပ်ကွက်၊ ရွှေလင်ဗန်း ၂၂၊ မြေကွက်အမှတ် ၁၁၃၄ ဟုခေါ်တွင်သော အလျား×အနံ(၄၀×၆၀)ပေအကျယ်ရှိ ခြံမြေနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်အမည်ပေါက် ပိုင်ဆိုင်သူ ဦးသာနိုအောင်(ဘ)ဦးဦးသာထွန်း ၁၂/ကတန(နိုင်)၀၀၀၇၆၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ၁၁-၅-၂၀၁၅ရက်စွဲပါ နှစ်ဦးသဘောတူအိမ်ခြံမြေအပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူကာရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် VI-၅၄၈၆/၂၀၁၅ ဖြင့်အပြီးအပိုင် လွှဲပြောင်းဝယ်ယူကာ လက်ရှိထားနေထိုင်ပိုင်ဆိုင်သူ ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုစုလှိုင် LL.B ဒေါ်တင်လဲ့လဲ့ဝင်း LL.B ဦးဇေယျာဌေးတင့် LL.B**
**တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေများ**
**ရုံး-အင်းစိန်ရှေ့နေအသင်း၊ စုပေါင်းရုံးဝင်းကြီး၊ အင်းစိန်မြို့နယ်**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/နောက်ရပ်ကွက်၊ ၈၇လမ်း၊ အမှတ် (၄၂)ဟုခေါ်တွင်သည့် နှစ်ခန်းတွဲ ရှစ်ထပ်တိုက်အဆောက်အအုံရှိ အခန်းအမှတ် သုံးလွှာ(ဘီ)ဟု ခေါ်တွင်သည့် တိုက်ခန်းနှင့်ယင်းတိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်ကို ပိုင်ဆိုင်အကျိုးခံစားခွင့်၊ ရောင်းချပိုင်ခွင့်ရှိသူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြေညာချက်ပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လှလှလွင်(စဉ်-၅၇၇၃) ဦးထွန်းထွန်းနိုင်(စဉ်-၃၅၅၃၄) ဒေါ်လဲ့လဲ့ဝင်း(စဉ်-၃၉၈၈၀)**
**ဒေါ်လွင်မာ(စဉ်-၈၉၀၉) ဒေါ်သန္တာမော်(စဉ်-၃၉၂၄၂) ဒေါ်ဆုမွန်ထက်(စဉ်-၄၁၆၀၁)**
**တရားလွှတ်တော်ရှေ့နေများ အထက်တန်းရှေ့နေများ**
**အမှတ် ၅၅(ဒုတိယထပ်)၊ အခန်း ၇၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၂၅၃၃၈၂၊ ၀၉-၅၁၂၇၁၄၄၊ ၀၉-၇၃၀၀၁၅၂၈**

## ကန့်ကွက်ရန်ရှိ/မရှိ အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မင်္ဂလာဒုံဥယျာဉ်မြို့တော်စီမံကိန်း၊ ကံ့ကော်ရိပ်သာ(၁)၊ မြေကွက်အမှတ် ၁၇၀၊ ဧရိယာစတုရန်းပေ(၁၀၀×၁၀၀)နှင့်မြေ ကွက်အမှတ် (၁၇၁)၊ ဧရိယာစတုရန်းပေ(၁၀၀×၁၀၀)၊ မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ထားသူ ဝန်ခံကတိပြုချက်အရ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် တစ်စိတ်တစ်ဒေသငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါယင်းမြေကွက်အရောင်းအဝယ်ပြုလုပ်ခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်းခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်နေ့ အထိလာရောက်ကန့်ကွက်ခြင်းမရှိပါက ယင်းမြေကွက်အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိအိမျိုး**
**အထက်တန်းရှေ့နေ LL.B**
**စဉ်-၄၀၄၆၂**
**အောင်သမာဓိအိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီ**

## သားအဖြစ်မှ စွန့်လွှတ်ခြင်း

(ဦးထွန်းခင်) ၅/ရဥန(နိုင်)၀၀၁၁၈၉-ဒေါ်နုနုဝင်း ၅/ရဥန(နိုင်)၀၀၁၁၉၅၏သားမောင်စိုးလင်းထွန်း(ခ)ဟုတ်စိန် ၅/ရဥန(နိုင်)၀၈၃၃၄၀ သည် မိခင်ကို အရှက်တကွဲအကျိုးနည်းစေရန်နှင့် ကိုယ်ထိလက်ရောက်စော်ကားမှုများရှိလာရာ ၄င်းနှင့်ပတ်သက်သောကိစ္စကို လုံးဝ(လုံးဝ)မိခင်နှင့်အစ်မ၊ ညီ၊ အစ်ကိုများမှ မသက်ဆိုင်ကြောင်းနှင့် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့်သားအဖြစ်မှ ယနေ့မှစ၍ စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မေးမြန်းခြင်းသည်းခံပါ။**
**မိခင် ဒေါ်နုနုဝင်း**
**၅/ရဥန(နိုင်)၀၀၁၁၉၅**

## နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခြင်း

ကျွန်တော် ဦးကြည်ရှိန် ၆/ရဖန(နိုင်)၀၁၆၀၁၃ နှင့် ဒေါ်လွင်လွင်ရီ(ခ)တူးတူး ၆/ရဖန(နိုင်)၀၁၅၅၅၀ တို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်တော့ပါသဖြင့် ၁၂-၅-၂၀၁၅ရက်တွင် နှစ်ဦးသဘောတူ ကွာရှင်းပြီးဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးကြည်ရှိန်**
**၆/ရဖန(နိုင်)၀၁၆၀၁၃**

## ကန့်ကွက်နိုင်ပါကြောင်းအသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရေချမ်းအိုးကျေးရွာ၊ ကွင်းအမှတ် (၆၈၁/၈)၊ ဦးပိုင်အမှတ် (လ-၂၁)၊ ဧရိယာ တစ်ဧကပေါ်ရှိ ခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဖြစ်သော ဦးကျော်ဝင်း SKG-၀၀၄၉၄၈ထံမှ ကျွန်ုပ်ဦးမောင်မောင်ကြီး ၁၂/စခန(နိုင်)၀၁၂၁၉၁နှင့်ဇနီး ဒေါ်နီလာဝင်းကျော် ၁၂/စခန(နိုင်)၀၁၀၂၂၆၊ အမှတ်(၁၈ I ) ရတနာမြိုင်လမ်း၊ (၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါခြံမြေအရောင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ တစ်လအတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ခြံမြေအရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးမောင်မောင်ကြီး ဒေါ်နီလာဝင်းကျော်**
**၁၂/စခန(နိုင်)၀၁၂၁၉၁ ၁၂/စခန(နိုင်)၀၁၀၂၂၆**
**အမှတ် (၁၈ I )ရတနာမြိုင်လမ်း၊ (၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၅၀၇၄၀၇၀၊ ၀၉-၄၃၀၇၄၀၃၅၊ ၀၈၅-၂၈၄၇၁**

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## နေပြည်တော်ပျဉ်းမနားမြို့၊ ခုတင်(၂၀၀)ဆံ့
## ပြည်သူ့ဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်ပျဉ်းမနားမြို့၊ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် လာရောက်ကုသသောလူနာများအားကုသပေးရန် လိုအပ်သောဆေးဝါးများ(FDA အသိအမှတ်ပြု)ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်သဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံစတင်ရောင်းချမည့်ရက်** - ၁၈-၅-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၆-၆-၂၀၁၅ ရက် ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များ ပစ္စည်းများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်ကို သိရှိလိုပါက အောက်ပါလိပ်စာတွင် နေ့စဉ်ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီး**
**ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး၊ နေပြည်တော်ပျဉ်းမနားမြို့**
**လယ်ဝေးလမ်းဟောင်း၊ မြင်းရတနာအနီး**
**ဖုန်း-၀၆၇-၂၄၆၆၄၊ ၀၆၇-၂၂၃၀၉**

## ဝန်ထမ်းအလိုရှိသည်

| | | |
|---|---|---|
| ၁။ | အရောင်းစာရေး | မ(၅)ဦး |
| ၂။ | အရောင်းစာရေးဘွဲ့ရ | မ(၅)ဦး |
| ၃။ | Marketing | ကျား/မ(၅)ဦး |

အမှတ်စဉ် ၁-၂အိမ်ထောင်မရှိသူ
အသက်(၃၅)နှစ်အောက်ဖြစ်ရမည်။
စိတ်ပါဝင်စားသူများ အောက်ပါလိပ်စာအတိုင်း လူကိုယ်တိုင်း လာရောက်လျှောက်ထားနိုင်ပါသည်။
အမှတ်(၁၂၀၀)သစ္စာလမ်း(၇)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ် ရန်ကုန်(ဥက္ကလပဘုရားမှတ်တိုင်အနီး)ဖုန်း-၀၉၇၃၀၀၃၁၆

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4G/5329 Toyota Kluger AC425/ S/W(4x4)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရီရီခိုင် ၁၂/တမန(နိုင်)၀၅၄၉၆၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

## ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား၊ တိုင်း(၁၁)ပုဂံနယ်အတွင်း မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်ကြီးကြပ်မှုဖြင့်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမည်နှင့်တည်နေရာ |
|---|---|---|
| က | ၀၁/တ-၁၁/မက | လေးအိမ်ဘူတာWaiting Shed တည်ဆောက်ခြင်း (ပေ၃၀×ပေ၆၀)သံလမ်းတိုင်၊ သွပ်မိုး |
| ခ | ၀၂/တ-၁၁/မက | တောင်တွင်းကြီးဘူတာ တွဲပြင်ရုံဆောက်လုပ်ခြင်း (ပေ၂၀၀×၁၂ပေ)သံလမ်းတိုင်သွပ်မိုး |
| ဂ | ၀၃/တ-၁၁/မက | အိုးပေါက်-တောင်တွင်းကြီးလမ်းပိုင်း၊ အမှတ်(၂၄၂)၊ 2'-0" R.O အား 6'-0" Span Slab တံတားအဖြစ်တည်ဆောက်ခြင်း |
| ဃ | ၀၄/တ-၁၁/မက | ဆတ်သွား-ကုက္ကိုကုန်းကြား၊ အမှတ်(၂၁၉) 1/40'-0" ကမ်းကပ်ခုံအမှတ်(၂)၊ ပြုပြင်တည်ဆောက်ခြင်း |
| င | ၀၅/တ-၁၁/မက | ဇကရာဇ်-လေ့ဝန်းကြား၊ မိုင်(၂၁၈/၁၂-၁၃)တွင် 6'-0" Span Slab တည်ဆောက်ခြင်း |

**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၁-၆-၂၀၁၅ ရက်၊ ၁၆း၃၀နာရီ
**တင်ဒါဖွင့်မည့်ရက်နှင့်အချိန်** - ၁၂-၆-၂၀၁၅ ရက်၊ ၁၀း၀နာရီ
**တင်ဒါဖွင့်လှစ်မည့်နေရာ** - မြန်မာ့မီးရထား၊ တိုင်း(၁၁)ရိပ်သာ၊ မကွေးမြို့

အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ပုံစံနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များအား ၁၂-၅-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်းအင်ဂျင်နီယာမှူး(မြို့ပြ)တိုင်းအမှတ်(၁၁) ပုဂံရုံးတွင် လာရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**အင်ဂျင်နီယာမှူး(မြို့ပြ)တိုင်း(၁၁)ပုဂံရုံး ဖုန်း-၀၉-၆၈၀၈၂၀၁၊ ၀၉-၆၅၀၂၈၉၁**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## မွန်ပြည်နယ်စာရင်းစစ်ချုပ်ရုံး
## မော်လမြိုင်မြို့
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ မွန်ပြည်နယ်စာရင်းစစ်ချုပ်ရုံးနှင့် မြို့နယ်စာရင်းစစ်ရုံးများတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း အောက်ပါလုပ်ငန်းများဆောင်ရွက်မည်ဖြစ်၍ အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်။

(၁) ညွှန်ကြားရေးမှူး အိမ်ရာဆောက်လုပ်ခြင်း ပင်မဆောင် (၄၅'×၃၆') ပေါ်တီကို (၂၆'×၂၆')RC

(၂) ချောင်းဆုံမြို့နယ် စာရင်းစစ်ရုံး (၄၂'×၃၆') ခြောက်ခန်းတွဲ တစ်ထပ်RC အိမ်ရာ တစ်လုံးဆောက်လုပ်ခြင်း (ရေ/မီးအပါအဝင်)

(၃) မုဒုံမြို့နယ်စာရင်းစစ်ရုံး (၂၆'×၃၀') နှစ်ခန်းတွဲ နှစ်ထပ် RC ဝန်ထမ်းအိမ်ရာ တစ်လုံးဆောက်လုပ်ခြင်း (ရေ/မီးအပါအဝင်)

၂။ ဒေသခံကုမ္ပဏီအား ဦးစားပေးမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း မွန်ပြည်နယ်စာရင်းစစ်ချုပ်ရုံး၊ မော်လမြိုင်မြို့သို့ ဆက်သွယ် မေးမြန်းနိုင်ပါသည်။

၃။ တင်ဒါတင်သွင်းသည့်အချိန်တွင် အဆောက်အအုံပုံစံဒီဇိုင်းနှင့်အတူ ခန့်မှန်းခြေ စာရင်းရေးဆွဲတင်ပြရမည်ဖြစ်ပါသည်။

၄။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၅-၅-၂၀၁၅ ရက် ၉း၃၀နာရီ
၅။ **တင်ဒါပိတ်မည့်ရက်** - ၅-၆-၂၀၁၅ ရက်
၆။ **တင်ဒါပိတ်မည့်အချိန်** - ၁၆း၀၀ နာရီ
၇။ **ဆက်သွယ်ရမည့်ဖုန်း** - ၀၅၇-၂၄၇၃၄

**တင်ဒါခေါ်ယူရေးကော်မတီ**
**မွန်ပြည်နယ်စာရင်းစစ်ချုပ်ရုံး**
**မော်လမြိုင်မြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကရင်ပြည်နယ်၊ လမ်းဦးစီးဌာန လက်အောက်ရှိ အထူးအဖွဲ့/ခရိုင်များမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် ပြည်ထောင်စု/ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာငွေကျပ်ဖြင့် ဝယ်ယူလိုပါသည်။

**ဝယ်ယူမည့်ပစ္စည်းအမျိုးအမည်များ**

| | | |
|---|---|---|
| ၁။ လမ်းခင်းကျောက်ရွယ်စုံ | ၂။ မြစ်ကျောက်စရစ် | ၃။ မြစ်သဲ |
| ၄။ ဘိလပ်မြေ | ၅။ သံချောင်း | ၆။ တောသစ် |
| ၇။ ကတ္တရာ | ၈။ ငါးထပ်သား | ၉။ သဲကြမ်း |
| ၁၀။ သစ်မာ | ၁၁။ သစ်မာတိုင် | ၁၂။ အုတ် |
| ၁၃။ ရေပြွန် | ၁၄။ ဖြုန်းကျောက် | ၁၅။ ဂဝံမြေ |
| ၁၆။ မြေမာ | | |

**ပစ္စည်းဝယ်ယူမည့် တည်ဆောက်ရေးအထူးအဖွဲ့/ခရိုင်များ**

၁။ လမ်းအထူးအဖွဲ့ (၁၉)ရုံး (ကော့ကရိတ်/ဘားအံမြို့) - ဖုန်း-၀၉-၈၇၃၁၅၇၆/ ၀၉-၈၃၀၁၉၇၅/၀၉-၈၆၃၀၅၇၅

၂။ လမ်းအထူးအဖွဲ့ (၂၂)ရုံး (ဘားအံမြို့သံလွင်တံတားအနီး) - ဖုန်း-၀၉-၆၅၂၀၂၀၆/ ၀၉-၈၇၃၀၉၂၁/၀၉-၈၅၉၆၀၆၅

၃။ တံတားအထူးအဖွဲ့ (၁၀)ရုံး (လှည်းကူးမြို့) - ဖုန်း-၀၁-၆၂၉၀၃၅/၀၉-၈၅၅၂၂၃၅

၄။ လမ်းဦးစီးဌာန၊ဘားအံခရိုင်ရုံး (ဘားအံမြို့) - ဖုန်း-၀၉-၇၃၇၉၀၅၄၉/ ၀၉-၄၂၅၀၀၁၈၅၈/၀၅၈-၂၁၁၄၅

၅။ လမ်းဦးစီးဌာန၊ကော့ကရိတ်ခရိုင်ရုံး- (ကော့ကရိတ်မြို့) - ဖုန်း-၀၉-၄၉၇၇၁၇၃၀/ ၀၉-၇၉၄၈၄၆၄၁၄/ ၀၅၈-၄၀၀၂၈

၆။ လမ်းဦးစီးဌာန၊ ဖာပွန်ခရိုင်ရုံး (ဖာပွန်/ဘားအံမြို့) - ဖုန်း-၀၉-၂၅၆၃၈၁၉၆၃/ ၀၉-၂၆၀၀၃၂၉၂၁/၀၉-၇၉၁၃၄၈၁၉

တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ကြော်ငြာသည့်ရက်မှစ၍ အထက်ဖော်ပြပါ ရုံးများတွင် ဝယ်ယူနိုင်ပါကြောင်းနှင့် တင်ဒါတင်သွင်းမည့်ပစ္စည်း၏ အသေးစိတ်အချက်အလက်များကို ၄င်းရုံးများတွင် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါတင်သွင်းရမည့်ရက်/အချိန်/နေရာ** - ၂-၆-၂၀၁၅ရက် (အင်္ဂါနေ့)၊ မွန်းလွဲ ၁၃း၀၀နာရီ၊ ကရင်ပြည်နယ်၊ လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး

**တင်ဒါဖွင့်မည့်ရက်/အချိန်/နေရာ** - ၂-၆-၂၀၁၅ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၃း၀၀နာရီ၊ ကရင်ပြည်နယ်၊ လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး

**ကရင်ပြည်နယ်တင်ဒါခေါ်ယူရေးနှင့်**
**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ကယားပြည်နယ်၊ စိုက်ပျိုးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကယားပြည်နယ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်မည့်စိုက်ပျိုးရေးဦးစီးဌာန၊ ဒီးမော့ဆိုမြို့နယ်(ငွေတောင်)စိုက်ပျိုးရေးသိပ္ပံကျောင်း ဓာတ်ခွဲခန်းအဆောက်အအုံ ဆောက်လုပ်ရန်အတွက် အောက်ဖော်ပြပါလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(၁)လက်တွေ့ခန်းအဆောက်အအုံ (RC) (၂)လုံး

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ကယားပြည်နယ်၊ စိုက်ပျိုးရေးဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံးတွင် ၁၅-၅-၂၀၁၅ရက်မှ စတင်ရောင်းချပေးမည်ဖြစ်ပြီး ၃၀-၅-၂၀၁၅ရက် ညနေ ၁၆း၀၀နာရီ နောက်ဆုံးထား တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ် သိရှိလိုပါက ကယားပြည်နယ်၊ စိုက်ပျိုးရေးဦးစီးဌာန၊ လွိုင်ကော်မြို့

ဖုန်း-၀၈၃-၂၁၀၄၇၊ ၀၉-၅၆၀၀၉၄၅၊ ၀၉-၅၃၆၀၁၄၅

စိုက်ပျိုးရေးသိပ္ပံကျောင်း(ဒီးမော့ဆို)ဖုန်း-၀၈၃-၄၀၁၃၀၊ ၀၈၃-၄၀၃၄၈တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**စိုက်ပျိုးရေးဦးစီးဌာန/ကယားပြည်နယ်**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

လွိုင်ကော်မြို့နယ်၊ နွားလဝိုးကျေးရွာအုပ်စု၊ အောင်သပြေကုန်းကျေးရွာနေ ဦးသန်းပြ-ဒေါ်မာဒလေးနာတို့၏သား ဦးမောင်ဟိုက် ၂/လကန(နိုင်)၀၈၇၅၁၆ သည် မိဘဆွေမျိုးများ၊ ရပ်ရွာနေ ရွာသူရွာသားများအပေါ် ရိုင်းပျစွာပြုမူဆောင်ရွက်ခြင်း၊ မိဘများ၏ ဆိုဆုံးမမှုကိုနာခံမှုမရှိခြင်း၊ မိဘများအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် မိဘဆွေမျိုးများမှ ဦးမောင်ဟိုက်အား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးသန်းပြ-ဒေါ်မာဒလေးနာ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဃ/၄၂၈၃ Toyota Mark II GX 110 SL(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်းထွန်း ၁၂/သဃက(နိုင်)၁၄၅၄၇၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ရန်ကုန်မြို့**

## ပဲခူးတိုင်းအနောက်ပိုင်းရှိ ဆည်မြောင်းဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဦးစီးဌာန ပဲခူးတိုင်းအနောက်ပိုင်းရှိ ဆည်မြောင်းဦးစီးဌာန၊ တည်ဆောက်ရေး(၂)တွင် (၂၀၁၅-၂၀၁၆)ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်၊ ဂျပန်နိုင်ငံ၏(ODA)ချေးငွေဖြင့် ဆောင်ရွက်မည့် မြောက်နဝင်းတူးမြောင်းများ ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများဆောင်ရွက်ရန်အတွက် လိုအပ်သော တည်ဆောက်ရေးပစ္စည်းများအား (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

ဝယ်ယူလိုသည့် ပစ္စည်းအမျိုးအစား၊ အရေအတွက်နှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို ညွှန်ကြားရေးမှူး၊ တည်ဆောက်ရေး(၂)ရုံး၏ ကြော်ငြာသင်ပုန်းတွင် ၁၅-၅-၂၀၁၅ ရက်မှစ၍ ကြော်ငြာထားမည်ဖြစ်ပါသည်။

**တင်ဒါထုတ်ယူနိုင်သည့်ရက်** - ၂၀-၅-၂၀၁၅ ရက်
**နောက်ဆုံးတင်သွင်းရမည့်ရက်** - ၂၄-၅-၂၀၁၅ ရက် ၁၆း၀၀ နာရီ
**တင်ဒါဖွင့်မည့်ရက်** - ၂၅-၅-၂၀၁၅ ရက် ၁၅း၀၀ နာရီ
**ဆက်သွယ်ရန်ဖုန်း** - ၀၅၃-၂၈၅၃၃
**တင်ဒါပေးပို့ရမည့်နေရာ** - ညွှန်ကြားရေးမှူးရုံး၊ ငွေစာရင်းဌာနစိတ်

တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ညွှန်ကြားရေးမှူးရုံး၊ တည်ဆောက်ရေး(၂)၊ ငွေစာရင်းဌာနစိတ်တွင် ၂၀-၅-၂၀၁၅ ရက်မှ ၂၄-၅-၂၀၁၅ ရက်အထိ ရုံးချိန်အတွင်းလာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးကော်မတီ**
**တည်ဆောက်ရေး(၂)၊ ပြည်မြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## စက်မှုနည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
## ကွန်ပျူတာတက္ကသိုလ်(ကျိုင်းတုံ)
## ပထမနှစ်အကြို Module သင်တန်းသားခေါ်ယူခြင်း

၁။ ကွန်ပျူတာတက္ကသိုလ်(ကျိုင်းတုံ)တွင် ပထမနှစ်အကြို Module သင်တန်းအား ၁-၆-၂၀၁၅ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါသဖြင့် အောက်ပါသတ်မှတ်ချက်နှင့် ကိုက်ညီသူများ မည်သူမဆို သင်တန်းတက်ရောက်ရန် လျှောက်ထားနိုင်ပါသည်-

(က) ၂၀၁၄ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူနှင့် ၂၀၁၅ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုပြီးသူများဖြစ်ရပါမည်။
(ခ) သင်တန်းသားများ၏ မိဘနှစ်ပါးစလုံးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ဂ) အကျင့်စာရိတ္တ ကောင်းမွန်သူဖြစ်ရမည်။
(ဃ) ၁-၆-၂၀၁၅ရက်တွင် (၁၉)နှစ်ထက်မကြီးသူဖြစ်ရမည်။
(င) သင်တန်းတွင် တက်ရောက်ချိန်အနည်းဆုံး ၇၅ရာခိုင်နှုန်းပြည့်မီအောင်တက်ရောက်နိုင်သူဖြစ်ရမည်။
(စ) သင်တန်းတွင် အရည်အချင်းပြည့်မီစွာ ဖြေဆိုအောင်မြင်သူများသည် ကွန်ပျူတာတက္ကသိုလ်(ကျိုင်းတုံ)၊ ၂၀၁၅-၂၀၁၆ပညာသင်နှစ်တွင် ဖွင့်လှစ်မည့် ပထမနှစ် ကွန်ပျူတာသိပ္ပံနှင့် နည်းပညာသင်တန်းသို့ ဆက်လက်ပညာသင်ကြားခွင့်ရမည်ဖြစ်ပြီး ဘွဲ့ကြိုသင်တန်းပြီးဆုံးသည်အထိ မူလတက္ကသိုလ်တွင် ဆက်လက်တက်ရောက်နိုင်သူဖြစ်ရမည်။

၂။ အထက်ဖော်ပြပါသင်တန်းအရည်အချင်းသတ်မှတ်ချက်နှင့် ကိုက်ညီသူများ အောက်ပါအစီအစဉ်အတိုင်း ကျောင်းအပ်လက်ခံသွားမည်ဖြစ်ပါသည်-

**ကျောင်းအပ်ကာလ** - ၁၅-၅-၂၀၁၅ရက်မှ ၁-၆-၂၀၁၅ရက်အထိ
**အချိန်** - နေ့စဉ် ၀၉း၀၀နာရီမှ ၁၄း၀၀နာရီ
**နေရာ** - ကျောင်းသားရေးရာဌာန၊ ကွန်ပျူတာတက္ကသိုလ်(ကျိုင်းတုံ)

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကယားပြည်နယ်စာရင်းစစ်ချုပ်ရုံးမှ ဖားဆောင်းမြို့နယ်တွင် အောက်ပါ တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ရန် တရားဝင်အသိအမှတ်ပြုလိုင်စင်ရ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| တည်နေရာ | လုပ်ငန်း |
|---|---|
| ၂။ **ကယားပြည်နယ်** | - ဖားဆောင်းမြို့နယ် စာရင်းစစ်ရုံး (၄၀×၃၂)ပေ၊ အုတ်ညှပ်တစ်ထပ်၊ |
| **ဖားဆောင်းမြို့** | - ခြောက်ခန်းတွဲ ဝန်ထမ်းအိမ်ရာ (၁၂၀×၃၅)ပေ အုတ်ညှပ်တစ်ထပ်၊ (ရေသန့်၊ လျှပ်စစ်အပါအဝင်) |
| | - ခြံစည်းရိုးကာရံခြင်း၊ |
| | - မြေထိန်းနံရံပြုလုပ်ခြင်း (ဖားဆောင်းမြို့နယ် ခန်းမနှင့်ကပ်လျက်) |

၃။ **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၂၉-၅-၂၀၁၅ ရက်

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါအတိုင်းဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

(က) **တင်ဒါခေါ်ယူရေးအဖွဲ့** - **ဖုန်း-၀၈၃-၂၃၀၃၃**
(ခ) **ကယားပြည်နယ်စာရင်းစစ်ချုပ်ရုံး၊** - **ဖုန်း-၀၈၃-၂၁၀၉၀**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၂၄ယ/၅၈၃၃၀ ယာဉ်လက်ဝယ်ရှိသူ ဒေါ်စိုးမြာ ၂/လကန(နိုင်)၀၉၁၃၆၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊**
**ကယားပြည်နယ်ရုံး (လွိုင်ကော်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၁ယ/၉၅၁၉၆ ယာဉ်လက်ဝယ်ရှိသူ ဦးလှဝင်း ၁၀/ခဆန(နိုင်)၀၅၅၄၁၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (သထုံမြို့)**

## ပြန်လည်ရှင်းလင်းအသိပေးခြင်း

ဒါရိုက်တာအဖွဲ့ Bee Healt Myanmar Co.,Ltd. အမှတ်(၃)၊ အာသောကလမ်း၊ ပြည်ထောင်စုရိပ်မွန်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၏ ၁၂-၅-၂၀၁၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ကိစ္စအား ပြန်လည်ရှင်းလင်းအသိပေးအပ်ပါသည်။လူကြီးမင်းကုမ္ပဏီ၏ ရက်စွဲမပါစာတစ်စောင်အရ ကျွန်မ ဒေါ်စိုးဥမ္မာအား ငွေကြေးထည့်ဝင်သူအဖြစ် ထုတ်ပယ်ခြင်းဆိုသည်ကိုသိရှိခဲ့ရာမြို့နယ်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများသို့ ဖြန့်ဝေကာ မိမိထည့်ဝင်ထားသော အစုရှယ်ယာအရေအတွက် ၂၀ အတွက်ငွေကြေးများအား ပြန်လည်ထုတ်ယူမည်မဟုတ်ကြောင်း ပြန်ကြားပြီးဖြစ်ပါ၍ ရည်ညွှန်းသတင်းစာပါ လူကြီးမင်း၏ အကြောင်းကြားချက်အား လိုက်နာရန် တာဝန်မရှိကြောင်းပြန်လည်အသိပေးရှင်းလင်းပါသည်။

**ဒေါ်စိုးဥမ္မာ**
**၁၂/သဃက(နိုင်)၁၀၂၁၆၇**
**ဖုန်း-၀၉-၅၂၄၂၈၆၅**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး
## (မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း)
## မန္တလေးတိုင်းဒေသကြီးမန္တလေးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ မန္တလေးတိုင်းဒေသကြီးမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရ ရန်ပုံငွေဖြင့် ဆောင်ရွက်ရန် လုပ်ငန်းများအတွက် အောက်ပါလုပ်ငန်းများအား မြန်မာနိုင်ငံ သားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

(က) စဉ့်ကိုင်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးဝင်းအတွင်း(၄)ခန်းတွဲ ဝန်ထမ်းနေအိမ် အဆောက်အအုံဆောက်လုပ်ခြင်း (၆၀'×၅၀'၊ ၁-ထပ်၊ သံကူကွန်ကရစ်)

(ခ) သပိတ်ကျင်းမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးဝင်းအတွင်း (၄)ခန်းတွဲဝန်ထမ်းနေအိမ် အဆောက်အအုံဆောက်လုပ်ခြင်း(၆၀'×၅၀'၊ ၁-ထပ်၊ သံကူကွန်ကရစ်)

(ဂ) ရမည်းသင်း-သပြေပင် ၃၃ ကေဗွီလိုင်း(၈)မိုင်နှင့် ၁၁ ကေဗွီဓာတ်အားလိုင်း(၄)မိုင်

(ဃ) ၉မီတာ၊ ၁၀ မီတာ၊ ၁၂မီတာနှင့် ကွန်ကရစ်တိုင်များ

(င) ၁၁/၀.၄ ကေဗွီ ထရန်စဖော်မာများ

(စ) ၁၁ ကေဗွီ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံဆက်စပ်ပစ္စည်းများ

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၅-၅-၂၀၁၅ ရက်

၃။ **တင်ဒါပိတ်မည့်ရက်** - ၁၅-၆-၂၀၁၅ ရက်

၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၅-၆-၂၀၁၅ ရက် ၁၆း၃၀ နာရီ

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့** ဖုန်း-၀၂-၂၄၉၆၁

**မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ အင်ဂျင်နီယာဌာန-** ဖုန်း-၀၂-၃၉၈၀၂၊ ၀၂-၃၉၈၀၃၊ ၀၂-၃၉၃၃၁၊ ၀၂-၃၉၁၆၁

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၃၃၂၄၀ Honda C90 SDX M/C ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းမြင့် ၅/ဝလန(နိုင်)၀၁၉၈၁၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

---

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၄၀ယ/၅၂၃၅၃ Honda Swopy 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ထက် ၉/ခအဇ(နိုင်)၀၅၄၃၈၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၄၂၉၂၈ Honda C 90 Custom CMV, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းရွှေ ၉/အမရ(နိုင်)၀၀၈၆၈၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ ဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

---

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ယ/၈၁၃၅၂ Kenbo CNA 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်မြင့်ဌေး ၉/မနတ(နိုင်)၀၉၄၀၉၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

---

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၆ယ/၉၃၇၃၀ Kenbo-110 ယာဉ်လက်ဝယ်ရှိသူ ဦးသန်းဆွေ ၈/တတက (နိုင်)၀၇၁၃၃၉ က (ကမ-၃) ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ၁၅ရက်အတွင်း ကညန၊ တိုင်းရုံး(မကွေး) သို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။

**ကညန၊ တိုင်းရုံး(မကွေး)**

---

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြို့ပြအိမ်ရာအဆောက်အအုံ စီမံကိန်းကို အကျိုးတူပူးပေါင်းဆောင်ရွက်မှုအခြေခံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အောက်ဖော်ပြပါနေရာ၌မြို့ပြအိမ်ရာ အဆောက်အအုံစီမံကိန်းကို အကျိုးတူပူးပေါင်းဆောင်ရွက်မှု အခြေခံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ပြည်တွင်းကုမ္ပဏီများ၊ နိုင်ငံခြားကုမ္ပဏီများ၊ ပြည်တွင်းကုမ္ပဏီနှင့်နိုင်ငံခြားကုမ္ပဏီတို့ပါဝင်သော ဖက်စပ်လုပ်ငန်းများ (Joint Ventuers)မှ တင်ဒါတင်သွင်းနိုင်ရေး ဖိတ်ခေါ်အပ်ပါသည်-

(က) မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံ၊ ပုဂံလမ်းနှင့် ဟံသာဝတီလမ်းထောင့်၊ မြေဧရိယာ၁၀ဒသမ၉၃ဧကခန့်

၂။ အဆိုပါစီမံကိန်းအတွက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက အတည်ပြုသည့်အစီအစဉ်များနှင့်အညီ တည်ဆောက်လုပ်ကိုင်ရန်ဖြစ်ပါသည်။

၃။ သက်ဆိုင်ရာစီမံကိန်းဆိုင်ရာ အချက်အလက်များကို တင်ဒါတင်သွင်းသူများ လိုက်နာရန်ညွှန်ကြားချက်များ (Instructions Tenderers)တွင် ဖော်ပြထားမည်ဖြစ်ပါသည်။

၄။ တင်ဒါများကို ငွေကြေးဆိုင်ရာအဆိုပြုလွှာနှင့် ကျွမ်းကျင်မှုနည်းပညာဆိုင်ရာ အဆိုပြုလွှာဟူ၍ စာအိတ်နှစ်ခုဖြင့် တင်သွင်းရန်နှင့် တင်ဒါတင်သွင်းသူများ လိုက်နာရန် ညွှန်ကြားချက်နှင့်အညီ ပြုစုဖော်ပြရန်ဖြစ်ပါသည်။

၅။ တင်ဒါသွင်းသူများသည် တင်ဒါဆိုင်ရာသိရှိလိုသောအချက်များကိုအင်ဂျင်နီယာဌာန(အဆောက်အအုံ) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ ရုံးချိန်အတွင်းဆက်သွယ်မေးမြန်းနိုင်ပါသည်။

၆။ တင်ဒါစာရွက်စာတမ်းများကို အထက်ဖော်ပြပါလိပ်စာ၌ ယနေ့မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါတစ်စုံလျှင် မြန်မာကျပ်ငွေ ၅၀၀၀၀(ကျပ်ငါးသောင်းတိတိ)ကို အင်ဂျင်နီယာဌာန (အဆောက်အအုံ)ရုံးတွင် ငွေသွင်းချလန်ရယူပြီး ရန်ကုန်မြို့တော်ဘဏ်၊ ငွေစာရင်းအမှတ် DY-9 သို့ ပေးသွင်း၍ဝယ်ယူနိုင်ပါသည်။ပေးသွင်းငွေအတွက် မည်သည့်အကြောင်းနှင့်မျှ ငွေပြန်အမ်းမည်မဟုတ်ပါ။

၇။ တင်ဒါများကို ၂၀၁၅ ခုနှစ် ဇွန် ၂ရက်၊ ၁၄း၀၀နာရီ မတိုင်မီအထက်ဖော်ပြပါရုံးသို့ တင်သွင်းရပါမည်။ နောက်ကျတင်သွင်းသော တင်ဒါများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၈။ မြို့ပြအိမ်ရာအဆောက်အအုံစီမံကိန်း၏ တင်ဒါများနှင့်အတူ တင်ဒါတင်သွင်းမှုအား အာမခံအဖြစ် ကျပ် ၅၀၀၀၀၀၀၀(ကျပ်သိန်းငါးရာတိတိ) Payment Order (PO)ဖြင့် တင်သွင်းရမည်ဖြစ်ပါသည်။

၉။ တင်ဒါဖွင့်လှစ်ခြင်းအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ တင်ဒါတင်သွင်းသူကိုယ်စားလှယ်များ ရှေ့မှောက်တွင် ပြုလုပ်မည်ဖြစ်ပါသည်။တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်ကို တင်ဒါတင်သွင်းသူများသို့ အကြောင်းကြားပါမည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

---

## မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ် ဒုတိယအကြိမ်မြောက် အလုပ်အမှုဆောင်သစ်ရွေးချယ်တင်မြှောက်ပွဲ

မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်၏ ဒုတိယအကြိမ်မြောက် အလုပ်အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ပွဲကို ၂၀၁၅ခုနှစ် ဩဂုတ် ၂ရက်တွင် ကျင်းပမည်ဖြစ်ပါ၍ အဖွဲ့ချုပ်၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ ရွေးချယ်တင်မြှောက်ပွဲတွင် ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံမည့်သင်္ဘောသားများကို ကော်မရှင်အနေဖြင့် ဖိတ်ခေါ်အပ်ပါသည်။

သတ်မှတ်ထားသော အရည်အချင်းနှင့်ပြည့်စုံသည့် အရွေးချယ်ခံသင်္ဘောသားကိုယ်စား လှယ်လောင်းများသည် ကော်မရှင်မှ သတ်မှတ်ထားသော အမည်စာရင်းတင်သွင်းလွှာပုံစံအား ၂၀၁၅ခုနှစ် မေ ၁၉ရက်မှစတင်၍ လာရောက်ထုတ်ယူနိုင်ပြီး ပုံစံတွင်လိုအပ်သည်များကို ဖြည့်စွက်၍ ၂၀၁၅ခုနှစ် ဇူလိုင် ၂ရက်၊ ၁၇း၀၀နာရီနောက်ဆုံးထား၍ ကော်မရှင်ရုံးသို့ လူကိုယ်တိုင် လာရောက်အကြောင်းကြားတင်ပြရပါမည်။

ဆန္ဒမဲပေးမည့်သူများသည် အဖွဲ့ချုပ်ဝင်ကတ်ပြား လက်ဝယ်ရှိရမည်ဖြစ်သောကြောင့် အဖွဲ့ချုပ်ဝင်ကတ်ပြားမထုတ်ရသေးသူများ၊ ကတ်ပျောက်၊ ကတ်ပျက်သည့်အဖွဲ့ချုပ်ဝင်များအနေဖြင့် အဖွဲ့ချုပ်ရုံးသို့ အမြန်ဆုံးဆက်သွယ်ပေးပါရန်နှင့် နှစ်စဉ်ကြေး ပေးသွင်းရန်ကျန်ရှိသည့်အဖွဲ့ချုပ်ဝင်များ နှစ်စဉ်ကြေးလာရောက်ပေးသွင်းကြပါရန် နှိုးဆော်အပ်ပါသည်။

**ရွေးချယ်တင်မြှောက်ရေးကော်မရှင်အဖွဲ့**
**ရွေးချယ်တင်မြှောက်ရေးကော်မရှင်ရုံးခွဲ**
